# မြန်မာ့နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်မှု



Photo: Renaud Egreteau

## အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များ၏ အတွေ့အကြုံများ
## ၂၀၁၁ – ၂၀၁၆

ရွှေရွှေစိန်လတ်၊ Kim N. B. Ninh၊ မီကီကျော်မြင့်၊ Susan Lee

ဧပြီလ ၂၀၁၇ ခုနှစ်

The Asia Foundation
Improving Lives, Expanding Opportunities

ဖန်တီးအိမ်
PHAN TEE EAIN
(CREATIVE HOME)

# မြန်မာ့နိုင်ငံရေးတွင်အမျိုးသမီးများပါဝင်မှု

## အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ အတွေ့အကြုံများ ၂၀၁၁-၂၀၁၆

ရွှေရွှေစိန်လတ်၊ Kim N. B. Ninh၊ မီကီကျော်မြင့်၊ Susan Lee

ဧပြီလ ၂၀၁၇ ခုနှစ်

## ကျေးဇူးတင်လွှာ

တစ်ဦးချင်းတွေ့ဆုံမေးမြန်းရာတွင်လည်းကောင်း၊ စစ်တမ်းမေးခွန်းပုံစံများကို ဖြေကြားပေးခြင်းဖြင့်လည်းကောင်း၊ ၂၀၁၅ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် ဖန်တီးအိမ်နှင့် အာရှဖောင်ဒေးရှင်း (The Asia Foundation) တို့ပူးပေါင်းစီစဉ်ခဲ့သည့် ပထမအကြိမ် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များ နှီးနှောဖလှယ်ပွဲတွင် သုတေသန ပဏာမတွေ့ရှိချက်များ တင်ပြခဲ့စဉ် အဖိုးတန်မှတ်ချက်များ အကြံပြုခြင်းဖြင့်လည်းကောင်း ဤသုတေသန လုပ်ငန်းတွင် အချိန်ပေးပါဝင်ပေးခဲ့ကြသည့်အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များကိုစာတမ်းရှင်များမှ ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်လိုပါသည်။ စာတမ်းမူကြမ်းအဆင့်ဆင့်တွင် အသုံးဝင်သောမှတ်ချက်များပေးခဲ့သည့် Eileen Pennington၊ Brenda Norris နှင့် Paul Minoletti ကိုလည်း အထူးကျေးဇူးတင်ကြောင်းဖော်ပြလိုပါသည်။ စာတမ်းတွင်အသုံးပြုထားသည့် အချက်အလက်များ တတ်နိုင်သ၍ အမှန်ကန်ဆုံးဖြစ်အောင် တိုက်ဆိုင်စစ်ဆေးရာတွင် အကူအညီပေးခဲ့သည့် လွှတ်တော်ရုံးများနှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်တို့ကိုလည်း ကျေးဇူးတင်ကြောင်းဖော်ပြလိုပါသည်။

## စာတမ်းရှင်များ

**ဒေါ်ရွှေရွှေစိန်လတ်**သည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်ပြီး ၂၀၁၅ခုနှစ်အထွေထွေရွေးကောက်ပွဲများတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူဖြစ်သည်။ လက်ရှိတွင်ပူးပေါင်းပြည်သူ့ငွေစာရင်းကော်မတီ၊ပြည်ထောင်စုလွှတ်တော်၏ အာဆီယံ ညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီ၊ အမျိုးသားလွှတ်တော်၏အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီနှင့် မြန်မာ-ပြင်သစ် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းများတွင် အဖွဲ့ဝင်ဖြစ်သည်။ ယခင်က အမျိုးသမီးစွမ်းဆောင်ရည် မြင့်တင်မှုကို ဖောက်ချဆောင်ရွက်သည့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းတစ်ခုဖြစ်သော ဖန်တီးအိမ်အဖွဲ့၏ အမှုဆောင်ဒါရိုက်တာတစ်ဦးအဖြစ် တာဝန်ယူခဲ့သူဖြစ်သည်။ ရန်ကုန်တက္ကသိုလ်နှင့် Asian Institute of Technology များတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် ပညာရပ်ဆိုင်ရာ နောက်ခံရှိသူ တစ်ဦးဖြစ်သည်။

**Kim N. B. Ninh** သည် အာရှဖောင်ဒေးရှင်း (The Asia Foundation) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်တစ်ဦးဖြစ်သည်။ မြန်မာနိုင်ငံ၏ ရေရှည် နိုင်ငံရေး၊ စီးပွားရေး နှင့် လူမှုရေး အပြောင်းအလဲများကို အဓိကပံ့ပိုးပေးသည့် အစီအစဉ်များကို ကြီးကြပ်စီမံနေသူဖြစ်သည်။ သူမသည် ၂၀၀၅ ခုနှစ်မှ ၂၀၁၃ ခုနှစ် အထိ ဗီယက်နမ်နိုင်ငံတွင် The Asia Foundation ၏ ဌာနေကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ခဲ့သည်။

**ဒေါ်မီကီကျော်မြင့်**သည် အာရှဖောင်ဒေးရှင်း (The Asia Foundation) မြန်မာနိုင်ငံရုံးခွဲ၏ အစီအစဉ်နှင့်အစိုးရဆက်ဆံရေးဆိုင်ရာ ညွှန်ကြားရေးအရာရှိတစ်ဦးဖြစ်သည်။ အမျိုးသမီးနှင့် နိုင်ငံရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေး၊ နိုင်ငံသားအခွင့်အရေးနှင့် မဲဆန္ဒရှင်ပညာပေးခြင်း၊ လွှတ်တော်စွမ်းရည်မြင့်တင်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ် တည်ဆောက်ခြင်း အပါအဝင် ဖွံ့ဖြိုးရေးအစီအစဉ်အမျိုးမျိုးကို လက်တွေ့အကောင်အထည်ဖော်နေသူဖြစ်သည်။

**Susan Lee** သည် British Council ၏ My Justice Program တွင် တရားရင်ဆိုင်ခွင့်ရရှိရေးအကြံပေး အဖြစ်တာဝန်ထမ်းဆောင်နေသူဖြစ်သည်။ New York University ၏ School of Law မှ ဥပဒေဘွဲ့ (Juris Doctor degree) ရရှိထားသူဖြစ်ပြီး တရားရင်ဆိုင်ခွင့်ရရှိရေးကိစ္စများတွင် အတွေ့အကြုံများစွာရှိသူဖြစ်သည်။ The Asia Foundation မြန်မာနိုင်ငံရုံးခွဲ၏ အစီအစဉ်မန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး နိုင်ငံသားအခွင့်အရေး၊ မဲဆန္ဒရှင်ပညာပေးခြင်း၊ အမျိုးသမီး၊ နိုင်ငံရေးဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်ခဲ့သူတစ်ဦးဖြစ်သည်။

# အာရှဖောင်ဒေးရှင်း နှင့် ဖန်တီးအိမ်အဖွဲ့အစည်းများအကြောင်း

**အာရှဖောင်ဒေးရှင်း (The Asia Foundation)** သည်အကျိုးအမြတ်မယူသည့် နိုင်ငံတကာဖွံ့ဖြိုးရေးအဖွဲ့အစည်း တစ်ခုဖြစ်ပြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် အာရှဒေသရှိလူများ၏ လူနေမှုဘဝမြှင့်တင်ပေးသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ဆယ်စုနှစ်ခြောက်နှစ်ကြာ ကာလအတွင်း ရရှိထားသည့် လုပ်ငန်းနှင့် ဒေသတွင်းအတွေ့အကြုံများအပေါ် အခြေခံ၍ ၂၁ရာစုတွင် အာရှဒေသတွင်း တွေ့ကြုံနေရသည့် စိန်ခေါ်မှုများဖြစ်သော စီမံအုပ်ချုပ်မှုနှင့် ဥပဒေ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ အမျိုးသမီးစွမ်း ဆောင်ရည်မြင့်မားရေး၊ သဘာဝ ပတ်ဝန်းကျင်နှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများကိုလုပ်ဆောင်လျက်ရှိပါသည်။ ထို့ပြင် Books for Asia အစီအစဉ်နှင့် ပညာရပ်ဆိုင်ရာ အပြန်အလှန်ဖလှယ်မှုများကိုပါ ဆောင်ရွက်ခြင်းဖြင့် အာရှဒေသ ငြိမ်းချမ်း၊ တရားမျှတကာ ဖွံ့ဖြိုးသာယာရေးအတွက် ကူညီဆောင်ရွက်လျက် ရှိပါသည်။ ဆန်ဖရန်စစ္စကိုတွင် ရုံးချုပ်တည်ရှိပြီး အာရှနိုင်ငံပေါင်း (၁၈) နိုင်ငံနှင့် ဝါရှင်တန်၊ ဒီစီ တို့တွင် ရုံးများရှိပါသည်။ အာရှဖောင်ဒေးရှင်းသည် အစိုးရဌာနဆိုင်ရာနှင့် ပုဂ္ဂလိကမိတ်ဖက်များနှင့် လုပ်ငန်းများတွဲဖက်လုပ်ဆောင်ကာ၊ ရန်ပုံငွေများအား နှစ်နိုင်ငံနှင့် နိုင်ငံပေါင်းဆုံပါဝင်သော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများ၊ ကော်ပိုရေးရှင်းများနှင့် တစ်သီးပုဂ္ဂလအလှူရှင်များမှ လက်ခံရရှိပါသည်။

**ဖန်တီးအိမ်**အဖွဲ့ကို ၂၀၀၉ ခုနှစ်တွင် စတင် တည်ထောင်ခဲ့ပြီး ၂၀၁၀ ရွေးကောက်ပွဲအတွက် နိုင်ငံသားအသိပညာပေးခြင်းနှင့် ရွေးကောက်ပွဲ ပညာပေးခြင်း လုပ်ငန်းများကို ပံ့ပိုးကူညီပေးခဲ့သည်။ ၂၀၁၂ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံရေး ပါတီများကြား ကျားမတန်းတူညီမျှရေး တိုးတက်စေရန် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်စားလှယ်လောင်းများ၏ ခေါင်းဆောင်မှု စွမ်းရည်နှင့် ကျွမ်းကျင်မှုများကိုမြှင့်တင်ပေးခဲ့သည်။ ဖန်တီးအိမ်သည် ၂၀၁၄ ခုနှစ်အတွင်းတွင် နိုင်ငံရေးပါတီများတွင်းရှိ ကျား၊ မ တန်းတူညီမျှရေးဆိုင်ရာ မူဝါဒနှင့် ဖော်ဆောင်မှု အခြေအနေများကို သုတေသနပြု စာအုပ်ထုတ်ဝေခဲ့ပါသည်။ ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲ မတိုင်မီတွင် ဖန်တီးအိမ်သည် ရွေးကောက်ပွဲ ပညာပေးသင်တန်းများ၊ မဲစာရင်းစစ်ဆေးခြင်းဆိုင်ရာ လှုံ့ဆော်မှုများ၊ အမျိုးသမီးများကိုမဲပေးစို့ လူထုလှုပ်ရှားမှုများ ကို စီမံချက်ဝင် နေရာများတွင် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲကြီးတွင် အမျိုးသမီးများပါဝင်မှု အခြေအနေကို အထူးပြု၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းကို လုပ်ဆောင်ခဲ့ပြီး တွေ့ရှိချက် အစီရင်ခံစာကို ထုတ်ပြန်ခဲ့ပါသည်။ ဖန်တီးအိမ်သည် သုတေသနအထူးပြုကူညီထောက်ပံ့မှုများကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ဖန်တီးအိမ်သည် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို၊ ဒေသ အသီးသီးရှိ ကျားမရေးရာအလေးထားသော အဖွဲ့အစည်းများ၊ ဒီမိုကရေစီ ဖော်ဆောင်သော အဖွဲ့အစည်းများ၊ ကွန်ယက်များ၊ တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိတွင် ဖန်တီးအိမ်သည် မြန်မာနိုင်ငံ အမျိုးသမီး အဖွဲ့အစည်းများ ကွန်ယက် (WON) နှင့် ကျားမရေးရာ တန်းတူညီမျှမှု ကွန်ယက်(GEN) တို့တွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နေသော အဖွဲ့ဝင်အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ဖန်တီးအိမ်၏ မျှော်မှန်းချက်မှာ မတူကွဲပြားမှုများကို တန်ဘိုးထားတတ်သော ကျား၊ မ လူမှုရေးရာ တန်းတူညီမျှမှု ရှိသည့် မြန်မာ့လူ့ဘောင် ဖြစ်ပါသည်။

The Asia Foundation
Improving Lives, Expanding Opportunities

PHAN TEE EAIN
(CREATIVE HOME)

## စကားဦး

မြန်မာနိုင်ငံ၏ နှစ်ပေါင်း ၆၀ ကျော် စစ်အုပ်ချုပ်ရေးစနစ်သည် အမျိုးသမီးများနိုင်ငံရေးတွင်ပါဝင်မှု၏အဓိက အခန်းကဏ္ဍကို လျစ်လျူရှုခဲ့သည်။ အမျိုးသမီးပါဝင်မှု အလွန်အမင်းလျော့နည်းနေသည့်အခြေအနေမှ ၂၀၁၀ ရွေးကောက်ပွဲများသည် အုပ်ချုပ်ရေးပိုင်းတွင် အမျိုးသမီးများ ပါဝင်ရန် အခွင့်အလမ်းများကို မြှင့်တင်ပေးခဲ့သည်။ ၂၀၁၀ ရွေးကောက်ပွဲများသည် စစ်အုပ်ချုပ်ရေးမှ ပြည်ထောင်စု၊ ပြည်နယ်နှင့် တိုင်းဒေသကြီး များတွင် လွှတ်တော်များရှိသည့် အရပ်သားဦးဆောင်သည့် အစိုးရအဖြစ်သို့ ကူးပြောင်းမှုကို အစပြုပေးခဲ့သည့်ရွေးကောက်ပွဲများဖြစ်သည်။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲများသည် အားလုံးပါဝင် ကိုယ်စားပြုသည့် အစိုးရပေါ်ထွက်လာရေးကိုပံ့ပိုးပေးနိုင်ခဲ့ကာ အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်ဦးရေ သိသိသာသာတိုးတက်စေခဲ့သည်။ သို့သော်လည်း အစိုးရနှင့်လူ့အဖွဲ့အစည်း ဦးဆောင်မှုပိုင်းတွင် အမျိုးသမီးများ၏ အခန်း ကဏ္ဍနှင့် ပတ်သက်ပြီး အမျိုးသားများသာမက အမျိုးသမီးများတွင်ပါ နက်ရှိုင်းစွာအမြစ်တွယ်နေသည့် လူမှုရေးစံသတ်မှတ်ချက်များကြောင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးတွင် ကျားမ အချိုးအစား ကွာဟမှုလျော့ချနိုင်ရန် ပြုပြင်ဆောင်ရွက်မှုများစွာလိုအပ်နေဆဲ ဖြစသ်ည်။ သက်မွေးမှု လုပ်ငန်းတွင်ဖြစ်စေ၊ ပုဂ္ဂလိက အဝန်းအဝိုင်းတွင်ဖြစ်စေ ဆုံးဖြတ်ချက်ချနိုင်သည့်အဆင့် သို့မဟုတ် ယင်းနေရာသို့ တက်လှမ်းနိုင်ရန် အားထုတ် နေသည့် အမျိုးသမီးများကို ခွဲခြားဆက်ဆံမှုများမှာ အထင်အရှားတစ်မျိုး၊ မထင်မရှား တစ်မျိုးရှိနေပြီး အမျိုးသားများနှင့်မတူသည့် အခက်အခဲ များကို ရင်ဆိုင်နေကြရသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်လာမှုမှာ အချိန်အားဖြင့် မကြာလှသေးသော်လည်း တိုးတက် ဖြစ်ပေါ်နေသည်ဖြစ်သောကြောင့် ပထမမျိုးဆက် အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များ၏ မျှော်လင့်ချက်များ၊ ရင်ဆိုင်ရသည့် အခက်အခဲ များကို နက်နက်နဲနဲ နားလည်ရန်အတွက် ၎င်းတို့၏အတွေ့ အကြုံများကို စုစည်းထားနိုင်ပါက အသုံးဝင်မည်ဟု The Asia Foundation မှ ယူဆ ပါသည်။ ရင်ဆိုင်ရသည့်အခြေအနေများမှ ရရှိလာသည့်အမြင်များ၊ ပြုပြင်ဆောင်ရွက်ရမည့် ကိစ္စများသည် နောက်မျိုးဆက်မှ အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များအတွက် အသုံးဝင်မည်ဖြစ်သကဲ့သို့ အစိုးရ၊ နိုင်ငံရေးပါတီများ နှင့် အရပ်ဖက်လူ့အဖွဲ့ အစည်းများ၏ ကျားမ တန်းတူညီမျှမှု ဆောင်ရွက်နေသည့် လုပ်ငန်းများကိုလည်း တိကျသည့်အချက်အလက်များ ပံ့ပိုးပေးနိုင်ကာ လုပ်ငန်းများပို၍ထိရောက်စေမည် ဖြစ်သည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ ပုဂ္ဂလိကလုပ်ငန်း အဝန်းအဝိုင်းမှာ ဆက်လက်ကျယ်ပြန့်လာရန်ရှိပြီး ခေါင်းဆောင်မှုပိုင်းတွင် အမျိုးသမီး များ ရှိလာရန် လိုအပ်လာမည်ဖြစ်သော်လည်း အမျိုးသားများသာမက အမျိုးသမီးများထံမှပါ မေးခွန်းထုတ်လာဖွယ်ရှိသည်။ လုပ်ငန်းခွင်နှင့် လူ့အဖွဲ့အစည်း အတွင်း အမျိုးသားများ၏ခွဲခြားဆက်ဆံမှုခံရနေကြသော်လည်း အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များ ရင်ဆိုင်ရသည့် အကြီးမားဆုံးအခက် အခဲအများစုမှာ အမျိုးသားကိုယ်စားလှယ်များ သို့မဟုတ် အမျိုးသားမဲဆန္ဒရှင်များထံမှ မဟုတ်ပဲ နိုင်ငံရေးတွင် အမျိုးသမီးများကဏ္ဍကို အားပေးခြင်းမရှိသည့် အမျိုးသမီးမဲဆန္ဒရှင်များထံမှဖြစ်ကြောင်း သုတေသန စစ်ဆေးချက်များအရ ဝမ်းနည်းဖွယ်တွေ့မြင်ရသည်။ အချက် အလက်များအရ အမျိုးသမီးကိုယ်စားလှယ်တို့သည် အမျိုးသားများနည်းတူ စွမ်းရည်ပြည့်စုံသည်ဖြစ်သော်လည်း မလုံခြုံခြင်း၊ ယုံကြည်မှုကင်းမဲ့ သည့် ခံစားမှုများကို မကြာခဏ ခံစားကြရသည်။

အထက်ပါကိစ္စများသည် မြန်မာနိုင်ငံရှိ နိုင်ငံရေး၊ ကျားမ တန်းတူညီမျှရေးတွင် အမျိုးသမီးများကဏ္ဍကို သက်ရောက်မှုများရှိသည့် ရှုပ်ထွေး လှသည့် အကြောင်း အမျိုးမျိုးအနက်မှ တစ်ခုဖြစ်သည်။ သို့သော် ဤအမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်အများသည် ၎င်းတို့၏ ပထမဆုံး အမျိုးသမီးကိုယ်စားလှယ်ဟူသော ထူးခြားသည့် အခြေအနေဖြင့် အများပြည်သူဘဝကောင်းစားရေး၊ အထူးသဖြင့် ၎င်းတို့ မဲဆန္ဒရှင်များ၏ ဘဝများတိုးတက်ရေးအတွက် မိမိကိုယ်ကိုပြောင်းလဲစွမ်းရည်မြင့်တင်မှုများ ပြုလုပ်ခဲ့သည် တစိုက်မတ်မတ် ဆောင်ရွက်မှုများကိုမှတ်တမ်း တင်ရမည်ဖြစ်သည်။ ၎င်းတို့ဝေမျှသည့် လုပ်ငန်းတိုးတက်ရေးအတွက်ဆောင်ရွက်ရာတွင် သိရှိလာသော သင်ခန်းစာဖြတ်သန်းမှုများ၊ မျှော်မှန်း သည့်ရလဒ် ပေါ်ပေါက်ရေးအတွက် အသုံးပြုသည့်မဟာဗျူဟာများသည် အခြားသော အမျိုးသမီးကိုယ်စားလှယ်များအတွက် သာမက နိုင်ငံ၏ဒီမိုကရေစီ လမ်းကြောင်းတွင် ပါဝင်လျှောက်လှမ်းနေရသည့် ကိုယ်စားလှယ်များအားလုံး အတွက် အသုံးဝင်သည့် စိတ်ခွန်အားဖြစ်စေမည့် ဥပမာကောင်းများပင်ဖြစ်သည်။

သုတေသနစာတမ်းကို ဒေါ်ရွှေရွှေစိန်လတ်၊ Kim N. B. Ninh ၊ ဒေါ်မီကီကျော်မြင့် နှင့် Susan Lee တို့မှ ပူးပေါင်းပြုစုခြင်းဖြစ်ပါသည်။ စာတမ်းပါ အမြင်များသည် စာရေးသူများနှင့်သာသက်ဆိုင်ပြီး The Asia Foundation နှင့် သက်ဆိုင်ခြင်းမရှိပါ။

ဒေါက်တာကင်(မ်)နင်း<br>
ဌာနေကိုယ်စားလှယ်<br>
အာရှဖောင်ဒေးရှင်း

# မာတိကာ


**စကားရပ်များနှင့် အတိုကောက်စာလုံးများ** .......... က

**အကြောင်းအရာများအကျဉ်းချုပ်** .......... ခ

**အခန်း ၁။ နိဒါန်း** .......... ၁

၁.၁။ မြန်မာ့နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်မှုနှင့် ကိုယ်စားပြုမှု .......... ၂

၁.၂။ စစ်တမ်း၏ ရည်ရွယ်ချက်၊ နည်းစနစ်နှင့် အကန့်အသတ်များ .......... ၄

**အခန်း ၂။ လွှတ်တော်အတွင်းမှ အမျိုးသမီးကိုယ်စားလှယ်များ၏ နောက်ခံအကြောင်း** .......... ၆

၂.၁။ ပညာရေးအဆင့်အတန်း .......... ၆

၂.၂။ အလုပ်အကိုင် နောက်ခံ .......... ၇

၂.၃။ စံပြအဖြစ်ခံယူထားသည့်နိုင်ငံရေးသမားနှင့် နိုင်ငံရေးနယ်ပယ်တွင်းသို့ ဝင်ရောက်လာပုံ .......... ၈

**အခန်း ၃။ လွှတ်တော်အတွက် မဲဆွယ်စည်းရုံးခြင်း** .......... ၁၀

၃.၁။ ၂၀၁၀ အထွေထွေရွေးကောက်ပွဲများ .......... ၁၀

၃.၂။ မိသားစု၊ လူမှုရေးနှင့် ပညာရှင်အသိုင်းအဝိုင်းတို့ထံမှ ပံ့ပိုးမှု .......... ၁၁

၃.၃။ အဖွဲ့အစည်း၏ ပံ့ပိုးမှု .......... ၁၂

၃.၄။ မဲဆွယ်စည်းရုံးစဉ်ကြုံတွေ့ရသည့် စိန်ခေါ်မှုများ .......... ၁၅

**အခန်း ၄။ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ ဘဝနှင့်အလုပ်** .......... ၁၇

၄.၁။ အမျိုးသမီးကိုယ်စားလှယ်များအပေါ် ရွေးကောက်ပွဲ၏ သက်ရောက်မှု .......... ၁၇

၄.၂။ အဖွဲ့အစည်းပံ့ပိုးမှု .......... ၁၉

၄.၃။ လွှတ်တော်ရေးရာကော်မတီများတွင် အမျိုးသမီးများ၏ ကိုယ်စားပြုပါဝင်မှု .......... ၂၁

၄.၄။ လွှတ်တော်ဆိုင်ရာ လုပ်ရှားမှုများတွင် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုများ .......... ၂၂

၄.၄.၁။ လွှတ်တော်တွင် မေးခွန်းမေးမြန်းမှုများ .......... ၂၂

၄.၄.၂။ ဥပဒေပြုခြင်းတွင်ပါဝင်ခြင်း .......... ၂၃

၄.၄.၃။ မဲဆန္ဒရှင်နှင့် ထိတွေ့ဆက်ဆံမှုများ .......... ၂၄

၄.၅။ စိန်ခေါ်မှုများနှင့် အကန့်အသတ်များ .......... ၂၈

၄.၅.၁။ နိုင်ငံရေးပါတီများ၏ ထောက်ပံ့မှုနှင့် အကန့်အသတ်များ .......... ၂၈

၄.၅.၂။ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအကြားပူးပေါင်းဆောင်ရွက်မှု .......... ၃၀

၄.၅.၃။ အရင်းအမြစ်နှင့် စွမ်းဆောင်ရည်လိုအပ်ချက်များ .......... ၃၂

၄.၅.၄။ ခွဲခြားဆက်ဆံမှု .......... ၃၃

**အခန်း ၅။ အမျိုးသမီးများ နိုင်ငံရေးတွင်တိုးတက်ပါဝင်လာခြင်းအပေါ်ယူဆချက်များ** .......... ၃၆

**အခန်း ၆။ မြန်မာနိုင်ငံ၏ လွှတ်တော်များတွင် အမျိုးသမီးများ၏ အနာဂတ်** .......... ၄၀

၆.၁။ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်ရေးအကြောင်းများ၊ ၂၀၁၆-၂၀၂၁ .......... ၄၀

၆.၂။ ၂၀၁၁-၂၀၁၆ အမျိုးသမီးကိုယ်စားလှယ်များ၏ စစ်တမ်းမှ ရရှိသည့် တွေ့ရှိချက်များနှင့် ၎င်းတို့၏ အမြင်သဘောထားများ .......... ၄၃

**နောက်ဆက်တွဲ ၁။ ပြည်ထောင်စုအဆင့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ ကော်မတီ အဖွဲ့ဝင်ဖြစ်မှု (၂၀၁၁-၂၀၁၆)** .......... ၄၈

**နောက်ဆက်တွဲ ၂။ ပြည်ထောင်စုအဆင့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ ကော်မတီအဖွဲ့ဝင်ဖြစ်မှု (၂၀၁၆-၂၀၂၁)** .......... ၅၀

**နောက်ဆက်တွဲ ၃။ ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်များရှိ အရွေးချယ်ခံအမျိုးသမီးကိုယ်စားလှယ် ရာခိုင်နှုန်း (၂၀၁၃ နှင့် ၂၀၁၆)** .......... ၅၃

**နောက်ဆက်တွဲ ၄။ ၂၀၁၆ ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် လွှတ်တော်များရှိအမျိုးသား၊ အမျိုးသမီးအလိုက် အလုပ်အကိုင်နောက်ခံ** .......... ၅၄

**နောက်ဆက်တွဲ ၅။ မြန်မာနိုင်ငံအတွင်းရှိ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ အတွေ့အကြုံများအား စစ်တမ်းကောက်ယူခြင်း** .......... ၅၅

**ရည်ညွှန်း** .......... ၇၁

# ပုံနှင့်ဇယားများ စာရင်း


ပုံ ၁ - နိုင်ငံရေးတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များစတင်ဝင်ရောက်လာပုံ ....................ရ

ပုံ ၂ - ၂၀၁၀ နှင့် ၂၀၁၂ ရွေးကောက်ပွဲများမတိုင်မီ အမျိုးသမီးကိုယ်စားလှယ်လောင်းများအား ပံ့ပိုးပေးသည့် ရွေးကောက်ပွဲဆိုင်ရာ ပံ့ပိုးမှု အမျိုးအစားများ ....................၁၃

ပုံ ၃ - ၂၀၁၀ နှင့် ၂၀၁၂ တွင် အမျိုးသမီးများကိုယ်စားလှယ်များ၏ မဲဆွယ်စည်းရုံးမှုတွင် အဓိကတာဝန်ယူခဲ့ကြသည့် အစုအဖွဲ့များ ....၁၄

ပုံ ၄ - လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီးနောက်ပိုင်း နေ့စဉ်ဘဝ အတွင်းပြောင်းလဲမှု ....................၁၇

ပုံ ၅ - နယ်ပယ်အလိုက် ပံ့ပိုးမှုပေးခဲ့သူများ ....................၂၁

ပုံ ၆ - ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ပထမအကြိမ်မှ တစ်ဆယ့်သုံးကြိမ်မြောက်အထိ အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများ ....................၂၃

ပုံ ၇ - ဥပဒေကြမ်းတစ်ခုကို အဆိုပြုတင်သွင်းခဲ့ဘူးပါသလား ....................၂၄

ပုံ ၈ - မဲဆန္ဒရှင်များ၏ အစိုးရိမ်ဆုံးပြဿနာသုံးရပ်ကိုဖော်ပြပါ။ (ဖြေကြားမှုများကို စုစည်းထားသည်။) ....................၂၅

ပုံ ၉ - သင့်မဲဆန္ဒရှင်များ၏ လိုအပ်ချက်များနှင့် စိုးရိမ်ကြောင့်ကြမှုများကို သိရှိနားလည်ရန် သတင်းအချက်အလက် လုံလုံလောက်လောက် ရရှိသည်ဟုခံစားရပါသလား ....................၂၅

ပုံ ၁၀ - အောက်ဖော်ပြပါ သတင်းအရင်းအမြစ်များထံမှ သင့်မဲဆန္ဒရှင်များ၏ လိုအပ်ချက်၊ စိုးရိမ်ချက်များနှင့် ပတ်သက်သောသတင်းအချက်အလက်များကို အကြိမ်ရေမည်မျှလက်ခံရရှိပါသလဲ။ ....................၂၆

ပုံ ၁၁ - အောက်ဖော်ပြပါ သတင်းအရင်းအမြစ်များထံမှ သင့်မဲဆန္ဒရှင်များ၏ လိုအပ်ချက်၊ စိုးရိမ်ချက်များနှင့် ပတ်သက်သောသတင်းအချက်အလက်များကို အကြိမ်ရေမည်မျှလက်ခံရရှိပါသလဲ။ (ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ) ....................၂၇

ပုံ ၁၂ - သဘောတူ/သဘောမတူ - လွှတ်တော်ကိုယ်စားလှယ်များသည် ပထမဦးဆုံးနှင့် အဦးဆုံး တာဝန်ခံကြရသည်မှာ ....................၂၉

ပုံ ၁၃ - အောက်ဖော်ပြပါ အဆိုများကို မည်သည့်အတိုင်းအတာအထိ သဘောတူ/သဘောမတူ ....................၃၀

ပုံ ၁၄ - အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် အောက်ပါအကြောင်းအရာကိစ္စရပ်များနှင့်ပတ်သက်ပြီး ၎င်းတို့ပါတီတွင်းရှိ အခြားသော အမျိုးသမီးများနှင့် ပူးပေါင်းဆောင်ရွက်မှုအကြိမ်အရေအတွက် ....................၃၁

ပုံ ၁၅ - အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် အောက်ပါအကြောင်းအရာကိစ္စရပ်များနှင့်ပတ်သက်ပြီး အခြားသောပါတီများမှ အမျိုးသမီးကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်မှုအကြိမ်အရေအတွက် ....................၃၁

ပုံ ၁၆ - လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအဖြစ် အောက်ဖော်ပြပါ အခက်အခဲများကိုရင်ဆိုင်ရဖူးပါသလား ....................၃၃

ပုံ ၁၇ - နိုင်ငံရေးသက်တမ်းအတွင်း ကျားမအခြေပြု ခွဲခြားဆက်ဆံမှုများကို သင်ကြုံတွေ့ခဲ့ပါသလား ....................၃၄

ပုံ ၁၈ - မည်သူတွေက ခွဲခြားဆက်ဆံခဲ့ပါသလဲ ....................၃၄

ပုံ ၁၉ - မည်သည့်အခြေအနေမျိုးတွင် ခွဲခြားဆက်ဆံခံခဲ့ရသလဲ ....................၃၅

ပုံ ၂၀ - အမျိုးသမီးများနှင့် အမျိုးသားများသည် အစိုးရတစ်ရပ်တွင် အခန်းကဏ္ဍတန်းတူရှိသင့်သည်။ သဘောတူသည်/သဘောမတူပါ ..၃၆

ပုံ ၂၁ - နိုင်ငံရေးတွင် အမျိုးသမီးဦးရေတိုးတက်စေရန် ရည်ရွယ်သည့် အမျိုးမျိုးသော လုပ်ဆောင်မှုများ၏ ထိရောက်မှု ....................၃၈

ဇယား ၁ - ပြည်ထောင်စုလွှတ်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်များရှိ အမျိုးသမီးကိုယ်စားလှယ်အရေအတွက် (၂၀၁၁ - ၂၀၁၆) နှင့် (၂၀၁၆ - ၂၀၂၁) ....................၃

ဇယား ၂ - ပြည်ထောင်စုလွှတ်တော်ပညာရေး အဆင့်အတန်း ....................၆

ဇယား ၃ - ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်များ၏ ပညာရေးအဆင့်အတန်း ....................၇

ဇယား ၄ - ပြည်ထောင်စုလွှတ်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်များမှ လွှတ်တော် ကိုယ်စားလှယ်များ၏ သက်မွေးမှုနောက်ခံ ....................၇

ဇယား ၅ - အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ နိုင်ငံရေးတွင်ပါဝင်မှုပေါ် ဖော်ပြပါပုဂ္ဂိုလ်များ၏ အားပေး ထောက်ခံမှု ....................၁၁

ဇယား ၆ - ပြည်ထောင်စုလွှတ်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်များမှ အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များကို ပံ့ပိုးမှု ....................၂၀

ဇယား ၇ - အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များကိုယ်စားပြုသည့် နိုင်ငံရေးပါတီများ (၂၀၁၃ ခုနှစ်) ....................၂၉

ဇယား ၈ - အမျိုးသမီးများနိုင်ငံရေးတွင် ပါဝင်နိုင်မှုကို တားဆီးနေသည့် ကိစ္စများ ....................၃၇

ဇယား ၉ -၂၀၁၆ ခုနှစ် လွှတ်တော်ကိုယ်စားလှယ်များ၊ ကျားမ အလိုက် ....................၄၁

ဇယား ၁၀-ပြည်ထောင်စုလွှတ်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်များမှ လွှတ်တော်ကိုယ်စားလှယ်များ၏ ပညာရေးအဆင့်အတန်း၊ ကျားမ အလိုက် ....................၄၂

ဇယား ၁၁ - အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ သက်မွေးမှုနောက်ခံ၊ ၂၀၁၃ နှင့် ၂၀၁၆။ အမျိုးအစားခွဲခြားမှု ....................၄၂

ဇယား ၁၂ - အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် နိုင်ငံရေးပါတီများ၊ ၂၀၁၆ ခုနှစ် ....................၄၃

## စကားရပ်များနှင့် အတိုကောက်စာလုံးများ

| | |
|---|---|
| Amyotha hluttaw | - အမျိုးသားလွှတ်တော် - ပြည်ထောင်စုလွှတ်တော်၏ အထက်လွှတ်တော် |
| CBO | - ရပ်ရွာအခြေပြုအဖွဲ့အစည်း (Community-based organization) |
| CEC | - ဗဟိုအလုပ်အမှုဆောင်ကော်မတီ (Central Execuetive Committee) |
| CEDAW | - အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများအားလုံး ပပျောက်ရေးစာချုပ် (Convention on the Elimination of All Forms of Discrimination against Women) |
| CNP | - ချင်းအမျိုးသားပါတီ (Chin National Party) |
| CSO | - အရပ်ဖက်လူ့အဖွဲ့အစည်း (Civil society organization) |
| Hluttaw | - လွှတ်တော် |
| INGO | - အစိုးရမဟုတ်သောနိုင်ငံတကာအဖွဲ့အစည်း (International non-governmental organizations) |
| NDF | - အမျိုးသားဒီမိုကရေစီအင်အားစု (National Democratic Force) |
| NLD | - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (National League for Democracy) |
| IPU | - လွှတ်တော်ဆိုင်ရာသမဂ္ဂ (Inter-Parliamentary Union) |
| MNCWA | - မြန်မာနိုင်ငံအမျိုးသမီးရေးရာ ကော်မတီ (Myanmar National Commitee for Women Affairs) |
| MP | - လွှတ်တော်ကိုယ်စားလှယ် (Member of Parliament) |
| NDF | - အမျိုးသားဒီမိုကရေစီအင်အားစု (National Democratic Front) |
| NLD | - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (National League for Democracy) |
| NSPAW | - အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားမဟာဗျူဟာအစီအစဉ် (National Strategic Plan for the Advancement of Women) |
| PSDP | - ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ (Phalon-Sawaw Democracy Party) |
| Pyidaungsu Hluttaw | - ပြည်ထောင်စုလွှတ်တော် (အမျိုးသားလွှတ်တော် (အထက်လွှတ်တော်) နှင့် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) ပေါင်းစပ်ထားသည့် လွှတ်တော်) |
| Pyithu Hluttaw | - ပြည်သူ့လွှတ်တော် (ပြည်ထောင်စုလွှတ်တော်၏ အောက်လွှတ်တော်) |
| RNDP | - ရခိုင်အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (Rakhine Nationalities Development Party) |
| Sealed Questions | - စာဖြင့်ပေးပို့မေးမြန်းခြင်း၊ အစိုးရဌာနများမှ စာဖြင့်ဖြေကြားပေးရန် လွှတ်တော်ကိုယ်စားလှယ်မှမေးမြန်းသည့်မေးခွန်း၊ ကြယ်ပွင့်မပြမေးခွန်းဟုလည်းညွှန်းသည်။ |
| Starred Questions | - ကြယ်ပွင့်ပြမေးခွန်း၊ အစိုးရဌာနများအနေဖြင့်လွှတ်တော်တွင် လာရောက်၍အများပြည်သူရှေ့တွင် ဖြေကြားပေးရန်မေးမြန်းသည့် မေးခွန်း |
| SPDC | - နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (State Peace and Development Council) |
| SNDP | - ရှမ်းအမျိုးသားဒီမိုကရေစီပါတီ (Shan Nationalities Democracy Party) |
| SNLD | - ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (Shan Nationalities League for Democracy) |
| Tatmadaw | - မြန်မာနိုင်ငံလက်နက်ကိုင်တပ်ဖွဲ့၊ မြန်မာစစ်တပ် |
| UDPKS | - ကချင်ပြည်နယ်စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ (Unity and Democracy Party of Kachin State) |
| USDP | - ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (Union Solidarity and Development Party) |

## အကြောင်းအရာများအကျဉ်းချုပ်

မြန်မာနိုင်ငံ၏ အများပြည်သူနှင့်ဆိုင်သောကဏ္ဍတွင် အမျိုးသမီးများ နေရာယူပါဝင်ခဲ့သည်မှာ နှစ်ပေါင်းကြာခဲ့ပြီဖြစ်သည်။ မြန်မာအမျိုးသမီးများသည် ၁၉၃၅ ခုနှစ်ကတည်းက မဲပေးခွင့်ရရှိခဲ့ရာ အာရှတွင် အစောဆုံးတိုင်းပြည်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံသည် ဘေဂျင်းကြေညာစာတမ်းကို ၁၉၉၅ ခုနှစ် တွင် ထောက်ခံခဲ့ပြီး ၁၉၉၇ ခုနှစ် တွင် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုပုံစံအားလုံးပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းစာချုပ်လက်မှတ်ထိုးသော အဖွဲ့ဝင်နိုင်ငံဖြစ်လာသည်။ လူ့အဖွဲ့အစည်းအလွှာအားလုံး၏ အုပ်ချုပ်စီမံရေးတွင် အမျိုးသမီးများတန်းတူညီမျှ ပါဝင်စေရေး၊ ခေါင်းဆောင်မှုကဏ္ဍမှ ပါဝင်စေရေးကို ၂၀၁၃-၂၀၂၂ အမျိုးသမီးများတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာမြောက် အစီအစဉ်တွင် အဓိကဦးစားပေးအဖြစ် ထည့်သွင်းထားသည်။

လက်တွေ့တွင်မူ မြန်မာ့နိုင်ငံရေးနယ်ပယ်တွင် ပါဝင်လှုပ်ရှားနိုင်မည့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်သည် များစွာအကန့်အသတ်ရှိနေပြီး နှစ် ၆၀ ကျော် စစ်အုပ်ချုပ်ရေးကြောင့် ပို၍အဖြစ်ဆိုးခဲ့ခြင်းဖြစ်သည်။ ၎င်းအခြေအနေသည် စစ်အုပ်ချုပ်ရေးမှ အရပ်ဖက်အုပ်ချုပ်ရေးသို့ သမိုင်းဝင်ကူးပြောင်းခဲ့သော ၂၀၁၀ ရွေးကောက်ပွဲများနှင့်အတူ စတင်ပြောင်းလဲခဲ့သည်။ ပြည်ထောင်စုအဆင့် လွှတ်တော်နှစ်ရပ်ဖြစ်သော အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော် ၁၄ ခုတို့တွင် အမျိုးသမီးများ ပါဝင်ရွေးကောက်တင်မြှောက်ခြင်းခံရသည်။

တပ်မတော်သည် လွှတ်တော်နေရာ၏ ၂၅% ကို သီးသန့်ရရှိစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းခြင်းမှတဆင့် အာဏာကို ဆက်လက်ထိန်းချုပ်ထားသော်လည်း ၂၀၁၁ မှ ၂၀၁၆ ခုနှစ်များအတွင်း ပထမဆုံး ရွေးကောက်တင်မြှောက်သော လွှတ်တော်များသည် နိုင်ငံတကာနှင့် ပြည်တွင်းမှ အကဲခတ်စောင့်ကြည့်သူများ မျှော်မှန်းထားသည်ထက် ပိုမို တက်ကြွလှုပ်ရှားခဲ့သည်။ အမျိုးသားလွှတ်တော်တွင် ၄ ဦးနှင့် ပြည်သူ့လွှတ်တော်တွင် ၂၄ ဦး ပါဝင်သော ရွေး ကောက်တင်မြှောက်ခံအမျိုးသမီးများသည် ပြည်ထောင်စုလွှတ်တော်၏ ၆% မျှသာရှိသည်။ ထို့အပြင် ပြည်ထောင်စုလွှတ်တော်တွင် တပ်မတော်အတွက် သီးသန့်ယူထားသော ၁၆၆ နေရာ (အမျိုးသားလွှတ်တော် တွင် ၅၆ နေရာနှင့် ပြည်သူ့လွှတ်တော်တွင် ၁၁၀ နေရာ) တွင်လည်း အမျိုးသမီးအရာရှိ နှစ်ဦးကိုသာ ခန့်အပ်ခဲ့ သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော် ၁၄ ခုစလုံးတွင်လည်း အမျိုးသမီးကိုယ်စားလှယ် ၂၅ ဦး သို့မဟုတ် ၃.၈ % မျှသာ အနိုင်ရရှိခဲ့သည်။

အမျိုးသမီးများ၏ နိုင်ငံရေးတွင် ပါဝင်လှုပ်ရှားမှုများမှာ နိုင်ငံရေးပါတီများ၏ မူဝါဒများနှင့် လက်တွေ့လုပ်ဆောင်ပုံများကြောင့် ဖြစ်ထွန်းခြင်းမရှိသလောက်ဖြစ်နေသည်။ မြန်မာနိုင်ငံတွင် နိုင်ငံရေးပါတီ ၉၀ ကျော်ရှိသော်လည်း အမျိုးသမီးများ ပါဝင်လှုပ်ရှားမှုကို မြှင့်တင်ပေးမည့် မူဝါဒများရှိသော သို့မဟုတ် အမျိုးသမီးကိုယ်စားလှယ်လောင်းများကို နေရာပေးသော ပါတီမှာ လက်တစ်ဆုပ်စာခန့်သာရှိသည်။ နိုင်ငံရေးပါတီအတော်များများ၏ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ၉၀% မှာလည်း အမျိုးသားများသာ ဖြစ်ကြသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်နှင့် ခရိုင်အဆင့် ပါတီစည်းရုံးရေး အဖွဲ့များတွင် ဆုံးဖြတ်ချက်ချမှတ်သောနေရာကို ရရှိသည့် အမျိုးသမီးများမှာ ၆% မျှသာ ရှိသည်။ အလားတူပင် တရားလွှတ်တော် အပါအဝင်ဝန်ကြီးနှင့် ဒုဝန်ကြီးနေရာများတွင်လည်း အမျိုးသမီးများ၏ ကိုယ်စားပြုမှု လျော့နည်းလျက်ရှိသည်။ ဤကဲ့သို့ ခွဲခြားခံရမှုကို ဖြစ်ပေါ်စေသော အကြောင်းရင်းများ အနက် အတွေ့များသည့် အချက်များထဲတွင် အတွေ့အကြုံနှင့် ကျွမ်းကျင်မှုမရှိခြင်းနှင့်၊ တက်ကြွသော နိုင်ငံရေးပါဝင်လှုပ်ရှားမှုကို အဟန့်အတားဖြစ်စေသည့် အမျိုးသမီးများကိုယ်တိုင်နှင့် အသိုင်းအဝိုင်းနှစ်မျိုးစလုံးက ဆုပ်ကိုင်ထားသည့် အရိုးစွဲနေသောဓလေ့ထုံးစံများ ပါဝင်သည်။

၂၀၁၅ အထွေထွေရွေးကောက်ပွဲများသည် မြန်မာအမျိုးသမီးများအား ကိုယ်စားပြု၍ အုပ်ချုပ်ရေးကဏ္ဍတွင် ပါဝင်ရန် ဒုတိယမြောက် အခွင့်အလမ်းကြီးကို ပေးအပ်ခဲ့ရာ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် လွှတ်တော်နှစ်မျိုးစလုံးတွင် ရွေးကောက်ခံ အမျိုးသမီး ကိုယ်စားလှယ်အရေအတွက် စုစုပေါင်း ၁၅၁ ဦးအထိ သိ သိသာသာ မြင့်တက်လာခဲ့သည်။ ပြည်ထောင်စုအဆင့်တွင် အမျိုးသမီးကိုယ်စားလှယ်များသည် အမျိုးသား လွှတ်တော်၌ ၂၃ ဦးနှင့် ပြည်သူ့လွှတ်တော်၌ ၄၄ ဦး ပါဝင်လာခဲ့သည်။ သို့ဖြစ်ရာ ပြည်ထောင်စုအဆင့်တွင် ရွေး ကောက်ခံကိုယ်စားလှယ်အားလုံးအနက် အမျိုးသမီးကိုယ်စားလှယ်များ၏ပါဝင်မှုအချိုးမှာ ယခင် ၆.၀% မှ ၁၃.၇ % သို့ နှစ်ဆတိုးလာခဲ့သည်။ သို့ရာတွင် တပ်မတော်သားကိုယ်စားလှယ်များတွင် အမျိုးသမီး ၂ ဦးသာ ပါဝင် သောကြောင့် တပ်မတော်သားအစုအဖွဲ့ပါဝင်သော လွှတ်တော်ကိုယ်စားလှယ်အားလုံးပေါင်းနှင့် အချိုးချလိုက်သောအခါ ၁၀.၅ % သို့ လျော့ကျသွားသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်လွှတ်တော်များတွင်မူ အမျိုးသမီးကိုယ်စားလှယ် ၈၄ ဦး ရွေးကောက်တင် မြှောက်ခံရသောကြောင့် ယခင် ၃.၈% မှ ၁၂.၇% သို့ သုံးဆတိုးလာခဲ့သည်။ သို့တိုင်အောင် တပ်မတော်သား အစုအဖွဲ့တွင် အမျိုးသမီး ၂ ဦးမျှသာ (ရန်ကုန်တိုင်းဒေသကြီးတွင် ၁ ဦးနှင့် ရှမ်းပြည်နယ်တွင် ၁ ဦး) ခန့်အပ်ထားသောကြောင့် ကိုယ်စားလှယ်အားလုံးပေါင်းနှင့် အချိုးချလိုက်သောအခါ ၉.၇% သို့ လျော့ကျသွားသည်။

လွှတ်တော်တွင် အမျိုးသမီးများ ကိုယ်စားပြုမှုလမ်းကြောင်းကို သိသာစွာတိုးတက်စေခဲ့သည့် ၂၀၁၅ ရွေးကောက် ပွဲများမတိုင်မီတွင် အာရှဖောင်ဒေးရှင်းသည် အမျိုးသမီးများကို အားပေးမြှင့်တင်ရန် ဆောင်ရွက်နေသည့် ဖန်တီးအိမ်အမည်ရှိ မြန်မာအဖွဲ့အစည်းနှင့် လက်တွဲကာ ၂၀၁၀ နှင့် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲများတွင် အနိုင်ရခဲ့သော အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံမေးမြန်းခြင်းများ (မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းမှုတွင် ၎င်းတို့၏ ထူးကဲစွာပါဝင်ခဲ့သည့်အတွက်ကြောင့်လည်းကောင်း၊ နောင်မျိုးဆက်များအတွက်

၎င်းတို့၏ အတွေးအမြင်များသည်  အရေးပါမှုတို့ကြောင့်) ၊ ကွင်းဆင်းလေ့လာမှုများကို ပြုလုပ်ခဲ့သည်။ လေ့လာမှုအစီရင်ခံစာ၏ ရည်ရွယ်ချက်များမှာ -

- ၂၀၁၁ ခုနှစ် မှ ၂၀၁၆ ခုနှစ် အတွင်း လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသော သမိုင်းဝင် အမျိုးသမီးအုပ်စု၏ အတွေ့အကြုံများကို မှတ်တမ်းပြုစုရန်
- ၎င်းအမျိုးသမီးအုပ်စု၏ တူညီသော ကိစ္စရပ်များ၊ စိန်ခေါ်မှုများနှင့် အတွေ့အကြုံများကို ဖော်ထုတ်ရန်
- မြန်မာအမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ အောင်မြင်မှုများ၊ ဆက်လက်လိုအပ်နေမှုများနှင့်ပတ် သက်၍ နားလည်သိမြင်မှုကို မြှင့်တင်ရန်
- ရရှိသော သင်ခန်းစာများကို အခြေခံ၍ နောက်မျိုးဆက် အမျိုးသမီးကိုယ်စားလှယ်လောင်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များ အတွက် အကြံပြုချက်များနှင့် အထောက်အကူပြု မှုဘောင်များကို ရေးဆွဲရန်။

ယခုလေ့လာမှုတွင် အာရှဖောင်ဒေးရှင်းနှင့် ဖန်တီးအိမ်တို့ ပူးပေါင်းရေးဆွဲထားသော မေးခွန်းပုံစံများ၊ နောက် ဆက်တွဲအင်တာဗျူးများပါဝင်သော အရည်အသွေး၊ အရေအတွက် နှစ်မျိုးစလုံးပြည့်စုံသည့် နည်းလမ်းများကို အသုံးပြုထားသည်။ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသမီးလွှတ်တော်ကိုယ်စား လှယ် စုစုပေါင်း ၅၅ ဦးအနက်မှ ၄၅ ဦးက မေးခွန်းပုံစံများကို ဖြည့်စွက်ပေးခဲ့ကြပြီး ၁၉ ဦးက တစ်ဦးချင်း အင်တာ ဗျူးများကို ဖြေဆိုပေးခဲ့ကြသည်။ သုတေသနအဖွဲ့သည် သက်ဆိုင်သော စာတမ်းများကို သုံးသပ်မှုပြုလုပ်ခဲ့သည့် အပြင် ၂၀၁၅ ရွေးကောက်ပွဲအပြီး ရွေးကောက်တင်မြှောက်ခံရသော အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များနှင့်ဆိုင်သော အချက်အလက်များကိုပါ ရနိုင်သမျှ ထည့်သွင်းပြုစုခဲ့သည်။

ပထမဆုံးလွှတ်တော်တွင် သက်ဆိုင်ရာရပ်ရွာကို ကိုယ်စားပြုရွေးကောက်တင်မြှောက်ခံခဲ့ရသော အမျိုးသမီးများ၏ တစ်ဦးချင်းအတွေ့ အကြုံများက ၎င်းတို့၏ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့် လုပ်ကိုင်ခဲ့ပုံများသည် မြန်မာပြည်သူများ၏ ဘဝကို မည်သို့ပြောင်းလဲစေခဲ့သည်ဟူသော အတွေးအမြင်အပြင် ထိုအတွေ့အကြုံများက အစိုးရ၊ နိုင်ငံရေးလုပ်ငန်းစဉ်အတွက်နှင့် ၎င်းတို့ကိုယ်တိုင်အပေါ် မျှော်လင့်ထားမှုများကိုပါ မည်သို့ပြောင်းလဲ စေခဲ့သည်ဟူသော အတွေးအမြင်ကိုပါ ဖြည့်ဆည်းပေးသည်။ သုတေသနလေ့လာမှု၏ အဓိကတွေ့ရှိချက်များကို အောက်တွင်ဖေါ်ပြထားသည်။

**အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ နောက်ခံအကြောင်း**

အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များမှာ အမျိုးသားကိုယ်စားလှယ်များကဲ့သို့ ကောင်းစွာ ပညာမ တတ်ဟု များသောအားဖြင့် ယူဆကြသည်။ သို့သော် ၂၀၁၁ မှ ၂၀၁၆ အကြား ပြည်ထောင်စုအဆင့် နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် အမျိုးသား ကိုယ်စားလှယ်များကဲ့သို့ ပညာရေးအဆင့်မြင့်မြောက်ခြင်း သို့မဟုတ် ပိုမိုသာလွန်ခြင်းကို ဤသုတေသနလေ့လာမှုတွင် တွေ့ရှိရသည်။ ပြည်ထောင်စုလွှတ်တော်ရှိ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် များ၏ ၈၆% သည် ဘွဲ့ဒီကရီရရှိသူများဖြစ်ကြပြီး (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ ၇၆% နှင့် နှိုင်းယှဉ်ရန်) ၊ ၁၇% သည် ဘွဲ့လွန်ဒီကရီရရှိသူများဖြစ်ကြသည် (အမျိုးသား လွှတ်တော်ကိုယ်စား လှယ်များ၏ ၇.၆% နှင့် နှိုင်းယှဉ်ရန်)။ ပြည်ထောင်စုလွှတ်တော်တွင် ရွေးကောက်တင်မြှောက်ခံရသော အမျိုးသမီးအများစုသည် ပညာရေး၊ ဥပဒေနှင့် စီးပွားရေးနယ်ပယ်မှ ဖြစ်ကြသည်။ မြန်မာနိုင်ငံတွင် ကျောင်းဆရာ ၈၀ % မှာ အမျိုးသမီးများဖြစ်ကြသောကြောင့် ရွေးကောက်တင်မြှောက်ခံ အမျိုးသမီး အများစုမှာ ပညာရေးနယ်ပယ်မှ ဖြစ်နေခြင်းသည် အံ့အားသင့်စရာမရှိပါ။

- ၂၀၁၅ ရွေးကောက်ပွဲများတွင် ပြည်ထောင်စုအဆင့်လွှတ်တော်သို့ ရွေးကောက်တင်မြှောက်ခံရသော အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထက် ယေဘုယျအားဖြင့် ပညာရေးအဆင့်မြင့်မားကြပြီး ၎င်းတို့၏ ၉၃.၃% မှာ အနည်းဆုံးဘွဲ့ဒီကရီများ ရရှိထားကာ (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ ၇၇.၇% နှင့် နှိုင်းယှဉ်ရန်)၊ ၂၂.၇% မှာ ဘွဲ့လွန်ဒီဂ ရီများ ရရှိထားကြသည် (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ ၈.၅% နှင့် နှိုင်းယှဉ်ရန်) ။ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ ၉၂.၈% သည် အ နည်းဆုံး ဘွဲ့ဒီကရီရရှိထားကြပြီး (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ ၆၆.၉% နှင့် နှိုင်းယှဉ် ရန်)၊ ၁၀.၇% သည် ဘွဲ့လွန်ဒီကရီ ရရှိထားသူများဖြစ်သည် (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ ၃.၂% နှင့် နှိုင်းယှဉ်ရန်)။ ဒုတိယမျိုးဆက်အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များတွင် စီးပွားရေးနယ်ပယ်၊ ရပ်ရွာအကျိုးပြုဝန်ဆောင်မှုနယ်ပယ်နှင့် နိုင်ငံရေးနယ်ပယ်တို့မှ ထွက်ပေါ်လာသူများ ယခင်ကထက် ပိုများလာသည်။

**လွှတ်တော်ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးခြင်း**

၂၀၁၀ အထွေထွေရွေးကောက်ပွဲများသည် လွတ်လပ်မှုနှင့် မျှတမှု မရှိခဲ့ပေ။ အဓိကအတိုက်အခံပါတီ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ကလည်း အကြောင်းပြချက်များစွာကို ထောက်ပြကာ သပိတ်မှောက်ခဲ့သည်။ သို့ဖြစ်ရာ တပ်မတော်အစိုးရအလွန် ပထမဆုံးပြည်ထောင်စုအဆင့်၊

ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် လွှတ်တော်များတွင် တပ်မတော်က ကျောထောက်နောက်ခံပြုထားသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်များကသာ အဓိကလွှမ်းမိုးထားခဲ့ပြီး ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲတွင် NLD ကိုယ်စားလှယ် ၄၃ ဦး ရွေးကောက်တင်မြှောက်ခံရသောအခါမှသာလျှင် အနည်းငယ်မျှ အားပျော့သွားခဲ့သည်။

လွှတ်တော်အသစ်များအတွက် မျှော်လင့်ချက်များ သိသိသာသာတိုးတိတ်သွားသော်လည်း စစ်အုပ်ချုပ်ရေး ဖြေလျှော့မှုသည် မြန်မာ့နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုတွင် အရေးကြီးသောအဆင့်အဖြစ် အကဲခတ်လေ့လာသူများစွာက ရှုမြင်ကြသည်။ စတင်ပေါ်ထွက်လာသော ဦးသိန်းစိန် အစိုးရသည် အဆုံးပိုင်းနှစ်များတွင် လူ့အခွင့်အရေးကိစ္စများ၌ ချို့ယွင်းမှုကြောင့် ရုပ်ပျက်ဆင်းပျက်ဖြစ်ခဲ့သော်လည်း နိုင်ငံရေးအရ ဟောပြောရေးသားမှုများ လုပ် သာကိုင်သာရှိလာအောင်ချဲ့ထွင်ပေးခဲ့သည်။ မည်သို့ပင်ဖြစ်စေ အင်နှင့်အားနှင့် ပေါ်ထွက်လာသည့် ပြည်ထောင်စုအဆင့် လွှတ်တော်သည် နိုင်ငံ၏လတ်လတ်ဆတ်ဆတ် ဒီမိုကရေစီအသွင်ကူးပြောင်းမှုတွင် သိသာထင်ရှားသော အောင်မြင်မှုတစ်ခုဖြစ်သည်။

- အဆိုပါ ပထမမျိုးဆက် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအတွက် စိတ်ဓာတ်ပိုင်းဆိုင်ရာ တက်ကြွလာအောင် အကောင်းဆုံး ပံ့ပိုးကူညီမှုဟု ၎င်းတို့ကိုယ်တိုင်သတ်မှတ်သောအချက်မှာ မိဘများ၊ မိသားစုများ၊ အသိုင်းအဝိုင်းများ၊ ဘာသာရေးခေါင်းဆောင်များ၊ လုပ်ဖော်ကိုင်ဖက်ပါတီဝင်များထံမှအားပေးမှုရရှိခြင်းပင်ဖြစ်သည်။ ၂၀၁၀ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်တွင်ရွေးကောက်တင်မြှောက်ခံရသော အမျိုးသမီးကိုယ် စားလှယ်များက ပထမဦးစွာ အောင်မြင်သော မဲဆွယ်စည်းရုံးမှုလုပ်ဆောင်နိုင်ရန်၊  နောက်ပိုင်းတွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် တာဝန်များကို စီမံခန့်ခွဲနိုင်ရန် ယင်းကဲ့သို့ အသိုင်းအဝိုင်း၏ထောက်ခံ အားပေးမှုမျိုးသည် အရေးကြီးကြောင်း တစ်သမတ်တည်းပြောဆိုခဲ့ကြသည်။ ခြွင်းချက်အနည်းငယ် ရှိသည်မှအပ လက်ထပ်ထားသူ၊ မိဘများနှင့် အတူနေထိုင်ကြသော သူများသည် မိဘများနှင့် အိမ်ထောင်ဖက်များထံမှ အားကောင်းသောပံ့ပိုးမှုကို ရရှိကြပြီး မိဘများက အလွန်အားပေးသည်ဟု ဖြေဆိုသူ ၃၇.၈% နှင့် အိမ်ထောင်ဖက်များက အလွန်အားပေးသည်ဟု ဖြေဆိုသူ ၃၅.၆% ရှိသည်။ အတူလုပ်ကိုင်ကြသူများ၊ မိတ်ဆွေများမှာမူ ၎င်းတို့၏ နိုင်ငံရေးရည်မှန်းချက်များနှင့် ထောက်ခံအားပေးမှုမှာ ရောထွေးနေသည်ဟု လွှတ်တော်ကိုယ်စားလှယ်များက ပြောကြားသည်။

- ၂၀၁၀ ရွေးကောက်ပွဲများ ကျင်းပသောကာလသည် မရေမရာရှိသည့်အပြင် နိုင်ငံရေးတင်းကြပ်ထားသော အခြေအနေကြောင့် ကိုယ်စားလှယ်လောင်းများကို ထောက်ပံ့ရန် အဓိကရင်းမြစ်များရှိသော နိုင်ငံရေးပါတီအနည်းငယ်သာရှိသည်ဖြစ်ရာ ကျွမ်းကျင်မှု အခြေခံသောသင်တန်းများကို လုပ်ဆောင်နိုင်ခြင်းမရှိ သည်ကို အံ့အားသင့်စရာမရှိပေ။ အရပ်ဖက်လူမှုအဖွဲ့အစည်းများအဖို့လည်း ကိုယ်စားလှယ်လောင်းများ ကို ကူညီပံ့ပိုးမှုပေးရန် တင်းကျပ်သည့်တားဆီးမှုများကြောင့် အခွင့်မသာခဲ့ကြရာ အကျိုးဆက်အနေနှင့် ကိုယ်စားလှယ်လောင်းများအနေဖြင့် ရင်းမြစ်များကို လွန်စွာလိုအပ်နေချိန်၌ ရရှိသည့်ရင်းမြစ်များမှာ လုံလောက်မှုမရှိခဲ့ပါ။

- ယေဘုယျအားဖြင့် ၂၀၁၀ ရွေးကောက်ပွဲဝင် အမျိုးသမီးကိုယ်စားလှယ်လောင်းများက ၎င်းတို့အတွက် ပြည်ထောင်စုအဆင့်နှင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်လွှတ်တော်များ၏ လုပ်ငန်းနှင့်ဆိုင်သည့် အချက်အလက်အနည်းငယ်မျှသာရရှိသည်ဟု ပြောကြားကြသည်။ အမျိုးသမီးကိုယ် စားလှယ်လောင်းတစ်ဦးက သူသည် အစပိုင်းက ရွေးကောက်ပွဲဥပဒေများကို နားမလည်ခဲ့ကြောင်းနှင့် သူ၏ပါတီကလည်း ယင်းလုပ်ထုံးလုပ်နည်းများ၏ မိတ္တူကိုပင် ပေးစရာမရှိကြောင်း ပြန်လည်ပြောပြခဲ့သည်။

- နိုင်ငံရေးပါတီများက ရွေးကောက်ပွဲအကြိုကာလတွင် ၎င်းတို့၏ ကိုယ်စားလှယ်လောင်းများအား ပံပိုးကူညီမှုများ အများဆုံးပေးခဲ့သည်ဟု ဆိုကြသော်လည်း ပံ့ပိုးကူညီမှုသည်  တစ်သမတ်တည်းမဟုတ်ပဲ အကန့်အသတ်ရှိသည့်အပြင် အမျိုးသမီး ကိုယ်စားလှယ်လောင်း ၆၉%  ကသာ မဲဆွယ်စည်းရုံးမှုနှင့် မဲဆန္ဒရှင်များနှင့်တွေ့ဆုံမှုများတွင် ကူညီပံ့ပိုးမှုရရှိသည်ဟု ပြောဆိုခဲ့သည်။ လွှတ်တော်ကိုယ် စားလှယ်ဖြစ်လာလျှင် တာဝန်ယူရမည့်ကဏ္ဍနှင့် ဝတ္တရားများနှင့်ပတ်သက်သည့် အချက်အလက်များကို ရွေးကောက်ပွဲမတိုင်မီ ရရှိသည်ဟုပြောကြားသူ အမျိုးသမီးကိုယ်စားလှယ်လောင်း ၂၇% သာရှိ သည်။

- အမျိုးသမီးကိုယ်စားလှယ်လောင်းအများစုအတွက် ရန်ပုံငွေရရှိရေးသည် အဓိကစိန်ခေါ်မှုဖြစ်ပြီး ၄၀% ကသာ ပါတီထံမှ မဲဆွယ်ရန်ပုံငွေလက်ခံရရှိသည်ဟု ပြောကြားသည်။ ရွေးကောက်ပွဲအကြိုကာလတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းများကို သီးသန့်ရည်ရွယ်ထားသော အစီအစဉ်များဖြင့် အကြံပေးခြင်းနှင့် သင်တန်းများပေးခြင်းကို လက်ခံရရှိသည်ဟု ပြောကြားသူ တစ်ဦးမှမရှိပေ။ ဤကိစ္စသည် အံ့ သြစရာမရှိသော်လည်း မြန်မာနိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းစကာလတွင် အမျိုးသမီးများရင်ဆိုင်ရသော အဓိကစိန်ခေါ်မှုများ ရှိနေသည်ဆိုသည်မှာ အထူးသဖြင့်အရေးကြီးသည်။

- အမျိုးသမီးကိုယ်စားလှယ်လောင်းများအနေဖြင့်  ရွေးကောက်ပွဲနှင့် မဲပေးခြင်းလုပ်ငန်းစဉ်အကြောင်း တစွန်းတစသာသိရှိသော၊ မဲဆန္ဒရှင်ပညာပေးခြင်းနှင့် မဲဆန္ဒရှင်များနှင့်တွေ့ဆုံခြင်း လုပ်ငန်းများကို အနည်းငယ်သာ တွေ့ကြုံဖူးသော မဲဆန္ဒရှင်များကို မကြာခဏကြုံရလေ့ရှိသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ခုလုံးနှင့် ပတ်သက်၍ အချက်အလက်နှင့် အထွေထွေသိရှိမှု နည်းပါးခြင်းသည် တိုင်းရင်းသား ရပ်ရွာလူထုနှင့် တွေ့ဆုံသော ကိုယ်စားလှယ်လောင်းများ အထူးကြုံတွေ့ရသည့် အချက်ဖြစ်သည်။ ရွေးကောက်ပွဲကျင်းပမှုအပေါ် လူထုမယုံကြည်ခြင်းနှင့် နိုင်ငံရေးလုပ်ငန်းစဉ်တွင် ပါဝင်ထိတွေ့ရန် မလိုလားခြင်းတို့သည် ရှုပ်ထွေးခြင်း၊ ကောလဟာလနှင့် ကြောက်ရွံ့ခြင်း အခြေအနေကို ဖြစ်ပေါ်စေခဲ့သည်။

- အမျိုးသမီးကိုယ်စားလှယ်လောင်းအများစုသည် မဲဆွယ်သည့်ကာလအတွင်း ၎င်းတို့ရင်ဆိုင်ရသော အဓိကအခက်အခဲမှာ အခြားပါတီများထံမှ စွပ်စွဲမှုများနှင့် ပြစ်တင်ဝေဖန်မှုများ ဖြစ်သည်ဟု ပြောကြားကြသည်။ လက်တွေ့အခက်အခဲတစ်ခုမှာ မဲဆွယ်ကာလအတွင်း အမျိုးသမီးကိုယ်စားလှယ်လောင်းများ ခရီးသွားရာတွင် များစွာစိန်ခေါ်မှုရှိနေခြင်းဖြစ်သည်။ သာကေအနေနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ် နှင့် ကိုယ်စားလှယ်လောင်းများကို ဒေသခံရပ်ရွာလူထုက ယုံကြည်မှုမရှိကြသောကြောင့် အမျိုးသမီးကိုယ်စားလှယ်လောင်းများအတွက် လုံခြုံသော တည်းခိုရန်နေရာ ရရှိရေး အခက်တွေ့ခဲ့ကြသည့်အပြင် ဒေသအာဏာပိုင်များက လက်တုံ့ပြန်မည်ကိုလည်း စိုးရိမ်ခဲ့ကြရသည်။

- ၎င်းစိန်ခေါ်မှုများအပေါ် တွင် ကိုယ်စားလှယ်လောင်းများအား ကျားမခွဲခြားမှုက ထပ်ပေါင်းထည့်ခံရသလိုဖြစ်ခဲ့ရပြီး အမျိုးသမီးများ၏ ပြုမူနေထိုင်ပုံနှင့်ပတ်သက်သော ရှေးရိုးစွဲအမြင်များက အမျိုးသမီး ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်မှုအတွေ့အကြုံအပေါ် သိသာထင်ရှားစွာ သက်ရောက်မှုရှိခဲ့သည်။ အထူးသဖြင့်အမျိုးသမီးကိုယ်စားလှယ်လောင်းများ လွတ်လပ်စွာခရီးသွားလာခြင်းနှင့် နိုင်ငံရေး နှင့်ဆိုင်သော ပြုမူကျင့်ကြံခြင်းများအပေါ် မဲဆန္ဒရှင်များ၊ အထူးသဖြင့်အခြားအမျိုးသမီးများက မကြာခဏ မေးခွန်းထုတ်လေ့ရှိကြသည်။ အမျိုးသမီးမဲဆန္ဒရှင်များထံမှ ပံ့ပိုးမှုမရရှိခြင်းသည် အမျိုးသမီးများအား နိုင်ငံရေးနယ်ပယ်သို့ အောင်မြင်စွာဝင်ရောက်မှုကို အဓိကတားဆီးနေသောအချက်အဖြစ် အများစုကသတ်မှတ်ထားကြသည့်အလျောက် ၎င်းအတွေ့အကြုံများသည် အမျိုးသမီးကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခံရသည့်အချိန်တွင် ဖျောက်ဖျက်မရသည့် ယူဆချက်ကို ဖြစ်စေသည်။

## လွှတ်တော်ကိုယ်စားလှယ်များအဖြစ် နေထိုင်ရသောဘဝနှင့် အလုပ်

- စာတမ်းပြုစုရာတွင်မေးမြန်းခဲ့သည့် အမျိုးသမီးအများစုသည် ရွေးကောက်တင်မြှောက်ခံ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ဆောင်ရွက်ရမည့် အခန်းကဏ္ဍများ၊ ဝတ္တရားများကို ရှင်းရှင်းလင်းလင်း နားလည်ခြင်းမရှိပဲ လွှတ်တော်ကိုယ်စားလှယ်များဖြစ်လာခဲ့ကြသည်။ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် အများစုအတွက် ရွေးကောက်ပွဲအလွန်တွင် ဘဝပုံစံပြောင်းလဲမှုသည် အလွန်ကြီးမားကြောင်း အင်တာဗျူးများတွင် ထင်ရှားစွာတွေ့ရသည်။ လွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့၏ မဲဆန္ဒနယ်များအပေါ် ထားရှိရမည့် ဝတ္တရားများပေါ်အမြင်များနှင့် လူထုလိုအပ်ချက်များအပေါ် တုံ့ပြန်ဆောင်ရွက်ပေးရမည့် စွမ်းဆောင်ရည်ပိုင်းဆိုင်ရာတွင် သိသိသာသာ ပြောင်းလဲသွားသည်ဟု ထုတ်ဖော် ပြောဆိုကြသည်။

- လွှတ်တော်ကိုယ်စားလှယ်အဖြစ် လုပ်ဆောင်မှုကြောင့် သက်ဆိုင်ရာမဲဆန္ဒနယ်မှ အသိအမှတ်ပြုမှု ကြီးမားလာခြင်းအပါအဝင် မိသားစုအသိုင်းဝိုင်းများ၊ လူမှုကွန်ယက်များထံမှ ယုံကြည်မှုနှင့် လေးစားမှုများ မြင့်တက်လာသည်ဟု လွှတ်တော်ကိုယ်စားလှယ်များက ပြောကြားသည်။ ရပ်ရွာအသိုင်းအဝိုင်းနှင့် လူမှု ကွန်ရက်များတွင် လွှတ်တော်ကိုယ်စားလှယ်များတွေ့ကြုံရသော ပြောင်းလဲမှုများသည် အားအင်ပြည့်ဝစေခြင်းဟု ယေဘုယျသတ်မှတ်နိုင်သည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက "ဘယ်လောက်ပဲ ရာထူးကြီးတဲ့သူဖြစ်ပါစေ၊ ကိစ္စမရှိဘူး။ ကိုယ်က မှန်ကန်တဲ့အရာကို လုပ်နေတဲ့အတွက် လွှတ်တော်မှာ တင်ပြဖို့ သတ္တိရှိတယ်။ ကိုယ့်ကိုကိုယ် ပိုပြီး ယုံကြည်မှုရှိလာတယ်" ဟု ပြောကြားသည်။

- လွှတ်တော်ကိုယ်စားလှယ် လုပ်ငန်းတာဝန်များ၏ မိသားစုဘဝနှင့် အိမ်ထောင်စုဝတ္တရားများအပေါ် သက်ရောက်မှုသည် ပြည်ထောင်စုအဆင့်တွင် ပိုမိုသိသာထင်ရှားသည်။ သို့သော်လည်း တစ်နိုင်ငံလုံးရှိလွှတ်တော်များမှ လွှတ်တော်ကိုယ်စားလှယ်များက အလုပ်နှင့်ဆက်နွယ်သော ကိစ္စရပ်များကြောင့်မိသားစုအပေါ် ပျက်ကွက်မှုများကြောင့် အပြစ်မကင်းခြင်း၊ ပူပန်ခြင်းများ ခံစားရကြောင်းထုတ်ဖော်ပြောဆိုသည်။

## စွမ်းဆောင်ရည်တည်ဆောက်မှု အကူအညီ

- လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍ၊ ဝတ္တရားတို့နှင့်ပတ်သက်သည့် စွမ်းရည်တည် ဆောက်မှုသင်တန်းပေးခြင်းကို လက်ခံရရှိသည်ဟု ဖြေဆိုသူ အရေအတွက်မှာ ပြည်ထောင်စုအဆင့်တွင် ၈၄ % နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင် ၇၅% ရှိသည်။ သို့ရာတွင် ဖြေဆိုသူ ထက်ဝက်ခန့်ကသာ စီမံကိန်းရေးဆွဲခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ ကြီးကြပ်ခြင်းတို့နှင့် ပတ်သက်သည့် စွမ်းဆောင်ရည်တည်ဆောက်မှု သင်တန်းကို လက်ခံရရှိသည်ဟု ပြောကြားခဲ့ကြသည်။ ပြည်သူ့ရေးရာ မူဝါဒအပေါ် လွှမ်းမိုးနိုင်ရန်အတွက် ဘတ်ဂျက်ကို နားလည်သဘောပေါက်မှုသည် အဓိကကျသောကြောင့် ၎င်းကဏ္ဍနှင့်ပတ်သက်၍ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များကို အဆင့်မြင့်မြင့် ပံ့ပိုးကူညီပေးခြင်းသည် ရှေ့လုပ်ငန်းစဉ်များတွင် အရေးကြီးအကြောင်းအရာတစ်ခုအနေဖြင့် ပါဝင်သည်။

- အမျိုးသမီးကိုယ်စားလှယ်များက လက်တွေ့ပိုင်းကျွမ်းကျင်မှုရှိရန်အတွက် ဖြည့်ဆည်းရမည့် ပညာရပ်များစွာလိုသော်လည်း ပံ့ပိုးကူညီမှု အားနည်းသည်ဟု ယူဆရသည့် ကိစ္စရပ်များရှိသည်ဟု ပြောဆိုသည်။ မဲဆန္ဒနယ်နှင့်ဆက်ဆံခြင်း၊ လူထုကို ဦးဆောင်ခြင်း၊ ဆက်သွယ်ခြင်း၊ သုတေသနပြုခြင်း၊ စီမံကိန်းရေးဆွဲခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ကြီးကြပ်ခြင်းကိစ္စရပ်များဖြစ်သည်။ မိမိကိုယ်ကိုယုံကြည်စိတ်ချမှု၊ ပညာရေးအဆင့်နှင့် အတွေ့အကြုံ စသည့်အရာများ မရှိခြင်းသည် အမျိုးသမီးများနိုင်ငံရေးနယ်ပယ်သို့ ဝင်ရောက်

ရာတွင်လည်းကောင်း၊ ဝင်ရောက်ပြီးလျှင်လည်း ရှန်းကန်ရ မည့် အဓိကအတားအဆီးများဖြစ်သည့်အလျောက် သုတေသနလေ့လာမှုလုပ်ငန်းစဉ်တစ်လျောက်လုံးတွင် အကြိမ်ကြိမ်တင်ပြခဲ့ကြသည်ကို တွေ့ရှိရသည်။

- လူစုလူဝေးကို ဟောပြောခြင်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းတို့နှင့်ပတ်သက်၍ သင်တန်းပေးမှုကို ပြည်ထောင်စုအဆင့်လွှတ်တော်ကိုယ်စားလှယ် ငါးပုံတစ်ပုံခန့်ကသာ လက်ခံရရှိပြီး  ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင် ကိုယ်စားလှယ် ထက်ဝက်ကျော်ခန့် တက်ရောက် ခွင့်ရကြသည်။ လူစုလူဝေးအား ဟောပြောမှုဆိုင်ရာသင်တန်းတက်လိုသည့် ဆန္ဒကို ဖြေဆိုသူအများအပြားက ထုတ်ဖော်ပြောဆိုခဲ့ကြသည်။

## လွှတ်တော်တွင် အမျိုးသမီးကိုယ်စားလှယ်များ ပါဝင်လှုပ်ရှားမှု

- ပြည်ထောင်စုအဆင့်တွင် ရွေးကောက်တင်မြှောက်ခံရသော အမျိုးသမီးကိုယ်စားလှယ်များအားလုံးသည် အနည်းဆုံး ကော်မတီတစ်ခုစီတွင် ပါဝင်ခွင့်ရခဲ့ကြပြီး ယင်းကော်မတီများတွင် ခေါင်းဆောင်နေရာ ရရှိသူမှာမူ အနည်းငယ်မျှသာရှိသည်။ ၎င်းတို့အား ကော်မတီဥက္ကဋ္ဌနေရာရရှိရေး ကြိုးပမ်းမှု၊ ဖြစ်လိုသည့်ဆန္ဒများကို ဟန့်တားနေသော အဓိကအတားအဆီးများမှာ မိမိကိုယ်ကိုယုံကြည်မှုမရှိခြင်းနှင့် နည်းစနစ်ဆိုင်ရာ ကျွမ်းကျင်မှု မရှိခြင်းတို့ဖြစ်သည်ဟု ဖြေဆိုသူအချို့က ဖော်ထုတ်ပြကြသည်။
- တစ်ဦးချင်းအနေနှင့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်၌ ကြယ်ပွင့်ပြမေးခွန်းများ (အများပြည်သူရှေ့တွင် ဖြေဆိုရန်) နှင့် ကြယ်ပွင့်မပြမေးခွန်းများ (စာရေး၍ ဖြေဆိုရန်) ကို တင်သွင်းရာတွင် ပါဝင်ခဲ့ကြသည်။ သို့ရာတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းသော မေးခွန်းအရေအတွက်သည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းသော အရေအတွက်နှင့် နှိုင်းယှဉ်လျှင် များစွာနည်းပါးနေသည်။ ပြည်ထောင်စုအဆင့်တွင် လွှတ်တော် ကိုယ်စားလှယ် အားလုံးတင်သွင်းသော စုစုပေါင်း ကြယ်ပွင့်ပြမေးခွန်း ၆၂၂၇ ခုအနက် အမျိုးသမီး ကိုယ်စားလှယ်များက ၄၀၉ ခု (၆.၆%) တင် သွင်းခဲ့ကြပြီး၊ ကြယ်ပွင့်မပြမေးခွန်း ၉၄၅၄ ခုအနက် ၅၉၀ ခု (၆.၂%) တင်သွင်းခဲ့ကြသည်။ စာတမ်းမေးမြန်းခဲ့ရာတွင် ဖြေဆိုသူအချို့က လွှတ်တော်တွင် မေးခွန်းများတင်သွင်းရန် အမျိုးသမီးများအတွက် အခွင့်အရေးနည်းသည်ဟု မတူညီသည့် အကြောင်းပြချက်များကိုင်ဆွဲလျက်ပြောပြခဲ့ကြသော်လည်း အစည်းအဝေးများတလျောက် အမျိုးသမီးကိုယ်စားလှယ်များ တင်သွင်းသော မေးခွန်းများတစ်ဖြည်းဖြည်း များပြားလာခဲ့သည်။
- ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ ၂၇% သို့မဟုတ် ၁၂ ဦးက ၎င်းတို့၏ ကိုယ်စားလှယ်သက်တမ်းအတွင်း ဥပဒေပြုခြင်းကို ကမကထပြုခြင်း သို့မဟုတ် စတင်မိတ်ဆက်ခြင်းကို လုပ်ဆောင်ခဲ့သည်ဟု ပြောကြားခဲ့သည်။
- စစ်တမ်းတွင်ဖြေဆိုသူ အမျိုးသမီးကိုယ်စားလှယ်များက အမျိုးသမီးနှင့်ဆိုင်သော ကိစ္စများ (၅၇% အလွန်တက်ကြွ)၊ ကျေးလက်ဖွံ့ဖြိုးရေးကိစ္စများ(၅၇% အလွန်တက်ကြွ) တွင် အတက်ကြွဆုံးဟု ပြောကြားကြသည်။ ၎င်းကဏ္ဍများ၏နောက်တွင် ပညာရေး (၅၀% အလွန်တက်ကြွ)၊ လူမှုရေးနှင့် ရပ်ရွာအ ရေးကိစ္စများ (၄၈% အလွန်တက်ကြွ) ၊ ကျားမတန်းတူညီမျှရေး (၄၅% အလွန်တက်ကြွ)၊ အခြေခံဥပဒေ ကိစ္စများ (၄၁% အလွန်တက်ကြွ)၊ ကျန်းမာရေးစောင့်ရှောက်မှု (၃၉% အလွန်တက်ကြွ)  စသော ကဏ္ဍများ အသီးသီး ရပ်တည်နေသည်။ သုတေသနနှင့် နည်းပညာ (၅%အလွန်တက်ကြွ)နှင့် နိုင်ငံခြားရေးရာကိစ္စများ (၅%အလွန်တက်ကြွ) တွင် ကိုယ်တိုင်တင်ပြဆောင်ရွက်မှု သိသိသာသာ နည်းပါးလျက်ရှိသည်။
- လွှတ်တော်တွင်းရှိ အမျိုးသမီးကိုယ်စားလှယ်များအကြား ပူးပေါင်းဆောင်ရွက်မှုသည် များသောအားဖြင့် ပါတီများအတွင်း၌သာ ဖြစ်ပေါ်လေ့ရှိသည်။ ဥပဒေပြုမှု တိုးတက်ရေးနှင့် အသိအမြင်တိုးပွားရေးအတွက် ပါတီအရ ခြားနားနေမှုကို ကျော်လွှန်၍ အခြားအမျိုးသမီးကိုယ်စားလှယ်များနှင့် ပူးပေါင်းလုပ်ဆောင်မှု အနည်းငယ်မျှသာရှိသည်။

## မဲဆန္ဒနယ်များနှင့် အပြန်အလှန်ဆက်ဆံရေးနှင့် သတင်းအချက်အလက် ရရှိမှု

- သုတေသနစစ်တမ်း ဖြေဆိုသူများအား ၎င်းတို့မဲဆန္ဒနယ်များ၏ ထိပ်တန်းအရေးကြီးကိစ္စသုံးမျိုးကို မေးမြန်းသောအခါ ဖြေဆိုသူထက်ဝက်ကျော် (၅၁.၅%) က ဆင်းရဲမွဲတေမှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးရေး (၃၇.၈%) ၊ တရားမဝင်မူးယစ်ဆေးဝါးသုံးစွဲမှုနှင့်ရောင်းဝယ်မှု (၃၅.၆%) နှင့် ပညာရေး (၃၅.၆%) ကိစ္စတို့ကို ထုတ်နှုတ်ပြခဲ့ကြသည်။
- မဲဆန္ဒနယ်များ၏လိုအပ်ချက်များနှင့်ပတ်သက်သော သတင်းအချက်အလက်များကို သက်ဆိုင်ရာ မဲဆန္ဒနယ်များမှ တိုက်ရိုက်ရရှိသည်ဟု အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များက တစ်ညီတစ်ညွတ်တည်း ပြောကြားသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များကမူ မဲဆန္ဒနယ်များ၏ လိုအပ်ချက်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကိုပြည်ထောင်စုလွှတ်တော်မှ လုပ်ဖေါ်ကိုင်ဖက်များထက် ဒေသခံမြို့နယ်၊ ကျေးရွာအာဏာပိုင်များထံမှသာ များသောအားဖြင့် ရရှိသည်ဟုပြောဆိုကြသည်။ ရပ်ရွာအဆင့်ပြဿနာများကို ဖြေရှင်းရန် ကြိုးစားရာတွင် ဒေသခံအာဏာပိုင်များနှင့် ထိတွေ့ဆက်ဆံမှုပုံစံအမျိုးမျိုးရှိခဲ့သည်ဟုလွှတ်တော်ကိုယ်စားလှယ်များကပြောကြားသည်။ပြဿနာများကိုဖြေရှင်းရာတွင်ဒေသအာဏာပိုင်များနှင့်

ထိရောက်သော အလုပ်သဘောဆက်ဆံရေးသည် အရေးကြီးသည်ဟု အချို့ကယူဆကြပြီး အချို့ကလည်း ၎င်းတာဝန်ရှိသူများကို ပူးပေါင်းဆောင်ရွက်မည့်သူများအစား အတားအဆီးသဖွယ်ဖြစ်နေသည်ဟု ရှုမြင်ကြသည်။

- အချို့ကိုယ်စားလှယ်များ အထူးသဖြင့် လွှတ်တော်နှင့် နိုင်ငံတကာအဖွဲ့အစည်းများထံမှ သတင်းအချက်အလက်ရရှိသူများကလည်း များပြားလှသော အစီရင်ခံစာများ၊ အချက်အလက်များ၊ ကိုးကားစရာများ၊ အထောက်အထားများထဲမှ အသုံးဝင်ဆုံးအချက်အလက်ကို ရွေးချယ်ရာတွင် ခက်ခဲမှုကို အဓိကတွေ့ကြုံရသည်ဟုခံစားယူဆကြသည်။ လွှတ်တော်ကိုယ်စားလှယ်များအတွက် သတင်းအချက် အလက်မရရှိခြင်းသည် သတင်းအချက်အလက်များကို စုစည်းတည်ဆောက်ရန် ထိရောက်သော နည်းစနစ်နှင့် မဟာဗျူဟာများ ရှာဖွေခြင်းကဲ့သို့ ပြဿနာမရှိကြောင်းကို တွေ့ရှိချက်များက ပြသနေသည်။ သုတေသနကိစ္စများတွင် ကျွမ်းကျင်သော ဝန်ထမ်းနှင့် ကူညီမည့်သူမရှိခြင်းသည်လည်း အဓိကကျသော အခက်အခဲဖြစ်သည်ဟု စစ်တမ်းဖြေဆိုသူများက ရှင်းပြသည်။ သုတေသနပြုရာ တွင်၊ မဲဆန္ဒနယ်များသို့ ခရီးထွက်ရာတွင် လိုက်ပါကူညီနိုင်သော ကွန်ပြူတာကျွမ်းကျင်ဝန်ထမ်း ခန့်ထားရေး ကိုယ်စားလှယ်များက အကြိမ်ကြိမ် ထောက်ပြခဲ့ကြသည်။

**အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီများ**

- အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့သည် မဲဆန္ဒနယ်၏ အကျိုးစီးပွားကို ကိုယ်စားပြုရန် အဦးဆုံးနှင့် ပထမဆုံး တာဝန်ရှိသည်ဟု ခံစားမိသော်လည်း မိခင်ပါတီ၏ မူဝါဒများ၊ လမ်းညွှန်ချက်များက ကန့်သတ်ထိန်းချုပ်ထားကြောင်းနှင့်၊ ၎င်းတို့၏ တစ်ဦးချင်းအမြင်များသည် ပါတီ ဦးစားပေးကိစ္စရပ်များနှင့် ချိန်ထိုးလျှင် မျက်နှာသာမရခြင်း၊ ဘောင်မဝင်ခြင်းများလည်း ရှိနေသည်။
- ပါတီ၏ သဘောထားမှ ကင်းလွတ်လျက်ပြဿနာများကို လွတ်လပ်စွာ ဖြေရှင်းခွင့်ရှိသည်ဟူသော အချက်ကို ဖြေဆိုသူ ကိုယ်စားလှယ် ၇၁% က အခိုင်အမာထောက်ခံခဲ့ကြပြီး ၁၁ % ကလည်း ထောက်ခံခဲ့သည်။ ကိုယ်စားလှယ်များသည် အမျိုးသမီးအရေးကိစ္စများတွင် ပါတီက အထူးမူဝါဒချ မှတ်ထားမှသာ ဆောင်ရွက်နိုင်သည် ဟူသောအချက်ကို ဖြေဆိုသူကိုယ်စားလှယ် ထက်ဝက်ခန့် (၄၉%) က အခိုင်အမာထောက်ခံခဲ့ကြသည်။

**ကျားမအခြေခံသော ခွဲခြားဆက်ဆံမှု**

- ကိုယ်စားလှယ်များ၏ နိုင်ငံရေးသက်တမ်းအတွင်း ကျားမကိုအခြေခံသော ခွဲခြားဆက်ဆံခံရမှု အတွေ့ အကြုံများနှင့်ပတ်သက်၍ တိုက်ရိုက်မေးမြန်းသောအခါ ဖြေဆိုသူ သုံးပုံတစ်ပုံက ယင်းကဲ့သို့ ခွဲခြားဆက်ဆံခြင်းကို ရင်ဆိုင်ခဲ့ရကြောင်းပြောကြားသည်။ ဤအတိုင်းအတာသည် သိသိသာသာ နည်းပါးသည်ဟုဆိုနိုင်သော်လည်း အခြေအနေများကိုထည့်သွင်းစဉ်းစားရန်လိုအပ်သည်။ မြန်မာနိုင်ငံတွင် အမျိုးသမီးများအပေါ် လူ့အသိုင်းအဝိုင်းက မျက်နှာသာမပေးမှု ကျယ်ကျယ်ပြန့်ပြန့် အမြစ်တွယ်နေခြင်း ဆက်လက်အားကောင်းရန်ရှိပြီး အထူးသဖြင့်ခေါင်းဆောင်မှုနေရာများရှိ အမျိုးသမီးများအပေါ်တွင် ခွဲခြားမှုပြင်းထန်သည်။ အမျိုးသမီးကိုယ်စားလှယ်များအား ထဲထဲဝင်ဝင် မေးမြန်းကြည့်သောအခါ ခွဲခြားဆက်ဆံမှုအဖြစ်သတ်မှတ်နိုင်သော အခက်အခဲများစွာကို ရင်ဆိုင်နေရကြောင်း ထင်ရှားလာသည်။
- စာရွက်ဖြင့်ဖြေဆိုရသော စစ်တမ်းတွင် ခွဲခြားဆက်ဆံခြင်းကို တွေ့ကြုံရကြောင်း ဖော်ပြခြင်းမရှိသည့် ကိုယ်စားလှယ်များစွာသည် ၎င်းတို့ကို တွေ့ဆုံမေးမြန်းသည့်အခါတွင်မှ အမျိုးသားများထက် ပိုမိုနိမ့်ချ ဆက်ဆံခြင်းခံရကြောင်းပြောကြားခဲ့ကြသည်။ အမျိုးသမီးကိုယ်စားလှယ်များက ၎င်းတို့၏ အမျိုးသား လုပ်ဖော်ကိုင်ဖက်များ ကြုံတွေ့ရခြင်းမရှိဟု ယူဆရသော မချေမငံ၊ မလေးမစားဆက်ဆံခံရမှု ဖြစ်ရပ်များကို ထုတ်ဖော်ပြောဆိုခဲ့ကြပြီး အထူးသဖြင့် အစိုးရဝန်ထမ်းများထံမှ ဖြစ်သည်ဟု ဆိုကြသည်။ ထို့အပြင် ပါတီအစည်းအဝေးများတွင်ဖြစ်စေ၊ စားသောက်ဆိုင်များ၊ စားဝိုင်းသောက်ဝိုင်းများ၌ အမျိုးသားကိုယ်စားလှယ်များ အလွတ်သဘော စုဝေးကြလျှင်ဖြစ်စေ၊ မူဝါဒနှင့်ပတ်သက်၍ အမျိုးသားများ ကြီးစိုးသော ဆွေးနွေးမှုများတွင် ဘေးဖယ်ထားခြင်း ခံရသည်ဟုလည်း ပြောကြားကြသည်။

**အမျိုးသမီးများ ပါဝင်မှု တိုးလာခြင်း**

- ၂၀၁၅ ရွေးကောက်ပွဲများတွင် ဒေါ်အောင်ဆန်းစုကြည်၏ပါတီ အပြည့်အဝအောင်ပွဲရမှုကြောင့် မြန်မာနိုင်ငံ၌ အစိုးရရုံးများတွင် အမျိုးသမီးများအားမျက်နှာသာမပေးဟူသော စွပ်စွဲချက်များမှာ ချဲ့ကားမှုဖြစ်ကြောင်း အချို့ကမှတ်ချက်ပေးဖွယ်ရှိသော်လည်း ခေါင်းဆောင်မှုနေရာများရှိ အမျိုးသမီးများ အပေါ်တွင်လည်းကောင်း၊ အထူးသဖြင့် နိုင်ငံရေး၌ အမျိုးသမီးများပါဝင်မှုအပေါ်တွင် လူထုက မျက်နှာသာပေးမှုမရှိကြောင်းကိုလူထုသဘောထားစစ်တမ်းများနှင့်သုတေသနလေ့လာမှုများကထင်ရှားစွာပြသနေသည်။ အမျိုးသမီးနိုင်ငံရေးသမားများရင်ဆိုင်ရသော အကြီးဆုံး အတားအဆီးများမှာ မိမိကိုယ်ကို ယုံကြည်စိတ်ချမှုမရှိခြင်း၊ ပညာရေး အားနည်းခြင်း၊ ရန်ပုံငွေထောက်ပံ့မှု မရှိခြင်းတို့ဖြစ်သည်ဟု အမျိုးသမီးကိုယ်စားလှယ်များက သတ်မှတ်ကြသည်။ ကျားမ တန်းတူညီမျှရေးအတွက် အမျိုးသားများပူးပေါင်းပါဝင် ထောက်ခံအားပေးခြင်းသည် နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်မှု မြင့်တက်လာစေမည့် အထိရောက်ဆုံးနည်းလမ်းဖြစ်သည်ဟု အမျိုးသမီးကိုယ်စားလှယ်များက မှတ်ချက်ပေးခဲ့ကြပြီး ဖြေဆိုသူ ၇၁% က

လွန်စွာထိရောက်မည်ဟုလည်းကောင်း၊ နောက်ထပ် ၁၆% က ထိရောက်မှုရှိမည်ဟုလည်းကောင်း ပြောကြားခဲ့သည်။

- ပိုမိုအံ့အားသင့်စရာကောင်းသော တွေ့ရှိချက်တစ်ခုမှာ အမျိုးသမီးကိုယ်စားလှယ်များက ၎င်းတို့အား အမျိုးသမီးမဲဆန္ဒရှင်များက အမျိုးသားမဲဆန္ဒရှင်များလောက် ထောက်ခံအားပေးခြင်း မရှိ ဟုထင်မြင်ယူဆမှုဖြစ်သည်။ ဖြေဆိုသူကိုယ်စားလှယ် ၈၂% က အမျိုးသမီးမဲဆန္ဒရှင်များထံမှ ထောက် ခံပံ့ပိုးမှု မရခြင်းသည် နိုင်ငံရေးနယ်ပယ်သို့ အမျိုးသမီးများဝင်ရောက်မှုကို တားဆီးနေသည် ဟူသော ယူဆချက်ကို များစွာသဘောတူသတ်မှတ်ခဲ့ကြပြီး ဖြေဆိုသူ ၅၁% ကမူ အမျိုးသားမဲဆန္ဒရှင်များထံမှ ထောက်ခံမှု မရခြင်းသည်လည်း ညီတူမျှတူအရေးကြီးသော အတားအဆီးဖြစ်သည်ဟု သတ်မှတ်ယူဆ ကြသည်။
- ကိုယ်စားလှယ်များက နက်နက်နဲနဲမဟုတ်သည့်တိုင် မဲပေးမည့် ပြည်သူများကြား အသိအမြင်များမြှင့်တင်ရန် လိုအပ်သည်ဟု ခိုင်ခိုင်မာမာ ယူဆထားကြဆဲ ဖြစ်ပြီး (များစွာထိရောက်သည်ဟု ယူဆသူ ၅၈% ၊ ထိရောက်သည်ဟုယူဆသူ ၂၄%)၊ နိုင်ငံရေး ရာထူးများတွင် အမျိုးသမီးအရေအတွက်မြင့်တက်လာစေရန် ဝေစုသတ်မှတ်ခြင်းကို အသုံးပြုရေးကိုလည်း ဆွေးနွေးခဲ့ကြသည် (များစွာထိရောက်သည်ဟု ယူဆသူ ၅၁% ၊ ထိရောက်သည်ဟု ယူဆသူ ၂၄%) ။

**စစ်တမ်းမှ လေ့လာတွေ့ရှိချက်များနှင့် ၂၀၁၁-၂၀၁၆ လွှတ်တော်များမှ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ အတွေးအမြင်များ**

ဤအစီရင်ခံစာသည် ၂၀၁၁ မှ ၂၀၁၆ ခုနှစ်များအတွင်း ရွေးချယ်တင်မြှောက်ခံရသော အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်ပထမမျိုးဆက်၏ နိုင်ငံရေးသမားအဖြစ်နှင့် ကြုံတွေ့ရသည့် စေ့ဆော်မှုများ၊ စိန်ခေါ်မှုများကို နားလည်သဘောပေါက်စေရန် ၎င်းတို့၏အတွေ့အကြုံများကို အသေးစိတ်လေ့လာ ဖော်ပြထားပါသည်။ ဤသုတေသနလေ့လာမှုမှ ထွက်ပေါ်လာသော အတွေးအမြင်များသည် နောက်မျိုးဆက်များ အတွက်သာမက နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်မှုပိုမိုအားကောင်းလာစေရန် ရည်ရွယ်၍ ပံ့ပိုးသည့် အစိုးရ၊ နိုင်ငံရေးပါတီများ၊ အရပ်ဖက် အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးတိုးတက်ရေး အသိုင်းအဝိုင်းများ၏ လုပ်ငန်းများထိရောက်ရေးအတွက် အသုံးဝင်လိမ့်မည်ဟု သုတေသနအဖွဲ့မှ မျှော်လင့်သည်။

သုတေသနလေ့လာမှု၏ အဓိကတွေ့ရှိချက်များကို အထက်တွင်တင်ပြထားပြီးဖြစ်သော်လည်း လေ့လာမှုအချက်အလက်များ၏ ပိုမိုကျယ်ပြန့် သောသုံးသပ်ချက်အကျဉ်းချုပ်နှင့်မြန်မာ့နိုင်ငံရေးနယ်ပယ်၊အထူးသဖြင့်လွှတ်တော်တွင်အမျိုးသမီးများပိုမိုပါဝင်မှုကိုအားပေးရန်ရည်ရွယ်သော အနာဂတ်အစီအစဉ်များကိုလည်း သုတေသနအဖွဲ့က တင်ပြလိုသည်။ ထို့အပြင် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့ ခက်ခက် ခဲခဲ ရရှိထားသည့် အတွေ့အကြုံများကို အခြေခံ၍ မျိုးဆက်သစ် လွှတ်တော်ကိုယ်စားလှယ်များထံ ပေးလိုသော အတွေးအမြင်နှင့် အကြံပြု ချက်များကိုလည်း ထည့်သွင်းထားသည်။

၎င်းတို့၏ အကြံပြုချက်များတွင် တစ်သမတ်တည်း ပါဝင်နေသော အကြောင်းအရာမှာ မိမိကိုယ်ကို ယုံကြည်မှုရှိရန်ဖြစ်သည်။ ကြိုတင်ပြင်ဆင်ခြင်း၊ ဇွဲသန်ခြင်း၊ သင်ယူရန် အဆင်သင့်ရှိခြင်း၊ အခြားသူများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း၊ ယုံကြည်မှုတည် ဆောက်ခြင်းစသည်တို့သည် ပွဲဦးထွက်လွှတ်တော် ကိုယ်စားလှယ်များ၏ အောင်မြင်မှုသော့ချက် အကြောင်းရင်းများဖြစ်သည်။ အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ် မျိုးဆက်တစ်ဆက်မှ နောက်တစ်ဆက်သို့ အကြံဉာဏ်ပေးမှုတွင် ထပ်ကာထပ်ကာပါဝင်ပြီး အရေးကြီးသောအချက်မှာ မိမိကိုယ်ကို ယုံကြည်မှု ရှိရန် တိုက်တွန်းခြင်းပင်ဖြစ်သည်။

> "လူတွေက သင့်ကို အမျိုးသမီးတစ်ဦး အဖြစ်သာမကပဲ သူတို့ယုံကြည်နိုင်မယ့်သူအဖြစ် မြင်လာအောင် လုံ့လစိုက်ကြိုးစားပါ။ သင့်အနေနှင့် စိတ်ဓာတ်ခိုင်မာဖို့လိုသည်။ သင့်မဲဆန္ဒနယ်မှ ပြဿနာများစွာကို ကြားသိရမည်ဖြစ်ပြီး သူတို့အတွက် ပြဿနာများကို ဖြေရှင်းပေး ရလိမ့်မည်။ သို့ဖြစ်ရာ စိတ်ရှည်ရှည်ထားပါ။ သင့်အနေနှင့် မဲဆန္ဒရှင်များ၏ အသံများကို နားထောင်ရန်လိုအပ်ပြီး ၎င်းတို့ကိုဖြေရှင်းပေး ရန်လိုသည်။ သို့မှသာ အခြေအနေကို သူတို့ကောင်းစွာ နားလည်သဘောပေါက်လာမည်။ နည်းစနစ်ပိုင်းအနေနှင့် ဥပဒေများကို လေ့လာပါ။ အများကြီး လေ့လာဖို့လိုသည်" [1]

***အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့အတွက် အကြီးဆုံးစိန်ခေါ်မှုမှာ အမျိုးသားကိုယ်စားလှယ်များနှင့် အမျိုးသား မဲဆန္ဒရှင်များမဟုတ်ပဲ နိုင်ငံရေးနယ်ပယ်မှအမျိုးသမီးများကို ထောက်ခံပံ့ပိုးမှုမပြုသော အမျိုးသမီးမဲဆန္ဒရှင်များဖြစ်သည်ဟု ခိုင်ခိုင်မာမာ ယူဆကြသည်။*** ဤအချက်သည် သုတေသန၏ အံ့အားသင့်စ ရာကောင်းသော တွေ့ရှိချက်တစ်ခုဖြစ်သည်။ ၎င်းအမြင်သည် အမျိုးသမီးလွှတ်တော်ကိုယ်စား လှယ်များ စစ်တမ်း မေးခွန်းဖြေဆိုရာတွင် ရှင်းလင်းစွာ ထွက်ပေါ်လာခဲ့ပြီး နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်မှုကို ဟန့်တားနေသည့် နံပါတ်တစ် အတားအဆီးသည် အမျိုးသမီးမဲဆန္ဒရှင်များထံမှ ပံ့ပိုးမှုမရရှိခြင်းဖြစ်သည်ဟု အမျိုးသမီးကိုယ်စားလှယ် ၈၂% က ပြောကြားခဲ့ရာ ယဉ်ကျေးမှုဓလေ့ထုံးစံများ (၅၈%)၊ အမျိုးသားမဲဆန္ဒရှင်များ (၅၁%) များကြောင့်ဟု ပြောကြားသူများထက် များစွာပိုမိုများပြားနေသည်။ ယင်းကိစ္စကို အမျိုးသမီးကိုယ်စားလှယ်များက အင်တာဗျူးများ၊ ဖိုရမ်များတွင်များစွာ ဆွေးနွေးခြင်းမရှိပါ။ သို့သော်လည်း မဲဆွယ်စည်းရုံးရန်

[1] ကိုယ်စားလှယ် ၄ ဦးမြောက်ကို တွေ့ဆုံမေးမြန်းခြင်း

ခရီးထွက်သောအခါတွင် နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်လှုပ်ရှားခြင်းကို မသင့်လျော်ဟုရှုမြင်သော အခြားအမျိုးသမီးများ၏ အမြင်မတူခြင်းကို ကြုံတွေ့ရမှုကြောင့် စိတ်မသက်မသာဖြစ်ရခြင်းကိုအလေးအနက်ထားပြောကြားခဲ့ကြသည်။ ဤကိစ္စသည် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအတွက် ထုတ်ဖော်ဝန်ခံရန် အဆင်မပြေသော အမှန်တရားဖြစ်သော်လည်း အမျိုးသမီး များနိုင်ငံရေးတွင်ပါဝင်ရေး၊ အမျိုးသမီးများကို အခွင့်အာဏာများအပ်နှင်းရေးတို့နှင့်ပတ်သက်သည့် အခြားသုတေသနလေ့လာမှုများတွင် တွေ့ရှိရသည့်နည်းတူ မြန်မာနိုင်ငံတွင် အရိုးစွဲနေသော လူမှုဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ ဓလေ့ထုံးစံများက ကျားမတန်းတူညီမျှရေးနှင့် ပတ်သက်လာလျှင်အမျိုးသားများကဲ့သို့ပင် အမျိုးသမီး များတွင်လည်း အမြစ်တွယ်နေကြောင်းကို ထပ်မံထင်ရှားစေခဲ့သည်။ အမျိုးသမီးများကို အခွင့်အာဏာများအပ် နှင်းရေးအစီအစဉ်များအတွက် မှန်ကန်သည့် မဟာဗျူဟာချမှတ်နိုင်ရန် ယင်းအချက်သည် အရေးကြီးသည်။ ကျားမဆိုင်ရာ ကွာဟမှုသည် အမျိုးသမီးများနှင့် အမျိုးသားများ အကြား တွင်သာရှိနေခြင်းမဟုတ်ပဲ၊ အမျိုးသမီးအသိုင်းအဝိုင်းအကြားတွင်ပါ ဗဟုသုတနှင့် အသိအမြင် ကွာခြားချက်များရှိနေပြီး၊ ကျားမတန်းတူညီမျှရေးနှင့် အမျိုးသမီးများကို အခွင့်အာဏာအပ်နှင်းရေးအတွက် ဥပဒေပြုမှုများ၊ မူဝါဒများ၊ လက်တွေ့လုပ်ဆောင်မှုများကို ထောက်ခံအားပေး ရေးတွင် အဟန့်အတားသဖွယ် ဖြစ်နေသည်။

***မိမိကိုယ်ကို ယုံကြည်စိတ်ချမှုသည် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းဆောင်မှုတွင် အရေးကြီးဆုံးအချက်ဖြစ်သည်။*** မိမိကိုယ်ကို ယုံကြည်စိတ်ချမှုရှိခြင်း သို့မဟုတ် မရှိခြင်းကိစ္စသည် စစ်တမ်းလေ့လာမှု အချက် အလက်များအား ဆန်းစစ်ရာတွင် အဓိကဦးတည်တွေ့ရှိရသော အကြောင်းအရာဖြစ်သည်။ သာဓကအားဖြင့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် လက်တွေ့အချက်အလက်များအရ ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက် အမျိုးသားကိုယ်စားလှယ်များကဲ့သို့ပင် ပညာရေးအဆင့် တန်းတူ သို့မဟုတ် ပိုမြင့်ပြီး၊ လွှတ်တော်တွင်လည်း အလားတူ တက်ကြွလှုပ်ရှားသည့်တိုင်အောင် လုပ်ဖော်ကိုင်ဖက်အမျိုးသားကိုယ်စားလှယ်များလောက် ဗဟုသုတနှင့် ကျွမ်းကျင်မှုမရှိ၊ တက်ကြွမှုမရှိ၊ ကိုယ့်ကိုကိုယ် ယုံကြည်မှုမရှိဟု သူတို့ကိုယ်သူတို့ လက်ခံယူဆထားကြခြင်းဖြစ်သည်။ အခြားသူများလောက်မတတ်ဟူသော ခံစားမှုသည် အမျိုးသမီးကိုယ်စားလှယ်များအား ၎င်းတို့၏ အမြင် များနှင့် ဆန်းစစ်ချက်များကို ဖော်ထုတ်ရာတွင် တက်ကြွမှုမရှိ၊ အဆင်မပြေ ဖြစ်စေပြီး၊ အချက်အလက်များက မည်သို့ပင် အခိုင်အမာပြသနေသည့်တိုင်အောင် ၎င်းတို့လုပ်ဆောင်မှုထက် အခြားသူများက ပိုသိသည်ဟု ယုံကြည် နေတတ်သည်။ နိုင်ငံရေးနယ်ပယ်သို့ အမျိုးသမီးများ ဝင်ရောက်မှုကို ဟန့်တားနေသောအတားအဆီးကို မေးမြန်းသောအခါ မိမိကိုယ်ကို ယုံကြည်မှုမရှိခြင်းသည် ဒုတိယအရေးကြီးဆုံး အတားအဆီးဖြစ်သည်ဟု အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ၈၀ % က တညီတညွတ်တည်း ထောက်ပြခဲ့ကြသည်။

> အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များက နောက်မျိုးဆက်အတွက် ပေးသောအကြံဉာဏ်အရ ၎င်းတို့သည် မိမိကိုယ်ကို ယုံကြည်မှု ရှိသည့်စိတ်၊ အရိုးစွဲနေသော ယဉ်ကျေးမှုနှင့် လူမှုဆိုင်ရာဓလေ့များကိုကောင်းစွာ နားလည်ကြပြီး ၎င်းတို့၏ တိုးတက်မှုနှင့် အလုပ် အပေါ်သက်ရောက်မှုရှိနေသည်ကို ကောင်းစွာသိရှိကြောင်း ပြသနေသည်။ ထို့ကြောင့် နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်မှုကို အားပေးရန် ရည်ရွယ်သော မည်သည့်အစီအစဉ်တွင်မဆို ယင်းကိစ္စကို ကောင်းစွာ ထည့်သွင်းစဉ်းစားသင့်သည်။
>
> "ဘယ်သူမှ မွေးကတည်းက တတ်လာကြတာမဟုတ်ပါဘူး။ ပတ်ဝန်းကျင်ကပြုစုပျိုးထောင်ရင်း၊ လူတွေနဲ့ စကားပြောရင်းနဲ့ကနေ ဗဟုသုတတွေပြည့်ဝလာတာပါ။ စွမ်းဆောင်ရည်တွေမြင့်မားလာခဲ့ကြတာပါ။ ကိုယ့်ကိုကိုယ် အထင်မသေးပါနဲ့။ သင့်မိသားစုထဲမှာ သင့်ရဲ့စွမ်းဆောင်နိုင်ရည်ဟာ အပြင်လောကမှာ သင်စွမ်းဆောင်နိုင်ရည်နဲ့အတူတူပါပဲ။ ယုံကြည်ချက်မြင့်မြင့်မားမားရှိနေဖို့က အရေး အကြီးဆုံးပါ။ သင့်ရဲ့စိတ်က အခရာပါ။ သင်ရဲ့မိသားစု၊ ပတ်ဝန်းကျင်နဲ့ နိုင်ငံအတွက် ပိုကောင်းလာဖို့အတွက် အလုပ်လုပ်မယ်လို့ ရည်ရွယ်ထားတယ်ဆိုရင် သင်အောင်မြင်လာပါလိမ့်မယ်။ သင်တစ်ယောက်တည်း မလုပ်နိုင်ရင် အခြားသူများနဲ့ လက်တွဲအလုပ်လုပ် နိုင်ပါတယ်။ အဲဒီအရာက သင့်ကို အောင်မြင်မှုရအောင် ဆောင်ကြဉ်းပေးသွားပါလိမ့်မယ်"[2]
>
> "အလုပ်လုပ်လိုတဲ့ဆန္ဒနဲ့ သံန္နိဋ္ဌာန်ခိုင်မာရမယ်။ သင့်ရဲ့အရည်အချင်းကို မြှင့်တင်မှသာလျှင် သင်အရည်အချင်းတွေ ပြည့်ဝလာလိမ့်မယ်။ ကိုယ့်ကိုကိုယ်ယုံကြည်မှုရှိပါ။ ဖိအားတွေအပေါ် ခံနိုင်ရည်ရှိပါ။ နောက်ပြီး လိုအပ်ရင် အနစ်နာခံပါ။ ကိုယ်က ဘာတွေရနိုင်သလဲ ဆိုတာထက် ဘာတွေပေးနိုင်မလဲဆိုတာ စဉ်းစားပါ။ ဘယ်လိုအောင်မြင်မှုရရှိအောင် ဆောင်ရွက်မလဲလို့ အမြဲတမ်းစဉ်းစား နေရမှာပါ။ အမြဲတမ်းကိုယ်ကိုကိုယ် အားပေးပါ။"[3]
>
> "မကြောက်ပါနဲ့။ နိုင်ငံရေးကို ကြောက်လန့်နေဖို့ မလိုပါဘူး။ နိုင်ငံရေးရဲ့ သဘောသဘာဝတွေအကြောင်း လေ့လာပါလို့ ပြောချင်ပါတယ်"[4]

***အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်တွင် ပိုမိုဝင်ဆန့်နိုင်ရန်အတွက် နည်းစနစ်ပိုင်းဆိုင်ရာ (ဥပဒေရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း)၊ အများပြည်သူကို ဟောပြောခြင်းနှင့် ဆက်သွယ် ဆောင်ရွက်ခြင်းဆိုင်ရာများတွင် သင်တန်းများနှင့် ကျွမ်းကျင်မှုများပိုမို***

---

[2] စစ်တမ်းမေးခွန်း ၄၁ အပေါ် ကိုယ်စားလှယ် ၁၀ ဦးမြောက်၏ ဖြေကြားမှု

[3] ကိုယ်စားလှယ် ၈ ဦးမြောက်ကို တွေ့ဆုံမေးမြန်းခြင်း

[4] ကိုယ်စားလှယ် ၈ ဦးမြောက်ကို တွေ့ဆုံမေးမြန်းခြင်း

***လိုအပ်သည်။*** လွှတ်တော်များမှ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအား သုတေသနပြုခြင်း၊ ဥပဒေကြမ်းရေးဆွဲခြင်း၊ စီမံကိန်းရေးဆွဲခြင်းနှင့် ဘဏ္ဍာရေးအစရှိသော ကိစ္စရပ်များတွင် နည်းပညာကျွမ်းကျင်မှုအခြေခံသော စွမ်းရည်ဖွံ့ဖြိုးရေးကို လေ့ကျင့်ပေးခဲ့သည်။ လွှတ်တော်***ကိုယ်စားလှယ်များနှင့် မဲဆန္ဒနယ် ထိတွေ့ဆက်ဆံရာ၌ နိုင်ငံရေးပါတီများက အဓိကကဏ္ဍမှ ပါဝင်သည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အစိုးရမဟုတ်သောနိုင်ငံတကာအဖွဲ့အစည်းများ (INGOs) ကလည်း အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအတွက် ကျားမပါဝင်ရေးမူဝါဒရေးဆွဲခြင်း အစီအစဉ်များ (gender-inclusive policy development programs) အပေါ် ပိုမိုအာရုံစိုက်ဆောင်ရွက်ပေးခဲ့သည်။*** စွမ်းရည်မြင့်တင်ခြင်းနှင့်ပတ်သက်၍ အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့၏ လွှတ်တော်ကိုယ်စားလှယ်တာဝန်နှင့် သက်ဆိုင်သော အဓိကအကြောင်းအရာများတွင် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နိုင်ရန် အထောက်အကူဖြစ်စေမည့် ဥပဒေကြမ်းရေးဆွဲခြင်း၊ ဘတ်ဂျက်ဆန်းစစ် ခြင်းနှင့် ကြီးကြပ်ခြင်း နည်းစနစ်ပိုင်းများကို အဓိကထားသည့် သင်တန်းများ ပိုမိုလိုအပ်သည်ဟု ခိုင်ခိုင်မာမာယူဆကြသည်။ ထို့အပြင် ဒုတိယအနေနှင့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များက ကိုယ်စားလှယ်လောင်းအဖြစ် မဲဆွယ်စည်းရုံးစဉ်နှင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် လူထုနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် မိမိကိုယ်ကို ယုံကြည်မှုတိုးစေရန်နှင့် ပိုမိုထိရောက်မှုရှိစေရန်အတွက် ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် လူထုဟောပြောခြင်း ကျွမ်းကျင်မှုစွမ်းရည်များ တိုးတက်စေရန် လိုအပ်သည်ဟုလည်း ခိုင်ခိုင်မာမာ ယူဆကြသည်။

"ဗဟုသုတတွေရဖို့ စာများများဖတ်ပါ။ ပြီးတော့ ယုံကြည်မှုအပြည့်နဲ့ အလုပ်လုပ်ပါ။ သက်ဆိုင်ရာပညာရှင်များရဲ့ အကူအညီရအောင် သူတို့ကိုချဉ်းကပ်ပါ။ လွှတ်တော်တွင် သင်လုပ်ဖို့လိုတဲ့ အလုပ်တွေကို ပိုင်နိုင်ကျွမ်းကျင်လာ အောင်ကြိုးစားပါ။"[5]

"ဥပဒေနဲ့ နိုင်ငံရေးအကြောင်းအရာတွေကို သေသေချာချာနားလည်သဘောပေါက်အောင်လုပ်ပါ။ (ဂျာနယ်များများဖတ်ပါ။) အသေးစိတ်အချက်အလက်တွေကို သိသင့်ပါတယ်။ နိုင်ငံရေးပါတီကြီးတွေ ဘယ်လိုအလုပ်လုပ်လည်းဆိုတာ ကြည့်ပါ။"[6]

"သတင်းအချက်အလက်တွေ ဘယ်လိုရှာဖွေရမလဲဆိုတာ သိဖို့လိုအပ်တယ်။ နောက်ထပ်အရေးကြီးတဲ့ အရာတစ်ခုက စကားပြောစွမ်းရည်နဲ့ တခြားလူတွေနဲ့လက်တွဲအလုပ်လုပ်တတ်တဲ့အကျင့်ဖြစ်တယ်။ တခြားလူတွေနေရာကနေ ဝင်ခံစားကြည့်ဖို့လိုအပ်တယ်။ အဲ့ဒါမှ သူတို့ရဲ့ သဘောထားအမြင်တွေကို နားလည်မှာပါ။ ကိုယ့်ကို ကိုယ်တိုးတက်အောင် အမြဲတမ်းကြိုးစားပါ။ စာအုပ်တွေဖတ်ပါ။ အထူးသဖြင့်ဥပဒေတွေကို လေ့လာပါ။ သတင်းအချက်အလက်သစ်များကို သိရှိအောင် လုပ်ထားပါ။"[7]

"အခက်အခဲများကို မျှော်လင့်သင့်တယ်။ ဘတ်ဂျက်၊ စကားပြောစွမ်းရည်နဲ့ ဥပဒေတွေကို ကြိုတင်ပြီး လေ့လာထားဖို့လိုတယ်။ မမောက်မာပါနဲ့။ တသတ်မတ်တည်းရှိပါ။"[8]

***အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် ခွဲခြားဆက်ဆံခံရမှု ဖြစ်ရပ်ပုံစံအမျိုးမျိုးကို ရင်ဆိုင်ရသော်လည်း ယင်းကဲ့သို့ အပြုအမူနှင့် ဖြစ်ရပ်များကို ကျားမရေးရာနှင့်ဆိုင်သောကိစ္စအဖြစ် ဘောင်ခတ်ရန် များသောအားဖြင့် မလိုလားကြပေ။*** စစ်တမ်းတွင်ပါဝင်သော အမျိုးသမီးကိုယ်စားလှယ် သုံးပုံတစ်ပုံ (၃၃%) က ၎င်းတို့၏ နိုင်ငံရေး သက်တမ်းအတွင်း ကျားမဆိုင်ရာခွဲခြားဆက်ဆံခြင်းကို ကြုံတွေ့ခဲ့ရသည်ဟု ပြောကြားခဲ့ကြပြီး အမျိုးသားကိုယ်စားလှယ်များကြုံတွေ့ရခြင်းမရှိဟု ၎င်းတို့ယူဆကြသော မလေးမစားဆက်ဆံမှု၊ မချေမငံပြောဆိုမှု ဖြစ်ရပ်များကို တင်ပြခဲ့ကြရာ အထူးသဖြင့် အစိုးရဝန်ထမ်းများအပြင် ပါတီခေါင်းဆောင်များနှင့် လွှတ်တော်မှ လုပ်ဖော်ကိုင်ဖက် အမျိုးသားများထံမှ ဖြစ်ကြောင်းသိရှိရသည်။ သို့ရာတွင် စစ်တမ်းမေးခွန်းတွင် ခွဲခြားဆက်ဆံရမှုအတွေ့အကြုံကို ဖော်ပြခြင်းမရှိသည့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များစွာကလည်း တွေ့ဆုံမေးမြန်းမှုများတွင်မူ အမျိုးသားကိုယ်စားလှယ်များကြီးစိုးသည့် မူဝါဒရေးရာဆွေးနွေးပွဲများ၊ စားသောက်ဆိုင်များနှင့် စားဝိုင်းသောက်ဝိုင်းများ၊ အမျိုးသားကိုယ်စားလှယ်များ၏ အလွတ်သဘောဆွေးနွေးမှုများတွင် ဘေးဖယ်ထားခံရခြင်း၊ လေ့လာရေးခရီးကဲ့သို့ သင်ယူရေးအခွင့်အလမ်းများတွင် ဘေးဖယ်ခံရခြင်း၊ ပါတီအစည်းအဝေးများနှင့် လွှတ်တော်ခန်းမများတွင် အပေါ်စီးမှ မောက်မာစွာဆက်ဆံခံရခြင်းစသည်တို့ကို ပြန်လည်ပြောပြခဲ့ကြသည်။ အမျိုးသမီးကိုယ်စားလှယ်အရေအတွက် နည်းပါးခြင်း၊ အမျိုးသမီးအရေးအတွက် နိုင်ငံရေးလှုပ်ရှားခြင်းနှင့် အမျိုးသမီး အသိုင်းအဝိုင်းထံမှ သဘောမတူကြသည်တို့ကို ခံစားရမှုတို့ကြောင့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့ရင်ဆိုင်ရသော စိန်ခေါ်မှုအချို့ကို ကျားမဆိုင်ရာကိစ္စဟု သတ်မှတ်လိုခြင်းမရှိကြပေ။ သို့ဖြစ်ရာ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအကြားတွင် ၎င်းတို့အလုပ်ကို ကျားမဆိုင်ရာရှုထောင့်မှကြည့်ခြင်းနှင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဆောင်ရွက်နိုင်သည့် ထိရောက်သောအဖြေ သတ်မှတ်ခြင်းတို့အပေါ် အမြင်တူညီမှုအနည်းငယ်သာရှိသည်။

***မြန်မာနိုင်ငံတွင် အမျိုးသမီးကိုယ်စားလှယ်များအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များကို အရေးကြီးသော ကူညီပံ့ပိုးမှုပေးရာတွင် နိုင်ငံရေးပါတီများသည် အဓိကဖြစ်သော်လည်း ပါတီများ၏ အထွေထွေကိစ္စရပ်များတွင် ကျားမဆိုင်ရာမူဝါဒများ အားနည်းမှုသည် ကျားမတန်းတူညီမျှရေးအတွက် ဥပဒေပြုမှုလုပ်ငန်းစဉ်တိုးတက်မှု အလားအလာကို အဟန့်အတားဖြစ်စေသည်။*** ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးမှုနှင့်

[5] စစ်တမ်းမေးခွန်း ၄၁ အပေါ် ကိုယ်စားလှယ် ၁၀ ဦးမြောက်၏ ဖြေကြားမှု
[6] စစ်တမ်းမေးခွန်း ၄၁ အပေါ် ကိုယ်စားလှယ် ၁၀ ဦးမြောက်၏ ဖြေကြားမှု
[7] ကိုယ်စားလှယ် ၂၉ ဦးမြောက်ကို တွေ့ဆုံမေးမြန်းခြင်း
[8] စစ်တမ်းမေးခွန်း ၄၁ အပေါ် ကိုယ်စားလှယ် ၃၁ ဦးမြောက်၏ ဖြေကြားမှု

လွှတ်တော်ကိုယ်စားလှယ်အဖြစ် လှုပ်ရှားမှုများကို ကူညီပံ့ပိုးရာတွင် နိုင်ငံရေးပါတီများက အဓိကဖြစ်သည်ကို သုတေသနလေ့လာမှုက ပြသနေသည်။ လွှတ်တော်ကိုယ်စားလှယ်များအနေနှင့် နိုင်ငံရေးလုပ်သက်တစ်လျှောက် ၎င်းတို့၏ နိုင်ငံ ရေးပါတီထံမှသာ အမြဲတမ်းပံ့ပိုးကူညီမှုများ ရရှိနေခြင်းဖြစ်သည်။ နိုင်ငံရေးပါတီများသည် စစ်အုပ်ချုပ် ရေးကာလနစ်ပေါင်းများစွာအတွင်း ဖိနှိပ်ခံထားရပြီး မကြာသေးမီနှစ်များမှသာ ပွင့်လင်းစွာ လှုပ်ရှားခွင့်ရလာသောကြောင့် ကိုယ်စားလှယ်လောင်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များအား ပံ့ပိုးကူညီမှုသည် မဆိုစလောက်သာ ရှိသည်ဖြစ်သော်လည်း အရေးပါသည်။ နိုင်ငံရေးပါတီများ ပေါ်ပေါက်လာသည်မှာလည်း မကြာသေးသည်ဖြစ်သောကြောင့် နိုင်ငံရေးပါတီများကကျားမဆိုင်ရာရှုထောင့်ကို များသောအားဖြင့်ထည့်သွင်းစဉ်းစားခြင်းမပြုကြသကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များကလည်း သက်ဆိုင်ရာပါတီ များ၏ မူဝါဒများကိုသာ လိုက်နာကြရသည်။ ထို့ကြောင့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ ကျားမကိစ္စ အပေါ် သံနိဋ္ဌာန်ရှိမှုအပါအဝင် ၎င်းတို့လွတ်လွတ်လပ်လပ်ရှိမှုသဘောနှင့် ပါတီ၏မူဝါဒများအတိုင်း လိုက်နာဆောင်ရွက်ရမှုတို့အကြားတွင် တင်းမာမှုရှိနေသည်ကို အထင်အရှားတွေ့ရသည်။ စစ်တမ်းတွင် ဖြေဆိုသော အမျိုးသမီးကိုယ်စားလှယ် ၉၁% က အမျိုးသမီးများ၏ အကျိုးစီးပွားကို ကိုယ်စားပြုရမည်ဟု ခိုင်ခိုင်မာမာ ယူဆထားကြပြီး၊ ၇၁% က ပါတီများ၏ ထောက်ခံမှုမပါပဲ ၎င်းတို့နှင့်ဆိုင်သော ကိစ္စများကို ဆောင်ရွက်ရန် လွတ်လပ်ခွင့်ရှိသည်ဟု ယူဆကြသည်။ အမျိုးသမီးကိုယ်စားလှယ် ၂၉% က ပါတီမူဝါဒအရ ထောက်ခံအားပေးမှုမရှိပါက သီးသန့်ကိစ္စရပ်တစ်ခုခုကို ၎င်းတို့လုပ်ဆောင်နိုင်ခြင်းမရှိဟု ယူဆကြသည်။ မြန်မာနိုင်ငံတွင် ကျားမတန်းတူညီမျှရေး၊ အမျိုးသမီးများကို အခွင့်အာဏာအပ်နှင်းရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ အထူးသဖြင့် အမျိုးသမီးကိုယ် စားလှယ်များကို ပံ့ပိုးပေးမည့် မူဝါဒများကို ကူညီရေးဆွဲပေးရန်၊ ပါတီများတွင် ကျားမမျှတရေးအတွက်ရှိသင့်သည့် လမ်းစဉ်များရှိလာရေးအတွက် နိုင်ငံရေးပါတီများနှင့် လက်တွဲလုပ်ဆောင်ဖို့ အထူးလိုအပ်နေသည်။

***အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့အချင်းချင်းအကြား ပုံမှန် ပူးပေါင်းဆောင်ရွက်မှု မရှိပေ။*** လွှတ်တော်အတွင်း အမျိုးသမီးကိုယ်စားလှယ်များအကြား ပူးပေါင်းဆောင်ရွက်မှုသည် ပါတီတူညီသူများအကြားတွင်သာ အများဆုံးတွေ့ရလေ့ရှိသည်။ အမျိုးသမီးကိုယ်စားလှယ်အများစုသည် ဥပဒေအတည်ပြုရန်အတွက် ၎င်းတို့ပါတီဝင်အမျိုးသမီးကိုယ်စားလှယ်များနှင့်သာ များသောအားဖြင့် ပူးပေါင်းဆောင်ရွက်ကြသည်။ လွှတ်တော်ကော်မတီလုပ်ငန်းတာဝန်များကြောင့် အခြားပါတီများမှ အမျိုးသမီးကိုယ်စားလှယ်များနှင့်အတူလုပ်ဆောင်ရန် အခွင့်အလမ်းရရှိလာသော်လည်း ပါတီကွဲပြားမှုကိုကျော်၍ ကူးလူးဆက် သွယ်ဆောင်ရွက်မှု အနည်းငယ်မျှသာရှိသည်။ ယင်းကဲ့သို့အခြေအနေမျိုးတွင် အမျိုးသမီးကိုယ်စားလှယ်များသည် ပါတီကွဲပြားမှုကိုကျော်၍ အခြားအမျိုးသမီးကိုယ်စားလှယ်များနှင့် ပုံမှန်ကူးလူးဆက်သွယ်ကာ ထိတွေ့ဆောင်ရွက်ရန် အခွင့်အ လမ်းများကို မြှင့်တင်ပေးခြင်းသည် ပညာရှင်အဆင့် ကူညီပံ့ပိုးမှုကွန်ရက်များဖွံ့ဖြိုးရေး၊ ဘုံအကျိုးစီးပွါးများ (အထူးသဖြင့် အမျိုးသမီးများနှင့်ဆိုင်သောကိစ္စများ) ပူးပေါင်းအကောင်အထည်ဖော်နိုင်ရန် အင်အားစုစည်းမှုများကို လွယ်ကူချောမွေ့စေမည်ဖြစ်သည်။

> "အမျိုးသမီးများသည် တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်ရမည်။ ဆုံးဖြတ်ချက်ချမှတ်သော လုပ်ငန်းစဉ်တွင် အမျိုးသမီးများ ပါဝင်သင့်သည်။ ငါတို့လုပ်နိုင်သည်ဟု ယုံကြည်ဖို့လိုသည်" [9]

[9] ကိုယ်စားလှယ် ၁၄ ဦးမြောက်ကို တွေ့ဆုံမေးမြန်းခြင်း

## အခန်း ၁။ နိဒါန်း

*အာရှဖောင်ဒေးရှင်းနှင့် ဖန်တီးအိမ်တို့သည် ၂၀၁၀ ရွေးကောက်ပွဲနှင့် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲများတွင် ရွေးကောက်တင်မြှောက်ခံရသော အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏အတွေ့အကြုံများကို မှတ်တမ်းတင်ရန်၊ တူညီသော စိန်ခေါ်မှုများကို ဆန်းစစ်ရန်၊ အနာဂတ်အမျိုးသမီးကိုယ်စားလှယ်လောင်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များအတွက် အကြံပြုချက်များ ထွက်ပေါ်လာစေရန် သုတေသနလေ့လာမှုနှင့် အတွင်းကျကျ တွေ့ဆုံမေးမြန်းမှုများ ကိုပြုလုပ်ခဲ့သည်။ ပထမဆုံးရွေးကောက်ခံ ၂၀၁၁-၂၀၁၆ လွှတ်တော်သက်တမ်းတွင် ပြည်ထောင်စုအဆင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ၆% နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ၃.၈% မှာအမျိုးသမီးများဖြစ်ကြသည်။ ပါတီအဖွဲ့အစည်း၏ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်တွင် ဆုံးဖြတ် ချက်ချမှတ်သောရာထူးများ၊ တရားသူကြီးရာထူးများကို ရရှိထားသော အမျိုးသမီးရာခိုင်နှုန်းအချိုးနည်းပါးသည်။ ၂၀၁၅ ရွေးကောက်ပွဲများတွင် ပြည်ထောင်စုအဆင့်လွှတ်တော်၌ အမျိုးသမီးကိုယ်စားလှယ်အရေအတွက် ၁၃.၇% နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်၌ ၁၂.၅% အထိ မြင့်တက်လာခဲ့သော်လည်း အစိုးရ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ရာထူးနေရာများတွင် အမျိုးသမီးများ ကိုယ်စားပြုမှု လျော့နည်းနေဆဲဖြစ်သည်။ နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်မှု နည်းပါးခြင်းကို ဖြစ်ပေါ်စေသော အကြောင်းရင်းများကို သုတေသနပြုသူများက ဆန်းစစ်ခဲ့ကြရာ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုမရှိခြင်း၊ ပြည်တွင်းတွင် အမျိုးသားများသာမက အမျိုးသမီးများပါ လက်ခံသတ်မှတ်ကာ အရိုးစွဲနေသော ဓလေ့တစ်ခုဖြစ်သည့် အမျိုးသားများဦးဆောင်မှုကို ဦးစားပေးခြင်း စသောအချက်များ ပါဝင်သည်။*

စာရွက်စာတမ်းများပေါ်တွင်မူ မြန်မာနိုင်ငံသည် နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်မှုကဏ္ဍနှင့်ပတ်သက်၍ အာရှတွင် တိုးတက်မှုအရှိဆုံးနိုင်ငံတစ်ခုဖြစ်သည်။ ၁၉၃၅ခုနှစ် တွင် အမျိုးသမီးများ မဲပေးခွင့်နှင့် အခြေခံဥပဒေအရ နိုင်ငံရေးတွင် တန်း တူပါဝင်ခွင့်တို့ကိုရရှိခဲ့ရာ အာရှတွင် ထိုသို့လုပ်ဆောင်နိုင်သော အစောဆုံးနိုင်ငံတစ်ခုဖြစ်ခဲ့သည်။ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးဆိုင်ရာဆုံးဖြတ်ချက်ချမှတ်မှုများတွင် အပြည့်အဝ တန်းတူညီတူ ပါဝင်ခြင်းအားဖြင့် ပုဂ္ဂလိကဆိုင်ရာ၊ အစိုးရဆိုင်ရာကဏ္ဍနှစ်ရပ်လုံးတွင် အမျိုးသမီးများပါဝင်လှုပ်ရှားမှုအပေါ် အတားအဆီးများကို ဖယ်ရှားရန် ရည်မှန်းသော Beijing Declaration and Platform for Action ကို ၁၉၉၅ ခုနစ်တွင် မြန်မာနိုင်ငံမှ ထောက်ခံခဲ့သည်။[1] မြန်မာနိုင်ငံသည် ၁၉၉၇ ခုနစ်တွင် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုပုံစံအားလုံး ပပျောက်ရေးဆိုင်ရာကွန်ဗင်းရှင်း (CEDAW) ကို လက်မှတ်ထိုးသော အဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့ပြီး အမျိုးသမီးများအပေါ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ခွဲခြားဆက်ဆံမှုအားလုံးကို ကူညီအဆုံးသတ်ရန်နှင့် နယ်ပယ်အားလုံးရှိ အမျိုးသမီးများ အပြည့်အဝတိုးတက်မှုနှင့် ဖွံ့ဖြိုးမှုရှိစေမည့် သင့်လျော်သော အစီအစဉ်များကို ဆောင်ရွက်ရန်ဟူသောကွန်ဗင်းရှင်း၏ ဝတ္တရားများကို လက်ခံခဲ့သည်။[2]

နိုင်ငံအဆင့်တွင် အမျိုးသမီးများတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံအမျိုးသမီးရေးရာကော်မတီကို ၂၀၁၂ ခုနှစ် တွင်ဖွဲ့စည်းခဲ့သည်။ အမျိုးသမီးများတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာအစီအစဉ် (NSPAW) ၂၀၁၃-၂၀၂၂ ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများဖြင့် ရေးဆွဲခဲ့သည်။[3] မဟာဗျူဟာ အစီအစဉ်သည် ဆုံးဖြတ်ချက်ချမှတ်ခြင်းများတွင် အမျိုးသမီးများပါဝင်ရေးကို အဓိကဦးစားပေးအဖြစ် သတ်မှတ်ထားပြီး အလွှာအားလုံးရှိ အုပ်ချုပ်ရေးကဏ္ဍတွင် အမျိုးသမီးများ တန်းတူညီမျှ ပါဝင်ကာ ဦးဆောင်မှုပေးနိုင်စေမည့် စနစ်များ၊ ဖွဲ့စည်းပုံများ၊ အလေ့အထများ တိုးတက်မှုရှိစေရန် ဖော်ထုတ်ရေးဆွဲထားသည်။

စီမံကိန်းစာရွက်များပေါ်တွင်မည်မျှတရားဝင်အောင်ကတိကဝတ်ပြုထားစေကာမူ မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးနှင့် နိုင်ငံရေးနယ်ပယ်တွင် ပါဝင်နိုင်ရန် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မှာ သိသိသာသာ နောက်ကျကျန်နေဆဲဖြစ်သည်။[4]

---

[1] Beijing Declaration and Platform for Action သည် ဘေဂျင်းတွင် ၁၉၉၅ခုနှစ် စက်တင်ဘာလ ၄-၁၅ ရက် အထိ ကျင်းပခဲ့သော လေးကြိမ်မြောက် အမျိုးသမီးရေးရာ ကမ္ဘာ့ညီလာခံ၏ ရလဒ်ဖြစ်သည်။ မြန်မာ အပါအဝင် ၁၈၉ နိုင်ငံက ထောက်ခံခဲ့သည်။

[2] အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုပုံစံအားလုံးပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းကို ၁၉၇၉ ခုနှစ် တွင် ကုလအထွေထွေညီလာခံက ချမှတ် ခဲ့သည်။ အမျိုးသမီးများ၏ ရပိုင်ခွင့်ဆိုင်ရာ နိုင်ငံတကာဥပဒေအဖြစ် ကိုးကားကြသော ၎င်းကွန်ဗင်းရှင်းတွင် ခွဲခြားဆက်ဆံမှုများကို ရှင်းလင်းဖွင့်ဆိုထားပြီး ယင်းခွဲခြားဆက်ဆံမှုများ အဆုံးသတ်စေရန် တစ်နိုင်ငံလုံး လုပ်ဆောင်ရမည့် အစီအစဉ်များကို ချမှတ်ထားသည်။ မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ အခြေအနေနှင့်ပတ်သက်သော အစိုးရ၏ အစီရင်ခံစာနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ အစီရင်ခံ စာများကို ၂၀၁၆ခုနှစ် ဇူလိုင်လတွင် ဂျီနီဗာညီလာခံ၌ တင်သွင်းခဲ့သည်။

[3] Beijing Declaration and Platform for Action သည် ဘေဂျင်းတွင် ၁၉၉၅ခုနှစ် စက်တင်ဘာလ ၄-၁၅ ရက် အထိ ကျင်းပခဲ့သော လေး ကြိမ်မြောက် အမျိုးသမီးရေးရာ ကမ္ဘာ့ညီလာခံ၏ ရလဒ်ဖြစ်သည်။ မြန်မာ အပါအဝင် ၁၈၉ နိုင်ငံက ထောက်ခံခဲ့သည်။

[4] Paul Minoletti, Gender (In)equality in the Governance of Myanmar: Pat, Present, and Potential Strategies for Change. Yangon, The Asia Foundation, April 2016.

## ၁.၁။ မြန်မာ့နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်မှုနှင့် ကိုယ်စားပြုမှု

မြန်မာနိုင်ငံ၏ ၂၀၁၀ အထွေထွေရွေးကောက်ပွဲများသည် နှစ်ပေါင်း ၆၀ စစ်အုပ်ချုပ်ရေးမှ အရပ်ဖက်အစိုးရအဖြစ်သို့ သမိုင်းဝင် အသွင်ကူးပြောင်းမှုကို ကိုယ်စားပြုခဲ့သည်။ အမျိုးသားလွှတ်တော် (အထက်လွှတ်တော်) နှင့် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) တို့ ပါဝင်ဖွဲ့စည်းထားသော ပြည်ထောင်စုလွှတ်တော်အတွက် ကိုယ်စားလှယ်များကိုလည်း ရွေးကောက်တင်မြှောက်ခဲ့သည်။ ထို့အပြင် ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခု အတွက် လွှတ်တော်အသီးသီးကိုလည်း ဖွဲ့စည်းခဲ့သည်။

ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် လွှတ်တော်နှစ်မျိုးစလုံးတွင် တပ်မတော်က ကိုယ်စားလှယ်နေရာ ၂၅% ရယူကာ အရေးပါသောထိန်းချုပ်မှုကို ဆက်လက်ရယူထားသော်လည်း ၂၀၁၁-၂၀၁၆ သက်တမ်းပြည်ထောင်စုလွှတ်တော်သည် မျှော်မှန်းထားသည်ထက် များစွာပိုမို လှုပ်ရှားဆောင်ရွက်နိုင်မှုကြောင့် အကဲခတ်လေ့လာသူများကို အံ့အားသင့်စေခဲ့သည်။ လွှတ်တော်တွင်း ဆွေးနွေးငြင်းခုန်မှုများမှာ အသက်ဝင်မှုရှိ ပြီး လွှတ်တော်ကိုယ်စားလှယ်များကလည်း အစိုးရအားအခက်တွေ့စေသည့် မေးခွန်းများကို မေးမြန်းရန် ဝန်မလေးခဲ့ကြပေ။

သို့ရာတွင် လွှတ်တော်တွင် အမျိုးသမီးများကိုယ်စားပြုမှု နည်းပါးခဲ့သည်။ ပြည်ထောင်စုလွှတ်တော်တွင် စုစုပေါင်း ကိုယ်စားလှယ် ၄၆၆ ဦး အနက်[5] အမျိုးသမီး ၂၈ ဦး သို့မဟုတ် ၆% မျှသာရှိပြီး အမျိုးသားလွှတ်တော်တွင် ၄ ဦးနှင့် ပြည်သူ့လွှတ်တော်တွင် ၂၄ ဦး ပါဝင်သည်။ (ထို့အပြင် ပြည်ထောင်စုလွှတ်တော်တွင် တပ်မတော်ကိုယ်စားပြု ၁၆၆ နေရာတွင် အမျိုးသမီး နှစ်ဦးကိုသာ ထည့်သွင်းခန့်အပ်ခဲ့သည်)။[6]

ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခု၏ လွှတ်တော်များတွင်လည်း စုစုပေါင်းကိုယ်စားလှယ် ၆၅၉ ဦးအနက် အမျိုး သမီးကိုယ်စားလှယ် ၂၅ ဦး သို့မဟုတ် ၃.၈% မျှသာပါဝင်ခဲ့သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် တပ်မတော်သားကိုယ်စားလှယ်များတွင် အမျိုးသမီးတစ်ဦးသာ ပါဝင်သည် (၂၀၁၄ ရန်ကုန်တိုင်းဒေသကြီးလွှတ် တော်)။[7] ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော် ၁၄ ခုအနက် ၆ ခု (ကယား၊ ကရင်၊ ချင်း၊ မွန်၊ စစ်ကိုင်း၊ တနင်္သာရီ) တွင် အမျိုးသမီးကိုယ်စားလှယ်တစ်ဦးမှမပါဝင်ပေ။[8] ရှမ်းပြည်နယ်လွှတ်တော်သည် အမျိုးသမီးကိုယ်စားလှယ် ၈ ဦးဖြင့် အများဆုံးဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မှာ အမျိုးသမီးကိုယ်စားလှယ် ၆ ဦးဖြင့် ဒုတိယအများဆုံးဖြစ်သည်။ မန္တလေးနှင့် မကွေး တိုင်းဒေသကြီးလွှတ်တော်များတွင် အမျိုးသမီးကိုယ်စားလှယ် တစ်ဦးစီပါဝင်သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အမျိုးသမီးကိုယ်စားလှယ်များအနက် ဝန်ကြီးရာထူးအ ဆင့်ကို ၄ ဦးသာ ရရှိခဲ့သည်။[9]

၂၀၁၅ အထွေထွေရွေးကောက်ပွဲများသည် မြန်မာအမျိုးသမီးများအား အုပ်ချုပ်ရေးကဏ္ဍတွင် ကိုယ်စားပြု ပါဝင်နိုင်စေမည့် ဒုတိယမြောက် အခွင့်အလမ်းကို ပေးခဲ့ပြီး ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် လွှတ်တော်များတွင် ရွေးကောက်တင်မြှောက်ခံရသော အမျိုးသမီးကိုယ်စားလှယ် အရေအတွက် စုစုပေါင်း ၁၅၁ ဦးအထိ သိသာထင်ရှားစွာ မြင့်တက်လာခဲ့သည်။ ပြည်ထောင်စုအဆင့်လွှတ်တော် နှစ်ရပ်တွင် အမျိုးသမီးကိုယ် စားလှယ် ၆% မှ ၁၃.၇%သို့ နှစ်ဆတိုးလာခဲ့ပြီး အမျိုးသားလွှတ်တော်တွင် ၂၃ ဦးနှင့် ပြည်သူ့လွှတ်တော်တွင် ၄၄ ဦးပါဝင်လာခဲ့သည်။ တပ်မတော်ကမူ ပြည်သူ့လွှတ်တော်တွင် အမျိုးသမီးအရာရှိနှစ်ဦးမျှသာ ခန့်အပ်ခဲ့သည်။ ထို့ကြောင့် ခန့်အပ်ခံတပ်မတော်သားကိုယ်စားလှယ်များ ကိုပါထည့်သွင်း၍ အချိုးချလျှင် အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ် အရေအတွက်သည် ၁၃.၇% မှ ၁၀.၅% သို့ ကျဆင်းသွားသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်လွှတ်တော်များတွင် အမျိုးသမီးကိုယ်စားလှယ် ၈၄ ဦး ရွေးကောက်တင် မြှောက်ခံရပြီး ၃.၈% မှ ၁၂.၇% သို့ သုံးဆတိုးလာခဲ့သည်။ သို့တိုင်အောင် တပ်မတော်က အမျိုးသမီးကိုယ်စား လှယ်နှစ်ဦး (ရန်ကုန်တိုင်းဒေသကြီးတွင် တစ်ဦးနှင့် ရှမ်းပြည်နယ်တွင် တစ်ဦး) မျှသာ ခန့်အပ်ခဲ့သောကြောင့် အားလုံးကို ထည့်သွင်းရေတွက်လျှင် ၉.၇ % သို့ လျော့ကျသွားသည်။[10] ထို့အပြင် လက်ရှိအစိုးရလက်ထက်တွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်၌ ဝန်ကြီးအဆင့်ရာထူးရရှိသော အမျိုးသမီး ရန်ကုန်တိုင်းဒေသကြီးတွင် နှစ်ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် နှစ်ဦး စုစုပေါင်း ၄ ဦးသာရှိသည်။ ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ်အနေဖြင့် ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် အမျိုးသမီးဝန်ကြီးချုပ်များ ခန့်ထားသည်။

---

[5] Egreteau (2014) - ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲအပြီး ပြည်ထောင်စုလွှတ်တော်တွင် ရွေးကောက်ခံအမျိုးသမီး လွှတ်တော်အမတ် ၃၀ ဦးရှိသည်။ ယခုစာတမ်းပြုစုချိန် ၂၀၁၄ နှစ်ကုန်ပိုင်းနှင့် ၂၀၁၅ နှစ်ဆန်းပိုင်းတွင် ၂၈ ဦး သို့ကျဆင်းသွားသည်။ ပြည်ထောင်စုလွှတ်တော်မှ အစိုးရဝန်ကြီးဌာနသို့ပြောင်းရွှေ့သွားသည့်အတွက်ကြောင့် ဖြစ်သည်။ ဒေါ်ဝင်းမော်ထွန်း အလုပ်သမားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး နှင့် ဒေါ်စုစုလှိုင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဒုတိယ ဝန်ကြီး၊ အဖြစ် ပြောင်းလဲတာဝန်ထမ်းဆောင်သည်။ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်နှင့် ဆိုင်သည့် နောက်ဆုံးရအချက်အလက်များကို လွှတ်တော်ရုံးမှ ရယူထားခြင်းဖြစ်သောကြောင့် Egreteau စာတမ်းပါ အချက်အလက်နှင့်၊ အခြားသတင်းအချက်အလက်များကြား ကွာခြားမှု မဆိုစလောက်ရှိနိုင်သည်။

[6] တပ်မတော်ကိုယ်စားပြု အမျိုးသမီးကိုယ်စားလှယ်နှစ်ဦးမှာ ဒုဗိုလ်မှူးကြီးဒေါ်စိုးစိုးမြင့်နှင့် ဒုဗိုလ်မှူးကြီးဒေါ်စန်းသီတာခင် ဖြစ်သည်၊ RFA ၂၀၁၄။ တပ်မတော်၏ ပထမဆုံး အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်သို့တက်ရောက်၊ RFA အွန်လိုင်းသတင်း ၁၄ ဇန်နဝါရီ ၂၀၁၄။

[7] ဒုဗိုလ်မှူးကြီးဒေါ်နင်းယုကျော်။

[8] Minoletti, 2014.

[9] ကချင်ပြည်နယ်လွှတ်တော်တွင် ဒေါ်ခင်ပြုံးရီက ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး၊ ဒေါ်ဘောက်ဂျာက ပညာရေး၊ လူမှုရေး/ဘာသာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး အဖြစ်ဆောင်ရွက်ခဲ့သည်။ ဒေါ်စန်းစန်းနွယ်သည် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်မှ တစ်ဦးတည်းသော အမျိုးသမီး ဘဏ္ဍာရေးဝန်ကြီးဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်တွင် ဒေါ်ခင်စောသည် အမျိုးသမီးလူမှုရေးဝန်ကြီးဖြစ်သည်။ ဖန်တီးအိမ်နှင့် Gender Equality Network ၂၀၁၃ ၏ မြန်မာနိုင်ငံ လွှတ်တော်မှ အမျိုးသမီးများ ၂၀၁၄ ကိုကြည့်။

[10] ဒုဗိုလ်မှူးကြီး ဒေါ်မော်မော်သန်းကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တွင် ခန့်အပ်သည်။ ဒုဗိုလ်မှူးကြီးဒေါ်နင်းယုကျော်ကို ရန်ကုန်တိုင်း ဒေသကြီးလွှတ်တော်တွင် ဦးစွာခန့်အပ်ပြီး နောက်ပိုင်းတွင် ရှမ်းပြည်နယ်လွှတ်တော်သို့ ပြောင်းရွှေ့သည်။

*ဇယား ၁ - ပြည်ထောင်စုလွှတ်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်များရှိ အမျိုးသမီး ကိုယ်စားလှယ်အရေအတွက် (၂၀၁၁ - ၂၀၁၆) နှင့် (၂၀၁၆ - ၂၀၂၁)*

| | ရွေးချယ်တင်မြှောက်ခံ ကိုယ်စားလှယ်များ | | တပ်မတော် ခန့်အပ်သော ကိုယ်စားလှယ်များ | | ရွေးကောက်ခံ ကိုယ်စားလှယ်များ၏ အမျိုးသမီး အချိုးအစား | | လွှတ်တော်ကိုယ်စားလှယ် အားလုံး၏ အမျိုးသမီး အချိုးအစား | |
|---|---|---|---|---|---|---|---|---|
| | အမျိုးသမီး အမျိုးသား ၂၀၁၁-၁၆ | အမျိုးသမီး အမျိုးသား ၂၀၁၆-၂၁ | အမျိုးသမီး အမျိုးသား ၂၀၁၁-၁၆ | အမျိုးသမီး အမျိုးသား ၂၀၁၆-၂၁ | ၂၀၁၁-၂၀၁၆ | ၂၀၁၆-၂၀၂၁ | ၂၀၁၁-၂၀၁၆ | ၂၀၁၆-၂၀၂၁ |
| ပြည်ထောင်စု လွှတ်တော် စုစုပေါင်း | ၂၈/၄၃၈ | ၆၇/၄၂၄ | ၂/၁၆၄ | ၂/၁၆၄ | ၆.၀% | ၁၃.၇% | ၄.၈% | ၁၀.၅% |
| အမျိုးသားလွှတ်တော် | ၄/၁၅၅ | ၂၃/၁၄၅ | ၀/၅၆ | ၀/၅၆ | ၂.၅% | ၁၃.၇% | ၁.၈% | ၁၀.၃% |
| ပြည်သူ့လွှတ်တော် | ၂၄/၂၈၃ | ၄၄/၂၇၉ | ၂/၁၀၈ | ၂/၁၀၈ | ၇.၈% | ၁၃.၆% | ၆.၂% | ၁၀.၆% |
| ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များ | ၂၅/၆၃၄ | ၈၄/၅၇၅ | ၁/၂၂၁ | ၂/၂၁၉ | ၃.၈% | ၁၂.၇% | ၂.၉% | ၉.၇% |

ကိုးကား - အမျိုးသားလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ ဖန်တီးအိမ်နှင့် The Gender Equality Network 2014 ၊ မြန်မာနိုင်ငံ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်

မြန်မာနိုင်ငံတွင် အဆိုပါရွေးကောက်ပွဲနှစ်ခုအပြီး အမျိုးသမီးများနိုင်ငံရေးတွင် ပါဝင်မှုလမ်းကြောင်းသည် အပြုသဘောဆောင်သော်လည်း ဒေသတွင်း နိုင်ငံအများစု၏ နောက်တွင် ကျန်ရစ်နေဆဲဖြစ်သည်။ ပြည်ထောင်စု အဆင့် လွှတ်တော်တွင် အမျိုးသမီးများ ကိုယ်စားပြုမှု ၁၀.၅% ကျော်သော မြန်မာနိုင်ငံသည် ထိုင်းနိုင်ငံ (၆ %)နှင့် မလေးရှား (၁၀.၄ %) ၏ ရှေ့တွင်ရပ်တည်နေသော်လည်း၊ ဖိလစ်ပိုင် (၂၇.၂ % )၊ ဗီယက်နမ် (၂၅.၃%)၊ စင်ကာပူ (၂၃.၉ % )၊ တရုတ် (၂၃.၆%)၊ ကမ္ဘောဒီးယား (၂၀.၃%)၊ ဘင်္ဂလားဒေ့ရှ် (၂၀% )နှင့် အင်ဒိုနီးရှား (၁၇.၁%) တို့၏နောက်တွင် ရှိနေ သည်။ (နိုင်ငံတကာ၌ ပြည်ထောင်စုအဆင့် ရွေးကောက်တင်မြှောက်သော လွှတ်တော်အဖွဲ့အစည်းများတွင် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များ ပျှမ်းမျှ ၂၂.၉ % ပါဝင်သည်။) [11]

မြန်မာနိုင်ငံတွင် နိုင်ငံရေးပါတီ ၉၀ ကျော်ရှိသော်လည်း အမျိုးသမီးများပါဝင်မှုကို အားပေးသည့် မူဝါဒများ ချမှတ်ထားသော သို့မဟုတ် အမျိုးသမီးကိုယ်စားလှယ်များအတွက် သီးသန့်နေရာပေးထားသောပါတီ လက်တစ်ဆုပ်စာသာရှိသည်။ ၂၀၁၄ ဒီဇင်ဘာလတွင် ဦးဆောင်နိုင်ငံရေးပါတီ ၃၄ ပါတီကို ဖန်တီးအိမ်က လေ့လာခဲ့ရာ မြန်မာနိုင်ငံတွင် နိုင်ငံရေးပါတီဝင်များ၏ ၆၀ % မှာ အမျိုးသားများဖြစ်ကြပြီး ၄၀ % မှာ အမျိုးသမီးများဖြစ်ကြောင်း တွေ့ရှိရသည်။ နိုင်ငံရေးပါတီများ၏ ဗဟိုအလုပ်အမှုဆောင် ကော်မတီများတွင် ကျားမ မညီမျှမှုသည် သိသာထင်ရှားပြီး ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ၉၀% မှာ အမျိုးသားများဖြစ်ကြသည်။ ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် ပါတီအဖွဲ့အစည်းများတွင် ဆုံးဖြတ်ချက်ချမှတ်သော ရာထူးနေရာများကို ရရှိထားသော အမျိုးသမီးရာခိုင်နှုန်းသည် (၆ %) ထက်ပင် လျော့နည်းသည်။

သမ္မတဦးသိန်းစိန် အစိုးရလက်ထက် ဝန်ကြီးရာထူး ၃၃ နေရာတွင် အမျိုးသမီးများက နှစ်နေရာသာ ရရှိခဲ့သည်။ ၂၀၁၂ ဒီဇင်ဘာလတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးအဖြစ် ဒေါ်မြတ်မြတ် အုန်းခင်ကို ခန့်အပ်လိုက်သောအခါ နှစ်ပေါင်း ၆၀ အတွင်း မြန်မာနိုင်ငံ၏ ပထမဆုံးအမျိုးသမီးဝန်ကြီး ဖြစ်လာခဲ့ သည်။ (၁၉၅၃ ခုနှစ်က ကရင်ပြည်နယ်မှ ဒေါ်ဘမောင်ချိန်သည် နောက်ဆုံးအမျိုးသမီးဝန်ကြီးဖြစ်သည်)။[12] နောက်ထပ်အမျိုးသမီးဝန်ကြီးတစ်ဦးမှာ အမျိုးသားစီမံကိန်းရေးဆွဲရေးနှင့် စီးပွါးရေးဖွံ့ဖြိုးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါ်ခင်စန်းရီဖြစ်ပြီး ၂၀၁၄ ဖေဖော်ဝါရီလတွင် ပညာရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။[13]

ဒုတိယဝန်ကြီးရာထူး ခန့်အပ်ခြင်းခံရသော အမျိုးသမီး ၆ ဦးမှာ ဒေါ်လဲ့လဲ့သိန်း (အမျိုးသားစီမံကိန်း ရေးဆွဲရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုဝန်ကြီးဌာန)၊ ဒေါ်စုစုလှိုင် (လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ ဒေါက်တာ ဒေါ်သက်သက်ဇင် (သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန)၊ ဒေါ်ဝင်းမော်ထွန်း (အလုပ်သမားဝန်ကြီးဌာန)တို့ဖြစ်သည်။[14] မြန်မာနိုင်ငံ၏ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ၁၆,၇၈၅ ဦးအနက် အမျိုးသမီး ၄၂ ဦးသာ ပါဝင်သည်။[15] မြို့နယ်အုပ်ချုပ်ရေးမှူး ၃၃၀ အနက် အမျိုးသမီး တစ်ဦး

[11] Inter-Parliamentary Union, http://www.ipu.org/wmn-e/arc/classif011115.htm ) [accessed June 1, 2015 and May 3, 2016.]
[12] Michanel, 2014.
[13] Snaing, 2014.
[14] ဖန်တီးအိမ်နှင့် The Gender Equality Network 2014
[15] UNDP Myanmar, Women and Local Leadership. Leadership Journeys of Myanmar's Female Village Track/Award Administrators, 2015, pp. 19.

မှမပါဝင်ပေ။[16] တရားစီရင်ရေးရာထူးများကို ရရှိထားသော အမျိုးသမီးအရေအတွက်မှာလည်း စိတ်ပျက်စရာပင် ဖြစ်သည်။ တရားလွှတ်တော် တရားသူကြီး ၇ ဦးတွင် အမျိုးသမီးတစ်ဦးမှ မပါသည့်အပြင် ပြည်နယ်နှင့် တိုင်းဒေ သကြီးအဆင့် တရားလွှတ်တော် တရားသူကြီး ၅၂ ဦးအနက် အမျိုးသမီး ၁၇ ဦးမျှသာ ပါဝင်သည်။

၂၀၁၅ ရွေးကောက်ပွဲများအပြီးတွင် ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် လွှတ်တော်နှစ်ခုစလုံးတွင် အမျိုးသမီး ကိုယ်စားလှယ် အရေအတွက် မြင့်တက်လာသော်လည်း ၂၀၁၆ ခုနှစ် မတ်လတွင် ဖွဲ့စည်းသော NLD အစိုးရသစ်တွင် တစ်ဦးတည်းသော အမျိုးသမီးမှာ ဒေါ်အောင်ဆန်းစုကြည်ဖြစ်သည်။ သမ္မတက ခန့်အပ်သော ပြည်နယ်နှင့်တိုင်းဒေသကြီး ဝန်ကြီးချုပ် ၁၄ ဦးသည် အားလုံး NLD ပါတီဝင်များ ဖြစ်သော်လည်း အမျိုး သမီးနှစ်ဦးသာ ပါဝင်သည်။ မြန်မာပြည်သူများစွာက အစိုးရသစ်သည် ကွဲပြားခြားနားသော အဓိကအုပ်စုများ၏ အကျိုးစီးပွားများအကြား ဂရုတစိုက်ဟန်ချက်ထိန်းရန် လိုအပ်နေကြောင်းကို ကောင်းစွာသိရှိထားကြသည့်အပြင် ဒီမိုကရေစီ အသွင်ကူးပြောင်း မှုတွင် ကျားမတန်းတူညီမျှရေးကို လစ်လျူရှုထားသည်ဟူသော စိုးရိမ်မှုများလည်း ဖြစ်ပေါ် လျက်ရှိသည်။[17]

နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်မှုနည်းပါးခြင်းကို ဖြစ်ပေါ်စေသောအကြောင်းရင်းများဟု အများစုက ဆန်းစစ်သတ်မှတ်ထားသော အချက်များမှာ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုမရှိခြင်း၊ မိမိကိုယ်ကို ယုံကြည်မှုမရှိခြင်း၊ အမျိုးသမီးများခရီးသွားလာမှုကို ကန့်သတ်ခြင်း၊ နိုင်ငံရေးသည် အန္တရာယ်များပြီး အမျိုးသားများ၏ ကိစ္စသာဖြစ်သည်ဟု အများကလက်ခံထားခြင်း၊ အမျိုးသားများကို လုပ်ပိုင်ခွင့်အာဏာပေးသော ဓလေ့ ထုံးစံများရှိနေခြင်း၊ အမျိုး သမီးများ ဦးဆောင်မှုကို ဆန့်ကျင်ခြင်း စသည်တို့ဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် အာရှဖောင်ဒေးရှင်းမှ ပြုလုပ်ခဲ့သော အမျိုးသားအဆင့် နိုင်ငံသားများ၏ အသိပညာနှင့် တန်ဖိုးထားမှုများကို လေ့လာသောစစ်တမ်းတွင် ဖြေဆိုသူအားလုံး၏ လေးပုံသုံးပုံက နိုင်ငံရေးတွင် အမျိုးသားများသည် အမျိုးသမီးများထက် ပိုတော်သောခေါင်းဆောင်များ ဖြစ်သည်ဟု ယုံကြည်ကြပြီး၊ သဘောထားပေးမှုများကို ကျားမကို အခြေခံ၍ ခွဲခြားထားသည့်တိုင်အောင် ထိုရလဒ်ပင် ထွက်ကြောင်း တွေ့ရှိရသည်။[18] Gender Equality Network ၏ ၂၀၁၅ လေ့လာမှုစစ်တမ်းတွင်လည်း မြန်မာနိုင်ငံ ၏ ကျားမတန်းတူညီမျှရေးအကြောင်းအရာအပေါ် အဓိကစိန်ခေါ်နေသောအချက်မှာ မျိုးဆက်နှင့်ချီ၍ စွဲကပ်နေသော လူမှုဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ ကိုးကွယ်မှုဆိုင်ရာ အမြင်များက အမျိုးသား၊ အမျိုးသမီး အထက်အောက် သတ်မှတ်ဆက်ဆံမှု များကို ဖြစ်ပေါ်စေသောအချက်ဖြစ်ပြီး အကောင်အထည်ပြုရန်ခက်ခဲသကဲ့သို့ မေးခွန်းမေးရမှာလည်းခက်ခဲစေသည်ဟု အလေးထားတင်ပြ ထားသည်။[19] မညီမျှသော ကျားမဆိုင်ရာတန်ဖိုးများကို အမျိုးသမီးများကိုယ်တိုင်က သတ်မှတ်လက်ခံထားခြင်းသည် စိန်ခေါ်မှုတစ်ခုဖြစ်ပြီး ယခုလေ့လာမှုစစ်တမ်းတွင် အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များ တွင်ပင်မြင်တွေ့ရသည့် ကိစ္စရပ်ဖြစ်သည်။

## ၁.၂။ စစ်တမ်း၏ ရည်ရွယ်ချက်၊ နည်းစနစ်နှင့် အကန့်အသတ်များ

မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုတွင် ပါဝင်ခဲ့သော ပထမမျိုးဆက် အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များ၏ သာမန်ထက် ထူးကဲသည့် အခန်းကဏ္ဍ၊ နောက်လူများအတွက် ၎င်းတို့၏ အတွေးအမြင်များ၏ အရေးပါမှုကြောင့် ၂၀၁၀ ရွေးကောက်ပွဲ၊ ၂၀၁၂ ကြားဖြတ်ရွေး ကောက်ပွဲများတွင် ရွေးချယ်တင်မြှောက်ခံရသော အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအား စစ်တမ်းကောက်ယူခြင်းနှင့် တွေ့ဆုံ မေးမြန်းခြင်းများကို အာရှဖောင်ဒေးရှင်းနှင့် ဖန်တီးအိမ်အဖွဲ့အစည်းတို့ လက်တွဲလုပ်ဆောင်ခဲ့သည်။ ၎င်းလေ့လာမှုစစ်တမ်း၏ ရည်မှန်းချက် များမှာ -

- ၂၀၁၁ ခုနှစ် မှ ၂၀၁၆ ခုနှစ် အတွင်း လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသော သမိုင်းဝင် အမျိုးသမီးအုပ်စု၏ အတွေ့အကြုံများကို မှတ်တမ်းပြုစုရန်
- ၎င်းအမျိုးသမီးအုပ်စု၏ တူညီသော ကိစ္စရပ်များ၊ စိန်ခေါ်မှုများနှင့် အတွေ့အကြုံများကို ဖော်ထုတ်ရန်
- မြန်မာအမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ အောင်မြင်မှုများ၊ ဆက်လက်လိုအပ်နေမှုများနှင့်ပတ်သက်၍ နားလည်သိမြင်မှုကို မြှင့်တင်ရန်
- ရရှိသော သင်ခန်းစာများကို အခြေခံ၍ နောက်မျိုးဆက် အမျိုးသမီးကိုယ်စားလှယ်လောင်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များ အတွက် အကြံပြုချက်များနှင့် အထောက်အကူပြု မူဘောင်များကို ရေးဆွဲရန်။

သုတေသနတွေ့ရှိချက်များကို နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်မှုနှင့်ပတ်သက်၍ လူထုဆွေးနွေးမှုများ အဆက်မပြတ်ဖြစ်ပေါ်ရန်၊ သတင်း အချက်အလက်ပေးနိုင်ရန်၊ လွှတ်တော်အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များနှင့် အဆက်မပြတ်တွေ့ထိနိုင်မည့် လမ်းကြောင်းတစ်ခုအဖြစ် ဆောင်ရွက်နိုင်ရန်နှင့်၊ အမျိုးသမီးများ၏ နိုင်ငံရေးကိုယ်စားပြုမှုကို ဦးစားပေးမြှင့်တင်မည့်အစီအစဉ်များကို ပုံဖော်ရာတွင် လွှတ်တော်အဖွဲ့ အစည်း များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးလုပ်ဖော်ကိုင်ဖက်များ၊ အခြားသက်ဆိုင်သူများ အားအနေဖြင့် ထည့်သွင်းစဉ်းစားနိုင်ရန် အရေးကြီးသည့် အချက်အလက်များ အဖြစ်အသုံးချနိုင်ရန်သုတေသနအဖွဲ့က မျှော်လင့်သည်။

[16] Inter-Parliamentary Union, http://www.ipu.org/wmn-e/arc/classif011115.htm ) [accessed June 1, 2015 and May 3, 2016.]
[17] Fiona McGregor, "Myanmar's new cabinet: national reconciliation without equality". Myanmar Times, 25 March 2016.
[18] Snaing, 2014.
[19] UNDP Myanmar, Women and Local Leadership. Leadership Journeys of Myanmar's Female Village Track/Award Administrators, 2015, pp. 19.

ဤသုတေသနစစ်တမ်းသည် အရေအတွက်နှင့် အရည်အသွေးနှစ်မျိုးစလုံးပါဝင်သော နည်းစနစ်များကို အသုံးပြုထားသည်။ စစ်တမ်းမေးခွန်းများကို ၂၀၁၄ ခုနှစ် စက်တင်ဘာလကုန်တွင် အာရှဖောင်ဒေးရှင်းနှင့် ဖန်တီးအိမ်တို့ ပူးပေါင်း၍ ရေးသားခဲ့သည်။ စစ်တမ်းပါ မေးခွန်းအချို့ကို လွှတ်တော်များသမဂ္ဂ (Inter-Parliamentary Union- IPU) ၏ "နိုင်ငံရေး တန်းတူညီမျှမှု - လွှတ်တော်များအတွင်း အမျိုးသားများနှင့် အမျိုးသမီးများကို လေ့လာခြင်း" ၂၀၀၈ ခုနှစ်အစီရင်ခံစာမှရယူခဲ့ပြီး သုတေသနရည်မှန်းချက်များနှင့် ကိုက်ညီအောင် ပြင်ဆင်ခဲ့သည်။ အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များ၏ နောက်ကြောင်း၊ နိုင်ငံရေးနယ်ပယ် ဝင်ရောက်လာပုံ၊ လွှတ်တော်ကိုယ်စားလှယ်ဘ၀၊ မဲဆန္ဒနယ်နှင့် ထိတွေ့မှု၊ လွှတ်တော်တွင်း အတွေ့အကြုံများစသော အရေးကြီးသည့်ကိစ္စများကို လေ့လာနိုင်ရန် မေးခွန်းများကို အထူးပြင်ဆင် ရေးဆွဲထားသည်။

စစ်တမ်းမေးခွန်းများတွင် မြန်မာနိုင်ငံလွှတ်တော်များမှ အမျိုးသမီးကိုယ်စားလှယ်များ၏ အတွေ့အကြုံများကို ပြည့်စုံမှန်ကန်စွာဖော်ထုတ်နိုင်ရန်အတွက် စစ်တမ်းမေးခွန်းမူကြမ်းကို နိုင်ငံရေးနောက်ခံ အမျိုးမျိုးကွဲပြားလျက် ရှိသော ပြည်ထောင်စု အဆင့်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးမှတဆင့် အမျိုးသမီးများ တိုးတက်ရေးကို အဓိကလုပ်ဆောင်နေသော အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် တိုင်ပင်နှီးနှောခဲ့သည်။ ၎င်းတိုင်ပင်နှီးနှောမှုများမှ တုန့်ပြန်အကြံပြု ချက်များကို နောက်ဆုံးအဆင့် စစ်တမ်းမေးခွန်းတွင် ထည့်သွင်းပြီးနောက် မြန်မာဘာသာသို့ ပြန်ဆိုကာ နိုင်ငံတစ်ဝှမ်းမှ အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးခဲ့သည်။[20]

စစ်တမ်းမေးခွန်းဖြန့်ဝေခြင်းနှင့် ဖြေဆိုပြီးသော မေးခွန်းများပြန်လည်ကောက်ယူခြင်းကို ၂၀၁၄ ခုနှစ် အောက်တိုဘာလလယ်မှ ၎င်းနှစ်ကုန်ပိုင်းအထိ ဆက်လက်လုပ်ဆောင်ခဲ့သည်။ ပြည်ထောင်စုအဆင့် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ် ၂၈ ဦးထံမှ ဖြေဆိုပြီးမေးခွန်း ၂၄ ခုနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်  အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ် ၂၅ ဦးထံမှ ဖြေဆိုပြီးမေးခွန်း ၂၁ ခုတို့ကို ၂၀၁၅ ခုနှစ် မတ်လကုန်တွင် ပြန်လည်ကောက်ယူခဲ့သည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဖေဖော်ဝါရီလအထိ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် လွှတ်တော်များမှ အမျိုးသမီးကိုယ်စားလှယ်များနှင့် တစ်ဦးချင်းတွေ့ဆုံမေးမြန်းမှု ၁၉ ခု ပြုလုပ်ခဲ့သည်။ လွှတ်တော်များ အတွင်း အမျိုးသမီးကိုယ်စားလှယ်များ ရင်ဆိုင်နေရသော တူညီသည့် စိန်ခေါ်မှုများ၊ ၎င်းတို့နှင့် သက်ဆိုင်သော အဖွဲ့အစည်းများ၏ လုပ်ထုံးလုပ်နည်းအကန့်အသတ်များကို ဆွေးနွေးရန် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များဆိုင်ရာဖိုရမ်ကို ၂၀၁၅ မတ်လတွင် နေပြည်တော်၌ ကျင်းပခဲ့သည်။ သုတေသန၏ ကနဦးလေ့လာတွေ့ရှိ ချက်များကို အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ၁၉ ဦးထံတင်ပြခဲ့ပြီး ၎င်းတို့၏ အကြံပြုမှတ်ချက်များကို ဤ အစီရင်ခံစာတွင် ထည့်သွင်းထားသည်။ ထို့အပြင် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၊ မီဒီယာများ၊ လွှတ်တော်အစည်းအဝေးများ၊ အစိုးရ အပတ်စဉ်ပြန်တမ်းများက ယခင်ထုတ်ပြန်ထားသော အစီရင်ခံစာများကိုလည်း ဖတ်ရှုသုံးသပ်မှု ပြုလုပ်ထားသည်။

သုတေသနစစ်တမ်းအတွက် နမူနာအုပ်စုရွေးချယ်ရန် အကန့်အသတ်ရှိသောကြောင့် (အဓိကအကြောင်းအရင်းသည် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်အရေအတွက်နည်းပါးမှု) အစီရင်ခံစာတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အရေးကြီးကိစ္စရပ်များစွာကို အပြည့်အဝထောက်ပြနိုင်ခြင်းမရှိပါ။ ထို့အပြင် စစ်တမ်းတွင် ပါဝင်သော လွှတ်တော်ကိုယ်စားလှယ်အချို့က ရှည်လျားသော စစ်တမ်းမေးခွန်းဖြေဆိုမှုကို အကျွမ်းတဝင် မရှိခြင်းနှင့် ၎င်းတို့၏ ဖြေဆိုမှုအချို့မှာ မျက်နှာချင်းဆိုင်တွေ့ဆုံမေးမြန်းမှုနှင့် ကိုက်ညီမှုမရှိခြင်းတို့မှာလည်း အခက်အခဲတွေ့စေသောအချက်ဖြစ်နိုင်ပါသည်။ မေးမြန်းသည့် အဖွဲ့သည် အဖြေများ၏ ရှင်းလင်းမှု၊ အတည်ပြုမှုကို ပုံမှန်စစ်ဆေးရန်လိုအပ်သည့်အပြင် သုတေသနအဖွဲ့၏ စစ်တမ်းအချက်အလက်များနှင့် တစ်ဦးချင်း မေးမြန်းထားမှုများနှင့် တိုက်ဆိုင်စစ်ဆေးနိုင်ရန်လည်း အရေးကြီးသည်။

ထို့အပြင် သုတေသနစစ်တမ်း၏ ကနဦးလေ့လာတွေ့ရှိချက်များကို တိုင်ပင်နှီးနှောရန်နှင့် အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များအတွက် ပါတီကွဲပြားမှုများကိုကျော်ကာ အရေးကြီးသည့် ကွန်ရက်ဖွဲ့စည်းနိုင်သော အခွင့်အလမ်း ပြင်ဆင်ပေးနိုင်ရန် ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် လွှတ်တော်များမှ အမျိုးသမီးကိုယ်စားလှယ် ၁၉ ဦး ပါဝင်တက်ရောက်ခဲ့သော ပထမဆုံး အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များဖိုရမ်ကို ၂၀၁၅ မတ်လတွင် အာရှဖောင်ဒေးရှင်းနှင့် ဖန်တီးအိမ်တို့က စီစဉ်ကျင်းပခဲ့သည်။ ဖိုရမ်တက်ရောက်သော အမျိုးသမီးကိုယ်စားလှယ်များ၏ ထင်မြင်ချက်များသည် ကိစ္စရပ်များစွာကို ပို၍ရှင်း လင်းစွာ နားလည်သွားနိုင်ရန် အထောက်အကူဖြစ်ခဲ့သည်။ ဒီမိုကရေစီအသွင်ကူးပြောင်းမှု အစောပိုင်းနှစ်များတွင် စတင်ပါဝင်ခဲ့ကြသော အမျိုးသမီးကိုယ်စားလှယ်များအတွက်သာမကပဲ၊ မြန်မာနိုင်ငံအတွက်ပါ အသစ်အဆန်းဖြစ်နေသောကြောင့် လွှတ်တော်ဆိုင်ရာ စိန်ခေါ်မှုများမှာ ယနေ့ထိရှိနေဆဲဖြစ်သည်။

[20] စစ်တမ်းမေးခွန်းများကို နောက်ဆက်တွဲ ၂ တွင် ဖော်ပြထားသည်

## အခန်း ၂။ လွှတ်တော်အတွင်းမှ အမျိုးသမီးကိုယ်စားလှယ်များ၏ နောက်ခံအကြောင်း

*ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်လွှတ်တော်နှစ်ရပ်စလုံးမှ အမျိုးသမီးကိုယ်စားလှယ်များသည် လေးစားဖွယ် ပညာအရည်အချင်း နှင့်ပြည့်စုံသည်ကိုတွေ့ရှိရသည်။ ပြည်ထောင်စုအဆင့် လွှတ်တော်မှ အမျိုးသမီး ကိုယ်စားလှယ် ၈၆ % သည် အနည်းဆုံးဘွဲ့တစ်ခုရရှိထားကြပြီး ၁၇% မှာ ဘွဲ့လွန်ဒီကရီများ ရရှိထားကြသည်။ ပြည်ထောင်စုအဆင့်လွှတ်တော်မှ အမျိုးသမီး ကိုယ်စားလှယ်များသည် နောက်ခံနယ်ပယ်အမျိုးမျိုးမှ ရောက်လာကြသူများဖြစ်ပြီး အထူးသဖြင့် ပညာရေး၊ ဥပဒေနှင့် စီးပွားရေး နယ်ပယ်များမှဖြစ်သည်။ အဆိုပါ အမျိုးသမီးအများစုသည် ရပ်ရွာအကျိုးပြုလုပ်ငန်းများ၊ ယုံကြည်ချက်အရ လှုပ်ရှားမှုများမှတဆင့် နိုင်ငံရေးနယ်ပယ်သို့ ဝင်ရောက်လာခဲ့ကြခြင်းဖြစ်သည်။ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ အားကျအတုယူဖွယ်ကောင်းသော စံနမူနာ ပုဂ္ဂိုလ်အဖြစ် ဒေါ်အောင်ဆန်းစုကြည်ကို ဝိုင်းဝန်းရည်ညွှန်းကြသည်။*

### ၂.၁။ ပညာရေးအဆင့်အတန်း

ယေဘုယျအားဖြင့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် ၂၀၁၁-၂၀၁၆ သက်တမ်းအတွင်း လွှတ်တော် အရပ်ရပ်သို့ မြင့်မားသော ပညာအရည်အချင်းပြည့်စုံမှုဖြင့် ဝင်ရောက်လာခဲ့ကြသည်။ ပြည်ထောင်စု အဆင့်လွှတ်တော်မှ အမျိုးသမီးကိုယ်စားလှယ်များ၏ ပညာအရည်အချင်းပြည့်စုံမှုအဆင့်သည် လုပ်ဖော်ကိုင်ဖက် အမျိုးသား ကိုယ်စားလှယ်များနှင့် တန်းတူ သို့မဟုတ် ပိုမိုသာလွန်ကြသည်။ ပြည်ထောင်စုအဆင့် လွှတ်တော်မှ အမျိုးသမီး ကိုယ်စားလှယ်များ၏ ၈၆% သည် ဝိဇ္ဇာ၊ သိပ္ပံနှင့် ဥပဒေဘာသာရပ်များတွင် အနည်းဆုံးဘွဲ့တစ်ခုစီ ရရှိထားကြသည်။ ၁၇ % မှာ ဘွဲ့လွန်ဒီကရီ ရရှိထားသူများ ဖြစ်ကြပြီး ၎င်းတို့ အနက် ဒေါက်တာဘွဲ့ ရရှိထားသူ ၆.၇ % ပါဝင် သည်။ ပြည်ထောင်စုအဆင့်လွှတ်တော်မှ အမျိုးသား ကိုယ်စားလှယ်များနှင့် နှိုင်းယှဉ်ကြည့်လျှင် အမျိုးသားကိုယ် စားလှယ်များတွင် ဘွဲ့ရသူ ၇၆ ရာခိုင်နှုန်း ၊ ဘွဲ့လွန်ဒီကရီရသူ ၇.၆ % နှင့် ဒေါက်တာဘွဲ့ရရှိသူ ၁.၃ % သာ ပါဝင်သည်ကို တွေ့ရှိရသည်။

*ဇယား ၂ - ပြည်ထောင်စုလွှတ်တော်ပညာရေး အဆင့်အတန်း*

| ရရှိသောဘွဲ့ | အမျိုးသား (N=၄၆၁) | အမျိုးသမီး (N=၃၀) |
|---|---|---|
| အခြေခံပညာ | ၁၈.၄% | ၆.၇% |
| အခြေခံပညာ လွန်အဆင့် | ၄.၃% | ၆.၇% |
| BA/BSc/LLB | ၆၈.၃% | ၅၃.၃% |
| BA/BSc+ | N/A | ၁၆.၇% |
| MA/MMEdSc | ၆.၃% | ၁၀.၀% |
| PhD/DrMedSc | ၁.၃% | ၆.၇% |
| မသိ | ၁.၃% | ၀.၀% |

ကိုးကား- မြန်မာနိုင်ငံလွှတ်တော်များ၊ MCM Books (ရန်ကုန်၊ ဖွန်လ ၂၀၁၃ခုနှစ် ); စစ်တမ်းဖြေဆိုသူများ

ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်လွှတ်တော်များမှ အမျိုးသမီးကိုယ်စားလှယ်များ၏ ၇၅ % သည် အနည်းဆုံး ဘွဲ့တစ်ခုစီရရှိထားကြပြီး ခန့်မှန်းခြေ ၂၅ % မှာ ဘွဲ့လွန်ဒီကရီရရှိထားသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ ပညာအရည်အချင်းနှင့်ပတ်သက်သည့် အချက်အလက်များကို မရနိုင်သော်လည်း ၂၀၁၁-၂၀၁၆ သက်တမ်း ပြည်ထောင်စုအဆင့်လွှတ်တော် ကိုယ်စားလှယ်များ၏ အချက်အလက်များကို လာမည့် ၂၀၁၆-၂၀၂၁ သက်တမ်း လွှတ်တော်ကိုယ်စားလှယ်များ၏ အချက်အလက်များနှင့် အတူတကွကောက်ယူခဲ့ရာ အမျိုးသမီးကိုယ်စားလှယ်များသည် လုပ်ဖော်ကိုင်ဖက် အမျိုးသား ကိုယ်စားလှယ်များနှင့် ပညာအရည်အချင်း တန်းတူ သို့မဟုတ် ပိုမိုသာလွန်ကြောင်း တွေ့ရှိရသည်။

*ဇယား ၃ - ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်များ၏ ပညာရေးအဆင့်အတန်း*

| ရရှိသောဘွဲ့ | အမျိုးသမီး (N =၂၀) |
|---|---|
| အခြေခံပညာရေး | ၂၀% |
| အခြေခံပညာလွန်အဆင့် | ၅ % |
| BA/BSc/LLB | ၃၅% |
| BA/BSc+ | ၁၅% |
| MA/MMEdSc | ၁၀% |
| PhD/DrMedSc | ၁၅% |
| မသိ | ၀% |

ကိုးကား - စစ်တမ်းဖြေဆိုသူများ

## ၂.၂။ အလုပ်အကိုင် နောက်ခံ

ပြည်ထောင်စုအဆင့်လွှတ်တော်သို့ ရွေးကောက်တင်မြှောက်ခံရသော အမျိုးသမီးကိုယ်စားလှယ်များသည် လုပ်ဖော်ကိုင်ဖက်အမျိုးသားကိုယ်စားလှယ်များနှင့်ကွဲပြားခြားနားသောအလုပ်အကိုင်နယ်ပယ်နောက်ခံများရှိကြသည်။ပြည်ထောင်စုအဆင့်လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ငါးပုံတစ်ပုံသည် စီးပွားရေးလုပ်ငန်းနယ်ပယ်မှ ဖြစ်ကြပြီး ဆိုင်ပိုင်ရှင်များ၊ ကုန်သည်များ၊ အသေးစားလုပ်ငန်းရှင်များ အစရှိသော အတွေ့အကြုံများ ရှိကြသည်။ ပြည်ထောင်စုအဆင့်လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၃.၆ % သို့မဟုတ် ၂၇ ဦးသည်သာ ဥပဒေနယ်ပယ်တွင် ယခင်က လုပ်ကိုင်ခဲ့သူများဖြစ်သည်။ ပြည်ထောင်စုလွှတ်တော်မှ အဆိုပါ ရှေ့နေ ၂၇ ဦးအနက် ၆ ဦး သို့မဟုတ် ၂၀ % ခန့်မှာ အမျိုးသမီးများ ဖြစ်သည်။[21]

လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ရာခိုင်နှုန်းအများစု (၁၂.၆ %) သည် ပညာရေးနယ်ပယ်မှ လာကြသူများဖြစ်သည်။ ပညာရေးနယ်ပယ်နောက်ခံရှိသူများတွင်(ယခင်က မူလတန်းပြဆရာ၊ အလယ်တန်းပြဆရာ၊ တက္ကသိုလ်ဆရာစသည်ဖြင့်) အမျိုးသမီးကိုယ်စားလှယ်အများစုဖြစ်သည်။ ပြည်ထောင်စုအဆင့် (၂၀% ) နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် (၄၀%) ရှိသည်။

*ဇယား ၄ - ပြည်ထောင်စုလွှတ်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်များမှ လွှတ်တော် ကိုယ်စားလှယ်များ၏ သက်မွေးမှုနောက်ခံ*

| ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ (စုစုပေါင်း) | | ပြည်ထောင်စုအဆင့် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များ (N=၃၀) | | ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များ (N=၂၀) | |
|---|---|---|---|---|---|
| စီးပွားရေး | ၂၁.၄% | ဥပဒေ | ၂၀.၀% | ပညာရေး | ၄၀.၀% |
| ပညာရေး | ၁၂.၆% | ပညာရေး | ၂၀.၀% | နိုင်ငံရေး | ၂၀.၀% |
| အစိုးရဝန်ထမ်း/နိုင်ငံရေး | ၁၂.၃% | အစိုးရဝန်ထမ်း/နိုင်ငံရေး | ၂၀.၀% | လူမှုရေးလုပ်ငန်း | ၁၀.၀% |
| ဆေးပညာ | ၆.၂% | စီးပွားရေး | ၁၆.၇% | စီးပွားရေး | ၁၀.၀% |
| စိုက်ပျိုးရေး | ၆.၁% | လူမှုရေးလုပ်ငန်း | ၁၀.၀% | ဆေးပညာ | ၅.၀% |
| ဥပဒေ | ၃.၆% | ဆေးပညာ | ၆.၇% | ဥပဒေ | ၅.၀% |

ကိုးကား - မြန်မာနိုင်ငံလွှတ်တော်များ၊ MCM Books (ရန်ကုန်၊ ဖွန်လ ၂၀၁၃ ခုနှစ်); Egreteau ၊ စစ်တမ်းဖြေဆိုသူများ

လွှတ်တော်အတွင်းရှိ အမျိုးသမီးကိုယ်စားလှယ်များနှင့် အမျိုးသားကိုယ်စားလှယ်များအကြား အလုပ်အကိုင် နယ်ပယ်နောက်ခံ ကွဲပြားခြားနားမှုများရှိနေခြင်းသည် မြန်မာနိုင်ငံလူ့အဖွဲ့အစည်းတွင် အလုပ်အကိုင် သင့်လျော်မှုကို ကျားမခွဲခြားလျက် ကန့်သတ်စဉ်းစားမှုရှိနေခြင်းကို ထင်ဟပ်စေသည်။ စာသင်ခြင်းသည် ကျားမဆိုင်ရာစံနှုန်းများ၏ စိန်ခေါ်ခြင်းမခံရပဲ အများစုလေးစားခြင်းခံရသည့် အလုပ်အကိုင်တစ်ခု အဖြစ် အမျိုးသမီးများရရှိသည့် အခွင့်အလမ်းတစ်ခုဟု ယူဆနိုင်သည်။[22] မြန်မာနိုင်ငံရှိ ကျောင်းဆရာ ၈၀ % မှာ အမျိုးသမီးများဖြစ်သောကြောင့် ရွေးကောက်ခံအမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်အများစုမှာ ပညာရေးနယ်ပယ်မှ ဖြစ်နေသည့်အချက်ကို အံ့အားသင့်စရာမရှိပေ။[23]

[21] Egreteau, 2014.

[22] (The Gender Equality Network, 2015)

[23] Asian Development Bank, 2014.

## ၂.၃။ စံပြအဖြစ်ခံယူထားသည့်နိုင်ငံရေးသမားနှင့် နိုင်ငံရေးနယ်ပယ်တွင်းသို့ ဝင်ရောက်လာပုံ


ကွဲပြားစုံလင်သော နောက်ခံနယ်ပယ်အသီးသီးမှ ရောက်လာကြသည့် အမျိုးသမီး လွှတ်တော် ကိုယ်စားလှယ်များက စံနမူနာပုဂ္ဂိုလ်အမျိုးမျိုးကို ညွှန်ပြကြသည်ကို စစ်တမ်းဖြေဆိုမှုများတွင် တွေ့ရှိရသည်။ စစ်တမ်းဖြေဆိုသူ လေးပုံတစ်ပုံ (၅ ဦး) က ၎င်းတို့အပေါ် အလွှမ်းမိုးဆုံး စံနမူနာပုဂ္ဂိုလ်အဖြစ် NLD ပါတီခေါင်းဆောင် နိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ကို ညွှန်ပြကြခြင်းမှာ အံ့သြစရာမဟုတ်ပါ။ သူ့အား စံနမူနာပုဂ္ဂိုလ်အဖြစ် ရှုမြင်ကြခြင်း၏ အကြောင်းရင်းအဖြစ် စစ်တမ်းဖြေဆိုသူများက ထုတ်နုတ်ပြသောအချက်မှာ အားကောင်းသော သွင်ပြင်လက္ခဏာနှင့် စွမ်းဆောင်ရည်ဖြစ်သည်။ စစ်တမ်းဖြေဆိုသော ကိုယ်စားလှယ်တစ်ဦးက "သူက အခြားသူတွေနဲ့ မတူပဲ ဆန္ဒပြင်းပြတယ်။ ဆုံးဖြတ်ချက်ခိုင်မာပြီး စွန့်လွှတ်ဖို့ဝန်မလေးဘူး။ သူအလိုရှိတဲ့အရာအတွက် ရုန်းကန်ကြိုးစားတယ်။ ဒါက သူ့ရဲ့ မဆုတ်မနစ် ဇွဲလုံ့လကြီးမှုပဲ" ဟု မှတ်ချက်ပေးသည်။[24]

အချို့အမျိုးသမီးကိုယ်စားလှယ်များကမူ ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံကို ကိုလိုနီလက်အောက်မှ လွတ်မြောက်လာစေခဲ့သော လွတ်လပ်ရေးဖိသုကာဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သောကြောင့် ချစ်ခင်လေးစားကြခြင်းဖြစ်သည်ဟုဆိုသည်။[25] ဖြေဆိုသူသုံးဦးက ဗိုလ်ချုပ်အောင်ဆန်းသည် ဟန်ဆောင်မှုကင်းပြီး ရိုးသားသော အတုယူဖွယ်ပုဂ္ဂိုလ်ဖြစ်သည်ဟု ရည်ညွှန်းသည်။ ဖြေဆိုသူတစ်ဦးက "ဗိုလ်ချုပ်အောင်ဆန်းရဲ့ အိမ်ကို သွားရောက်လေ့လာတဲ့အခါ ဇိမ်ခံပစ္စည်းတစ်ခုမှမတွေ့ခဲ့ဘူး။ ဒီအချက်ကို အရမ်းသဘောကျတယ်။ သူ့ရဲ့ရိုးသားမှုကို နှစ်သက်တယ်။ ခေါင်းဆောင်ဆိုတာ သူ့လိုပဲ ရိုးသားမှုရှိရမယ်" ဟု ပြောကြားသည်။[26]

ကိုယ်စားလှယ်တစ်ဦးက "သူသည် ငယ်စဉ်ကတည်းကပင် ဗိုလ်ချုပ်အောင်ဆန်းကို လေးစားခဲ့ကြောင်း၊ NLD ပါတီဝင်ဖြစ်လာပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် အနီးကပ်လုပ်ကိုင်ရသောအခါ သူ့အတွက် အတုယူဖွယ်ပုဂ္ဂိုလ် ဖြစ်လာခဲ့ကြောင်း" ပြောကြားသည်။ ဒေါ်အောင်ဆန်းစုကြည်အား ရည်ညွှန်းသော နာမ်စားအမည်ကို သုံးနှုန်းလျက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက "ကျွန်မရဲ့ စံပြပုဂ္ဂိုလ်က ဒေါ်စုပါ။ နိုင်ငံရေးနယ်ပယ်ကို ပထမဆုံး သူဝင်လာတဲ့ အခါမှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ သမီးဖြစ်တယ်၊ တိုင်းပြည်ကို ဦးဆောင်နိုင်မယ့်သူဖြစ်တယ်လို့ ရှုမြင်ခဲ့တယ်။ သူနဲ့ အတူ အလုပ်တွဲလုပ်ရတဲ့အခါ ပိုပြီးသဘောကျတယ်။ နမူနာယူတယ်။ ဒါပေမယ့် သူ့လိုတော့ မဖြစ်နိုင်ပါဘူး။ သူမေးခွန်းတွေ ဖြေတဲ့အခါ၊ စဉ်းစားတွေးခေါ်တဲ့အခါ အားနည်းချက်မရှိဘူး။ သူစဉ်းစားတွေး ခေါ်ပုံက ကျွန်မတို့နဲ့ မတူဘူး။ ခေတ်မီတယ်" ဟု ပြောကြားသည်။[27]

အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်အမြောက်အများက ၁၉၈၈ ခုနှစ် အရေးတော်ပုံကာလကတည်းက နိုင်ငံ ရေးနယ်ပယ်သို့ ဝင်ရောက်ခဲ့သော အသက်ကြီးသည့် လွှတ်တော်ကိုယ်စားလှယ်အမျိုးသမီးကြီးများကို လေးစားကြောင်း၊ ကြည်ညိုကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြပြီး အချို့က လည်း ၎င်းတို့၏ မိဘများကို နမူနာအဖြစ် အတုယူကြောင်း ပြောကြားကြသည်။

*ပုံ ၁ - နိုင်ငံရေးတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များစတင်ဝင်ရောက်လာပုံ* [28]




[24] ကိုယ်စားလှယ် ၉ ဦးမြောက်ကို တွေ့ဆုံမေးမြန်းခြင်း
[25] ကိုယ်စားလှယ် ၃၅ ဦးမြောက်ကို တွေ့ဆုံမေးမြန်းခြင်း
[26] Asian Development Bank, 2014.
[27] ကိုယ်စားလှယ် ၃၁ ဦးမြောက်ကို တွေ့ဆုံမေးမြန်းခြင်း
[28] ဖြေဆိုသူ ၄၅ ဦး

ယေဘုယျအားဖြင့် နိုင်ငံရေးနယ်ပယ်သို့ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ ဝင်ရောက်လာကြသော အဓိကလမ်းကြောင်းနှစ်ခုမှာ လူထုအကျိုးပြုလုပ်ရှားမှုနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားမှုတို့ဖြစ်သည်။ စစ်တမ်း ဖြေဆိုသူ ၂၄ ဦးက ၎င်းတို့ကို နိုင်ငံရေးနယ်ပယ်သို့ဝင်ရောက်ရန် ဆွဲဆောင်သော အကြောင်းရင်းအဖြစ် ၎င်းတို့၏ လူမှုရေးလုပ်ငန်းနှင့် CSOs များ၊ NGOs များတွင် ပါဝင်မှုတို့ကို ရည်ညွှန်းကြသည်။ အလားတူ အရေအတွက် (၂၂ ဦး) သည်လည်း နိုင်ငံရေးပါတီလှုပ်ရှားမှုများ အထူးသဖြင့် ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံက လှုံ့ဆော်ပေးခဲ့သော လှုပ်ရှားမှုများနှင့် ၎င်းတို့ မိဘမျိုးဆက်၏ နိုင်ငံရေးလှုပ်ရှားမှုများမှတဆင့် နိုင်ငံရေးနယ်ပယ်တွင် ပါဝင်ထိတွေ့ခဲ့ခြင်းဖြစ်သည်။ အချို့ဖြေဆိုသူ ကိုယ်စားလှယ်များမှာ နိုင်ငံရေးနယ်ပယ်သို့ မဝင်ရောက်မီ မြို့နယ်နှင့် ကျေးရွာအဆင့်ဖွံ့ဖြိုးရေးကော်မတီများတွင် ဦးစွာလုပ်ကိုင်ခဲ့ကြသူများဖြစ်သည်။ ကိုယ်စားလှယ် အနည်းအကျဉ်းကလည်း ၎င်းတို့ ရပ်ရွာအသိုင်းအဝိုင်း၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များ၊ မိသားစု အဆက်အသွယ်များနှင့် ဘာသာရေးအဖွဲ့အစည်းများသည် နိုင်ငံရေးနယ်ပယ်သို့ ပါဝင်လာအောင် လှုံ့ဆော်သော အကြောင်းရင်းများ ဖြစ်သည်ဟု ပြောကြားကြသည်။

## အခန်း ၃။ လွှတ်တော်အတွက် မဲဆွယ်စည်းရုံးခြင်း

*လွှတ်တော်အတွင်းနေရာရရှိရေးမဲဆွယ်စည်းရုံးရာတွင် အမျိုးသမီးများအနေဖြင့် သိသာထင်ရှားသည့်စိန်ခေါ်မှုများစွာကို ကြုံတွေ့ခဲ့ရသည်။ ၎င်းတို့မှာ ရွေးကောက်ပွဲများကို အကန့်အသတ်ရှိသည့်ပတ်ဝန်းကျင်တွင် ကျင်းပခြင်း၊ ပြည်သူတို့အနေဖြင့် အာဏာပိုင်များ၏ ကြမ်းကြမ်း တမ်းတမ်းတုန့်ပြန်ခြင်းကို ကြောက်ရွံ့သည့်အတွက် နိုင်ငံရေးသမားများနှင့်ပတ်သက်လာသည့် အခါတွင် ရှိန်နေကြခြင်းနှင့် အမျိုးသမီးကိုယ်စားလှယ်လောင်းများအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်၏အခန်းကဏ္ဍနှင့် ပတ်သက်သည့် တရားဝင်သတင်းအချက်အလက် သို့မဟုတ် သင်တန်းအနည်းငယ်သာရရှိခြင်းတို့ဖြစ်သည်။ နိုင်ငံရေး ပါတီများသည် ရွေးကောက်ပွဲမတိုင်မီ အချိန်များတွင် ၎င်းတို့၏ပါတီမှကိုယ်စားလှယ်လောင်းများကို ပံ့ပိုးမှုအများစု ပေးခဲ့ကြသည်ဟု ရှုမြင်ကြသော်လည်း ထိုပံ့ပိုးမှုများမှာ အကန့်အသတ်နှင့်သာဖြစ်ပြီး ကိုယ်စားလှယ်လောင်း အားလုံးနီးပါးက ရန်ပုံငွေရှာဖွေရခြင်းနှင့် ခရီးလှည့်လည်သွားလာစေခြင်းတို့ကို စိန်ခေါ်မှုများ အနေဖြင့် ထောက်ပြခဲ့ကြသည်။ အထူးသဖြင့် ရွေးကောက်ပွဲမတိုင်မီတွင် အမျိုးသမီး ကိုယ်စားလှယ်လောင်းများအတွက်ရည်ရွယ်သည့် အကြံပြုဉာဏ်များပေးခြင်းနှင့် သင်တန်းပေးခြင်းများ နှင့်ဆိုင်သော ပံ့ပိုးမှုများရရှိသည်ဟု ဖြေဆိုသူတစ်ဦးတစ်ယောက်မျှ မရှိပါ။ အမျိုးသမီး ကိုယ်စားလှယ်လောင်းများအနေဖြင့် အကြိုက်နှစ်သက်ကြဆုံး အထောက်အပံ့မှာ စိတ်ဓာတ်ခွန်အားဆိုင်ရာ သို့မဟုတ် စိတ်ခံစားမှုဆိုင်ရာ ပံ့ပိုးမှုပင်ဖြစ်ပြီး ယင်းပံ့ပိုးမှုမှာ မိဘ၊ မိသားစုဝင်များ၊ ရပ်ရွာလူထု၊ ဘာသာရေးခေါင်းဆောင်များ သို့မဟုတ် ပါတီဝင် လုပ်ဖော်ကိုင်ဘက်တို့မှ ပေးကြသည့် ပံ့ပိုးမှုများဖြစ်သည်ဟု ဆိုကြသည်။*

### ၃.၁။ ၂၀၁၀ အထွေထွေရွေးကောက်ပွဲများ

၂၀၁၀ အထွေထွေရွေးကောက်ပွဲများအား လွတ်လပ်၍တရားမျှတခြင်းမရှိဟူ၍ လူအများအပြားက မှတ်ယူခဲ့ကြသည်။ NLD ပါတီအနေဖြင့် ပြဿနာအမျိုးအစားပေါင်းများစွာကိုဖော်ပြ၍ ရွေးကောက်ပွဲအား သပိတ်မှောက်ခဲ့ သည်။ NLDပါတီ၏ခေါင်းဆောင်ဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည့်အပေါ် နေအိမ်အကျယ်ချုပ်ချမှတ်ခြင်းကို ဆက်လက်ပြုလုပ်ထားပြီး ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမှ တားမြစ်ထားမည့် ဥပဒေမူဘောင် ကိစ္စသည်လည်းတစ်ခုအပါအဝင်ဖြစ်သည်။ ပွင့်လင်းမြင်သာမှုမရှိခြင်း၊ အကြိတ်အနယ်ယှဉ်ပြိုင်ရသည့် မဲဆန္ဒနယ်များတွင် မဲကို လိုသလို ထိန်းချုပ်ခြင်းပြုလုပ်သည်ဟူသော များလှစွာသည့် စွပ်စွဲချက်များဖြင့် ရွေးကောက်ပွဲများကို နစ်နာစေခဲ့သည်။ အံ့သြစရာမရှိသည်မှာ ပထမဦးဆုံးသော တပ်မတော်အုပ်ချုပ်ရေးအလွန်ကာလတွင် ပြည်ထောင်စုနှင့် ပြည်နယ်အဆင့်လွှတ်တော်များကို တပ်မတော် ကျောထောက်နောက်ခံပြုသည့် USDP ပါတီဝင်တို့မှလွှမ်းမိုးထားခြင်းပင်ဖြစ်သည်။ ယင်းလွှမ်းမိုးမှုကို ၂၀၁၂ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲတွင် NLD ပါတီဝင် ၄၃ ဦးမှ လွှတ်တော်ကိုယ်စားလှယ်နေရာများ ရွေးကောက်ခံရခြင်းဖြင့်သာ အနည်းငယ်ချေဖျက်ခဲ့သည်။

USDP ကိုယ်စားလှယ်လောင်းများကြီးစိုးလွှမ်းမိုးနေပြီး အားနည်းချက်များရှိခဲ့သည့် ရွေးကောက်ပွဲသည် မြန်မာ နိုင်ငံတွင် အရပ်သားဦးဆောင်၍ ဒီမိုကရေစီနည်းကျသည့်အစိုးရအဖြစ်သို့ ပြောင်းလဲရေးအတွက် အကူးအပြောင်းကာလ၌ စစ်မှန်သော ခြေလှမ်းတစ်ရပ်အဖြစ် ယူဆနိုင်ခြင်း ရှိမရှိမှာ အလေးအနက်ထားရမည့် အခြေ အတင်ဆွေးနွေးစရာကိစ္စဖြစ်သည်။ ထို့ကြောင့်လွှတ်တော်အသစ်နှင့်စပ်လျဉ်းသည့်မျှော်လင့်ချက်များ မှာလည်း အကန့်အသတ်နှင့်သာဖြစ်သည်။ သို့ရာတွင် မြန်မာ့အရေးလေ့လာသုံးသပ်သူ ရစ်ချတ်ဟော်ဆေးကမူ အောက်ပါအတိုင်း ဆွေးနွေးထားသည် -

> "၂၀၁၀ ရွေးကောက်ပွဲ၏ အရေးပါမှုမှာ လွတ်လပ်၍တရားမျှတစွာ ကျင်းပပေးသည့်အပေါ် အခြေပြုထားခြင်းမဟုတ်ပေ။ တရားဝင် နိုင်ငံရေးလှုပ်ရှားမှုနှင့်  ဆွေးနွေးမှုများပြန်လည် ရရှိလာခြင်းနှင့်အတူ အခွင့်အလမ်းများ နေရာတကာတွင် ရှိလာသည်။ ယင်းမှာ ကုန်လွန်ခဲ့သည့် ရာစုနှစ်ဝက် ကျော်ကြာအောင် မဖြစ်နိုင်ခဲ့သည့်အရာပင်ဖြစ်ခြင်း၊ တပ်မတော်အတွင်း မျိုးဆက်အသွင် ကူးပြောင်းခြင်း၊ တပ်မတော်နှင့် အစိုးရကြားတွင်လည်း ခွဲခြားမှုရှိလာခြင်း၊ ဒေသအလိုက် လွှတ်တော်များ ပေါ်လာခြင်းနှင့် အုပ်ချုပ်ရေးတွင် အကန့်အသတ်နှင့် အာဏာဖြေလျော့မှုရှိလာခြင်း တို့ဖြစ်သည်။ ဖြစ်ပေါ်တိုးတက်မှုအချို့မှာ ယာယီမျှသာ ဖြစ်ပြီး အားလုံးက အပေါင်းလက္ခဏာ သဘောကို သက်သေမပြနိုင်ခဲ့သော်လည်း ထိုဖြစ်ပေါ်တိုးတက်မှုများသည် နှစ်ပေါင်းများစွာကြာအောင် မပြောင်းမလဲရှိနေခဲ့သည့်အခြေအနေတစ်ရပ်တွင် အပြောင်းအလဲနှင့် အခွင့်အလမ်းတို့ကို အမှန်ပင် ကိုယ်စားပြုသည်။" [29]

ပညာရေး ပြုပြင်ပြောင်းလဲမှုအပါအဝင် လူမှုရေးပြုပြင်ပြောင်းလဲမှုများအတွက် လှုပ်ရှားခဲ့ကြသည့် ကျောင်းသားများနှင့် တက်ကြွလှုပ်ရှားသူများကို ဖမ်းဆီးခြင်း၊ အစိုးရကို ဝေဖန်သူများကို ဖမ်းစီးခြင်းများအပြင် အစိုးရ၏ လူ့အခွင့်အရေးချိုးဖောက်သည့် ပြဿနာများကြောင့် အကျည်းတန်ခဲ့ရသည့်တိုင် ဦးသိန်းစိန်အစိုးရ၏ နောက်ပိုင်းတဖြည်းဖြည်းတိုးတက်လာမှုကြောင့် နိုင်ငံရေးဆွေးနွေးပွဲများဖြစ်ပေါ်လာရန် အခွင့်အလမ်းများ ရလာသည်။ နိုင်ငံအနေဖြင့်တွေ့ကြုံနေရသည့် စိန်ခေါ်မှုများအတွက် အဖြေရှာရန်နှင့် အခြေအတင်ဆွေးနွေးရန် နေရာတစ်ခုအဖြစ် အမျိုးသားအဆင့် လွှတ်တော်ပေါ်ပေါက်လာခြင်းသည် အလွန်စိတ်ဝင်စားဖွယ်ကောင်းသည်။ ၂၀၁၁နှင့် ၂၀၁၆ ခုနှစ်များကြားမှ

[29] Horsey, 2010.

လွှတ်တော်ကိုယ်စားလှယ်များသည် ခွင့်ပြုထားသည့်အရာများနှင့် ဖြစ်နိုင်ခြေရှိသည်ဟုယူဆထားသည့် အရာများထက် များစွာထက်ပိုအောင် ဆောင်ရွက်ခဲ့ကြသည်။

ဤပထမဆုံးသောလွှတ်တော်တွင် ၎င်းတို့၏ ဒေသကိုကိုယ်စားပြု၍ ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည့် အမျိုးသမီးများ၏ စုပေါင်းအတွေ့အကြုံတို့သည် အမျိုးသမီးများအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ချက်များက မြန်မာနိုင်ငံသားများ၏ ဘဝကိုမည်ကဲ့သို့ပြောင်းလဲစေခဲ့ကြောင်းကိုသာမက အမျိုးသမီးတို့၏ အစိုးရနှင့်နိုင်ငံရေးဖြစ်စဉ်အပေါ်ထားရှိသည့်မျှော်လင့်ချက်တို့ကို မည်သို့ပြောင်းလဲစေခဲ့သည်ဆိုသည့် အမြင်များကိုလည်း ပေးသည်။

## ၃.၂။ မိသားစု၊ လူမှုရေးနှင့် ပညာရှင်အသိုင်းအဝိုင်းတို့ထံမှ ပံ့ပိုးမှု

၂၀၁၀ ရွေးကောက်ပွဲနှင့် ၂၀၁၂ ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲကာလများအတွင်း တန်ဖိုးအရှိဆုံး ပံ့ပိုးမှုအား မေးမြန်းသည့်အခါတွင် အဖြေမှာအမျိုးမျိုးရှိသောကြောင့် ယင်းမေးခွန်းကိုမဖြေပဲ ကျော်သွားသည်က များသည်။ ယင်းအစား မိဘများ သို့မဟုတ် သူငယ်ချင်းများ၏ ပံ့ပိုးမှုများကိုသာ အဓိကထား ဖြေကြားပြီး ကျန်ရှိနေသည့် အမျိုးအစားများကို ကျော်သွားသည့် ကိုယ်စားလှယ်အချို့လည်းရှိသည်။ သို့သော်လည်း စစ်တမ်းအဖြေနှင့် တစ်ဦးချင်းမေးမြန်းမှုများ ပေါင်းစပ်လိုက်သည့် အခါတွင် အဖြေများရှင်းလင်းစွာ ပေါ်ထွက်လာခဲ့သည်။ အမျိုးသမီး ကိုယ်စားလှယ်လောင်းများအနေဖြင့် အသိအမှတ်အပြုဆုံးပံ့ပိုးမှုမှာ စိတ်ဓါတ်ခွန်အားဆိုင်ရာ သို့မဟုတ် စိတ်ခံစားမှုဆိုင်ရာ ပံ့ပိုးမှုပင်ဖြစ်ပြီး ယင်းပံ့ပိုးမှုမှာ မိဘ၊ မိသားစုဝင်များ၊ ရပ်ရွာလူထု၊ ဘာသာရေးခေါင်းဆောင်များ သို့မဟုတ် ပါတီဝင်လုပ်ဖော်ကိုင်ဘက်များမှ ပေးကြသည့် အားပေးတိုက်တွန်းမှု ဖြစ်သည်ဟုဆိုကြသည်။ ၂၀၁၀ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်တွင် ရွေးကောက်ခြင်းခံရသည့် အမျိုးသမီး ကိုယ်စားလှယ်များအနေဖြင့် ယင်းကဲ့သို့သော လူမှုရေး ဆိုင်ရာပံ့ပိုးမှုတို့သည် ပထမဆုံးအနေဖြင့် မဲဆွယ်စည်းရုံးမှုအောင်မြင်စေရေးနှင့် နောက်ပိုင်းတွင် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအနေဖြင့် ၎င်းတို့၏တာဝန်ကို စီမံခန့်ခွဲရေး၌ ၎င်းတို့၏စွမ်းဆောင်ရည်အတွက် မရှိမဖြစ်အရေးပါသည်ဟု အစဉ်တစိုက် ထုတ်ဖော်ပြောခဲ့ကြသည်။ ပံ့ပိုးအားပေးသူ သို့မဟုတ် လမ်းညွှန်ပြသသူတစ်ဦးထံမှ ပံ့ပိုးမှုကို အရေးကြီးသည်ဟူ၍ လွှတ်တော်ကိုယ်စားလှယ်များက အကြိမ်ရေအများဆုံးညွှန်းဆိုခဲ့ပြီး (၄၂ % က အလွန် အထောက်အပံ့ဖြစ်) မိဘ၊ အိမ်ထောင်ဖက်၊ လုပ်ဖော်ကိုင်ဘက်နှင့် သူငယ်ချင်းတို့၏ ပံ့ပိုးမှုတို့ကမူ နောက်မှ လိုက်သည်။

*ဇယား ၅ - အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ နိုင်ငံရေးတွင်ပါဝင်မှုပေါ် ဖော်ပြပါပုဂ္ဂိုလ်များ၏ အားပေး ထောက်ခံမှု*

| | အလွန် ပံ့ပိုးပေးသည် | အနည်းငယ် သာပံ့ပိုးပေး သည် | ပံ့ပိုးပေးသည် လည်း မဟုတ်၊ မပံ့ပိုးပေးသည် လည်းမဟုတ်ပါ | ပံ့ပိုးမှုမရှိလှပါ | ပံ့ပိုးမှု လုံးဝ မရှိပါ | မသိပါ | တုံ့ပြန်မှု မရှိပါ |
|---|---|---|---|---|---|---|---|
| ပံ့ပိုးအားပေးသူ/ လမ်းညွှန်ပြသသူ | ၄၂.၂% | ၂၀.၀% | ၂.၂% | ၂.၂% | ၀.၀% | ၀.၀% | ၃၃.၃% |
| မိဘများ | ၃၇.၈% | ၄.၄% | ၆.၇% | ၄.၄% | ၈.၉% | ၂.၂% | ၃၅.၆% |
| အိမ်ထောင်ဖက်/ အတူနေသူ | ၃၅.၆% | ၄.၄% | ၀.၀% | ၄.၄% | ၄.၄% | ၂.၂% | ၄၈.၉% |
| လုပ်ဖော်ကိုင်ဘက်/ လုပ်ငန်းခွင်မှပညာရှင် လုပ်ဖော်ကိုင်ဖက် | ၃၅.၆% | ၂၈.၉% | ၆.၇% | ၆.၇% | ၂.၂% | ၂.၂% | ၁၇.၈% |
| သူငယ်ချင်းများ | ၃၃.၃% | ၂၄.၄% | ၄.၄% | ၈.၉% | ၂.၂% | ၂.၂% | ၂၄.၄% |
| လူမှုကွန်ရက်များ/ အသင်းအဖွဲ့များ | ၂၈.၉% | ၁၅.၆% | ၀.၀% | ၄.၄% | ၄.၄% | ၁၃.၃% | ၃၃.၃% |
| အိမ်နီးချင်းများ/ ဒေသခံရပ်ရွာလူထု | ၂၆.၇% | ၁၅.၆% | ၄.၄% | ၄.၄% | ၆.၇% | ၂.၂% | ၄၀.၀% |
| ဆွေမျိုးများ | ၁၇.၈% | ၂၆.၇% | ၄.၄% | ၁၁.၁% | ၈.၉% | ၂.၂% | ၂၈.၉% |
| ပညာရှင်ကွန်ရက်များ/ အသင်းအဖွဲ့များ | ၄.၄% | ၁၅.၆% | ၆.၇% | ၂.၂% | ၄.၄% | ၁၃.၃% | ၅၃.၃% |

*တွက်ချက်ချိန်တွင် အနီးစပ်ဆုံးတန်ဖိုးများ (rounding) ရှိသောကြောင့် အချို့သောရာခိုင်နှုန်းများမှာ ၁၀၀% အပြည့်ရေတွက်နိုင်ခြင်းမရှိပါ။*

ဖြေကြားသူတစ်ဦးကမူ "ကျွန်မရဲ့အမျိုးသားက အတော့်ကို အထောက်အကူဖြစ်စေပါတယ်။ ကျွန်မစိတ်ထဲရှိတဲ့ အတိုင်း လုပ်ပိုင်ခွင့်ပြုထားတယ်။ သူကကျွန်မကို အလုပ်မှာပျော်၊ မပျော်ကိုလည်း မေးတယ်။ ကျွန်မသာ ပျော်တယ်ဆိုရင် သူကျွန်မကို တားမှာမဟုတ်ဘူး။ သူကကျွန်မရဲ့ အလုပ်မှာလည်း မစွက်ဖက်ဘူး။ ပြီးတော့ အလုပ်အပေါ်ကို စိတ်လည်းမဆိုးတတ်ဘူး။ ၂၀၁၀ ရွေးကောက်ပွဲကာလတုန်းက ကျွန်မက ဒုတိယကလေးကို ကိုယ်ဝန်ဆောင်ထားရတာလေ။ ကျွန်မအမေကလည်း အနီးကပ်အထောက်အကူပြုပါတယ်။" ဟုမှတ်ချက်ပြုခဲ့သည်။[30] အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကလည်း "အံ့သြစရာကောင်းတာက ကျွန်မရဲ့အစ်မအကြီးက ကျွန်မလွှတ်တော်ကိုယ်စားလှယ်ဖြစ်လာဖို့ စိတ်ဆန္ဒပြင်းပြင်းပြပြရှိတယ်။ ပြီးတော့ ကျွန်မကို အားလည်းပေး တယ်။ ကျွန်မအဖေက တစ်ခါလားပဲ တားခဲ့ဖူးတယ်။ သူကတွေးတာက ကျွန်မအနေနဲ့ ဒါကိုမလုပ်သင့်ဘူးပေါ့။ ဘာလို့လဲဆိုတော့ ဒေါ်အောင်ဆန်းစုကြည်လိုလူတောင် ထောင်ထဲကိုဝင်လိုက်ထွက်လိုက် အကြိမ်ကြိမ်ကြုံရတာဆိုတော့ ကျွန်မကိုလည်း မလုပ်စေချင်ဘူးပေါ့။ ကျွန်မယောကျ်ားကတော့ အားပေးပါတယ်။" ဟု ထုတ်ဖော် ပြောဆိုခဲ့သည်။[31]

အမျိုးသမီးတော်တော်များများကမူ ၎င်းတို့လွှတ်တော်ကိုယ်စားလှယ်နေရာကို ဝင်ရောက်အရွေးခံကြစဉ်က ၎င်းတို့၏ မိဘများမှာ သက်ရှိထင်ရှားမရှိကြတော့ပေ။ ၁၉ ဦးမှာမူ လက်မထပ်ရသေးပေ (အမျိုးသမီးကိုယ်စားလှယ် များစုမှာမှာ မုဆိုးမများနှင့် အိမ်ထောင်ကွဲထား သူများဖြစ်ကြသည်။) သို့ရာတွင် ချွင်းချက်အနည်းငယ်ရှိသည်မှအပ လက်ထပ်ထားရုံမျှမက မိဘများသက်ရှိထင်ရှားရှိကြသည့် အရွေးကောက်ခံ အမျိုးသမီးများသည်လည်း သူတို့၏ အိမ်ထောင်ဖက်များနှင့် မိဘတို့ထံမှ အားကောင်းသည့်ပံ့ပိုးမှုကိုရရှိကြသည်။ ဖြေကြားသူများ၏ ၃၇.၈ % က တင်ပြကြသည်မှာ "အလွန်ပံ့ပိုးပေးသော" မိဘများရှိကြ၍ ၃၅.၆ % ကမူ "အလွန်ပံ့ပိုးပေးသော" အိမ်ထောင်ဖက်များ ရှိကြသည်ဟု ဖြေဆိုခဲ့ကြသည်။

သို့သော် အမျိုးသမီးများနိုင်ငံရေးတွင်ပါဝင်လာမှုအပေါ် အပြင်းထန်ဆုံးအတိုက်အခံမှာလည်း မိဘများနှင့် ဆွေမျိုးများဆီမှ ထွက်ပေါ်လာခြင်းဖြစ်ပြီး ဖြေကြားသူ၏ ၈.၉ % က မိဘများနှင့် ဆွေမျိုးများသည် သူတို့၏ နိုင်ငံရေး တွင် ပါဝင်မှုကို "အလွန်ပံ့ပိုးမှုမရှိ" ဟူ၍ ညွှန်းဆိုကြသည်။ လွှတ်တော်ကိုယ်စားလှယ်အတော်တော် များများက ပြောဆိုသည်မှာ မဲဆွယ်စည်းရုံးနေစဉ်ကာလအတွင်း မိဘများနှင့် ဆွေမျိုးရင်းခြာတို့၏ အားပေးမှု မရခြင်းသည် ၎င်းတို့အိမ်ထောင်စုအတွင်း အရေးပါသည့်ဖိအားကို ဖန်တီးသည်ဟုဆိုကြသည်။ ဖြေကြားသူ တစ်ဦးက "ကျွန်မရဲ့ မိဘတွေနဲ့ မောင်နှမရင်းခြာတွေက လုံးဝကိုအားမပေးတာပါ။ ဘာလို့လဲဆိုတော့ သူတို့ရဲ့ အတွေးက နိုင်ငံရေးဆိုတာ အမျိုးသမီးတွေအတွက် မဟုတ်ဘူး။ ကျွန်မသာနိုင်ငံရေးလုပ်ရင် ထောင်ကျတော့မှာပဲ ဆိုပြီးတွေးကြတယ်လေ။ ကျွန်မအဖေဆိုရင် စိတ်ဓါတ်တွေကျပြီး မကျန်းမမာကိုဖြစ်တော့တာ။ ကျွန်မအမေက ကျွန်မသာ လွှတ်တော်ကိုယ်စားလှယ်ဖြစ်သွားရင် အိမ်ကနေထွက်သွားတော့မှာလို့တွေးတယ်။ အဲ့အခါကျရင် သူတို့ကိုပြုစုစောင့်ရှောက်ဖို့ ဘယ်သူမှမရှိတော့ဘူးဆိုပြီး တွေးတာလေ" ဟုဆိုပါသည်။[32]

ဖြေကြားသူတစ်ဦးကမူ "ကျွန်မအမျိုးသားက အစကသဘောမတူဘူး။ ဘာလို့လဲဆိုတော့ နိုင်ငံရေးဆိုတာ လွယ် ကူတဲ့ အလုပ်မဟုတ်တဲ့အပြင် နိုင်ငံရေးအခြေအနေတွေက မတည်ငြိမ်ဘူးလို့ ထင်တာလေ။ နောက်ပိုင်းမှာတော့ သူလည်း နိုင်ငံရေးကိုစိတ်ဝင်စားလာပြီးတော့ ကျွန်မတို့ရဲ့ ဒေသအတွက် အလုပ်လုပ်ပေးတာက ကောင်းတယ် လို့မြင်လာပါတယ်။ ကျွန်မရဲ့လုပ်ဖော်ကိုင်ဘက်တွေလည်းအားကိုးရပါတယ်" ဟုပြောခဲ့ပါသည်။[33]

လုပ်ဖော်ကိုင်ဘက်များနှင့် သူငယ်ချင်းများက ၎င်းတို့၏ နိုင်ငံရေးရည်မှန်းချက်များအတွက် ပံ့ပိုးမှုမှာ ရောယှက်လျက်ရှိသည်ဟု လွှတ်တော်ကိုယ်စားလှယ်များက ပြောပြကြသည်။ ၃၅.၆ % သော အမျိုးသမီး ကိုယ်စားလှယ်များက လုပ်ဖော်ကိုင်ဘက်များသည် "အလွန်ပံ့ပိုးပေး" ကြကြောင်းပြောနေသော်လည်း ၂၈.၉% ကမူ ၎င်းတို့၏လုပ်ဖော်ကိုင်ဘက်များအနေဖြင့် "အနည်းငယ်သာပံ့ပိုးပေး" ကြကြောင်း ပြောဆိုပါသည်။ ထို့ပြင် နောက်ထပ် ၁၅.၆ % ကမူ လုပ်ဖော်ကိုင်ဘက်များသည် "ပံ့ပိုးမှုသိပ်မရှိ" သို့မဟုတ် "ပံ့ပိုးပေးသည်လည်းမဟုတ်၊ မပံ့ပိုးပေးသည်လည်းမဟုတ်" ဟူ၍ အစီရင်ခံပါသည်။ သူငယ်ချင်းများထံမှ ပံ့ပိုးမှုအဆင့်များနှင့်စပ်လျဉ်းသည့် တုံ့ပြန်မှုမှာလည်း ယင်းကဲ့သို့ပင်ရောထွေးလျက်ရှိသည်ဟု ဆိုကြသည်။


## ၃.၃။ အဖွဲ့အစည်း၏ ပံ့ပိုးမှု

၂၀၁၀ ရွေးကောက်ပွဲကျင်းပခဲ့သည့်ကာလသည် မသေချာမရေရာ၍ ကန့်သတ်မှုများရှိသည့် နိုင်ငံရေး အခြေအနေတို့ကြောင့် နိုင်ငံရေးပါတီအနည်းငယ်သည်သာ ၎င်းတို့၏ ကိုယ်စားလှယ်လောင်းများကို ပံ့ပိုးရန်အတွက် အခိုင်အမာအခြေအနေရှိပြီး ကျွမ်းကျင်မှုအခြေခံသင်တန်းများကို အနည်းငယ်သာ ဆောင်ရွက်နိုင်ခဲ့သည် ထူးခြားသည့် ကိစ္စမဟုတ်ပါ။ ရွေးကောက်ပွဲများအတွက် ပြည်တွင်းနှင့် နိုင်ငံတကာတို့မှ စိုးရိမ်ပူပန်မှုများ ဆိုသည်မှာလည်း ကိုယ်စားလှယ်လောင်းများအတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများ မှတစ်ဆင့် ပံ့ပိုးမှုများ အနည်းငယ်သာ ရှိခဲ့ကြခြင်းကိုဆိုလိုပါသည်။ ရလဒ်အားဖြင့် ကိုယ်စားလှယ်လောင်းများအတွက် ပံ့ပိုးပေးမှုများအလောတကြီး လိုအပ်နေသည့်ကာလတွင် ၎င်းတို့ရရှိလာသည့် ပံ့ပိုးမှုများတွင် ကွာဟချက်အကြီးအကျယ်ရှိခဲ့သည်။

[30] ကိုယ်စားလှယ် ၃ ဦးမြောက်ကို တွေ့ဆုံမေးမြန်းခြင်း
[31] ကိုယ်စားလှယ် ၁၃ ဦးမြောက်ကို တွေ့ဆုံမေးမြန်းခြင်း
[32] ကိုယ်စားလှယ် ၁၄ ဦးမြောက်ကို တွေ့ဆုံမေးမြန်းခြင်း
[33] ကိုယ်စားလှယ် ၂၇ ဦးမြောက်ကို တွေ့ဆုံမေးမြန်းခြင်း

ယေဘုယျအားဖြင့် ၂၀၁၀ ခုနှစ်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အမျိုးသမီးကိုယ်စားလှယ်လောင်းများက ပြည်ထောင်စုအဆင့် လွှတ်တော်နှင့် ပြည်နယ်အဆင့် လွှတ်တော်တို့၏ ကိုယ်စားလှယ်နေရာ၌ ထမ်းဆောင်ရမည့် ၎င်းတို့၏ အနာဂတ်အခန်းကဏ္ဍနှင့်စပ်လျဉ်းပြီး သတင်းအချက် အလက်အနည်းငယ်သာ ရရှိခဲ့ကြသည်ဟု ပြော ဆိုကြသည်။ အမျိုးသမီး ၆ ဦးသည်သာ ၁၉၉၀ အထွေထွေရွေးကောက်ပွဲတွင်ဝင်ရောက် ယှဉ်ပြိုင်ခဲ့သော အတွေ့အကြုံရှိ၍ အခြားသူအများစုကမူ ရွေးချယ်ခန့်ထားခြင်းခံရသည့်အခါ၌ လိုအပ်သည့်အရာတို့ကို ကြိုတင်နားလည်ထားမှု မရှိသလောက်ပင်ဖြစ်သည်။ အများစုမှာမူ ဒေသခံရပ်ရွာလူထု သို့မဟုတ် ပါတီ ခေါင်းဆောင်များမှ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ခန့်အပ် ထားကြခြင်းဖြစ်ပြီး ကိုယ်စားလှယ်လောင်းများ မျှော်လင့်ထားသည့် သတင်းအချက်အလက် အနည်းငယ်သာပေးနိုင်ကြသည်။ လွှတ်တော် ကိုယ်စားလှယ်တစ်ဦး ကမူသူအနေဖြင့် ကနဦးက ရွေးကောက်ပွဲဥပဒေများနှင့်စပ်လျဉ်းပြီး နားမလည်ခဲ့ကြောင်းနှင့် သူ၏ပါတီတွင်ပင် သူ့ထံသို့ ပေးရန် ယင်းစာအုပ်မိတ္တူပင်မရှိကြောင်း စသဖြင့်အသေးစိတ်ပြောပြပါသည်။ "ကျွန်မအနေနဲ့တော့ လွှတ်တော်ကိုယ်စားလှယ် ဘယ်လို ဖြစ်လာသလဲတောင် မသိတော့ပါဘူး။ ဒီမှာပြည့်စုံတဲ့သတင်းအချက်အလက်တွေ လုံလုံလောက်လောက် မရှိပါဘူး။ ဘာလုပ်ရမယ်မသိဘူး။ ကျွန်မလေ တကယ်ကိုဘယ်လို လွှတ်တော် ကိုယ်စားလှယ်ဖြစ်လာလဲတောင်မသိတော့ပါဘူး။ ကျွန်မကတော့ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲကနေ သတင်းအချက်အလက်တွေတောင်းတယ်။ ဒါပေမယ့်သူတို့မှာလည်း လုံလောက်တဲ့သတင်း အချက်အလက် မရှိပါဘူး။ ဒါက ကျွန်မတို့ အားလုံးအတွက် ပထမဆုံးအတွေ့အကြုံဆိုတော့ အရမ်းကိုပင်ပန်းပါတယ်။"[34]

***ပုံ ၂ - ၂၀၁၀ နှင့် ၂၀၁၂ ရွေးကောက်ပွဲများမတိုင်မီ အမျိုးသမီးကိုယ်စားလှယ်လောင်းများအား ပံ့ပိုးပေးသည့် ရွေးကောက်ပွဲဆိုင်ရာ ပံ့ပိုးမှု အမျိုးအစားများ***





ပုံ ၂ အရ နိုင်ငံရေးပါတီများသည် ရွေးကောက်ပွဲအကြိုကာလများတွင် ၎င်းတို့၏ ကိုယ်စားလှယ်လောင်းများအား ပံ့ပိုးမှုအပေးဆုံးဟု ရှုမြင်နိုင်သော်လည်း ယင်းပံ့ပိုးပေးမှုမှာ အကန့်အသတ်ရှိပြီး ပုံမှန်ပံ့ပိုးခြင်း မျိုးလည်းမဟုတ်ပါ။ အမျိုးသမီး ၆၉ % က မဲဆွယ်စည်းရုံးခြင်းလှုပ် ရှားမှုများနှင့် မဲဆန္ဒရှင်များထံ ကွင်းဆင်းနိုင်ရေးအတွက် ၎င်းတို့၏ ပါတီထံမှသာ သီးသန့်ပံ့ပိုးပေးမှုများရရှိကြကြောင်း ပြောကြသည်။ စိတ်ဝင်စား စရာကောင်းသည်မှာ လွှတ်တော်ကိုယ်စားလှယ်လက်တစ်ဆုပ်စာကလည်း ၎င်းတို့အနေဖြင့် မဲဆန္ဒရှင်များထံ ရောက်ရှိနိုင်ရေးနှင့် မဲဆွယ် စည်းရုံးရေးတို့အတွက် ၎င်းတို့ပါတီထံမှ အထောက်အပံ့များစွာ မလိုအပ်ကြောင်း အလေးအနက်ဆိုခဲ့ကြသည်။ ၎င်းတို့သည် ၎င်းတို့၏ ရပ်ရွာ လူထုအတွင်းတွင် နာမည်ကျော်ကြားပြီးသားသူများ ဖြစ်ကြသောကြောင့်ဖြစ်သည်။ရပ်ရွာသားများကလည်း မဲဆန္ဒရှင်များထံသို့ ကွင်းဆင်းခြင်း နှင့်ပတ်သက်ပြီး ကိုယ်စားလှယ်လောင်းများကိုကူညီပေးကြသည်။

အမျိုးသမီး ၂၇ % ကသာ ၎င်းတို့သိသင့်သည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ အခန်းကဏ္ဍနှင့် တာဝန်များအကြောင်းနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲမတိုင်ခင်တွင် သတင်းအချက်အလက်များ ရရှိပါသည်ဟု ဆိုကြသည်။ လွှတ်တော်ကိုယ်စားလှယ် ၆ ဦး (၁၃ %) ကမူ ယင်းကဲ့သို့ သော သတင်းအချက်အလက်များကို သူတို့၏ပါတီများထံမှ ရရှိကြကြောင်းဆိုကြ၍ ၇ ဦး (၁၆ %) ကမူ ယင်းကဲ့သို့သော သတင်းအချက် အလက်များကို အရပ်ဖက်လူမှုအဖွဲ့အစည်းနှင့် နိုင်ငံတကာမှအစိုးရမဟုတ်သည့် အဖွဲ့အစည်းများက ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲများနှင့် သတင်းအချက်အလက်ပေးသည့်ပွဲများမှ ရရှိကြကြောင်း ဆိုပါသည်။ သို့ရာတွင် မြန်မာနိုင်ငံတွင်သာမကပဲ ပါတီအတော်များများသည်

[34] ကိုယ်စားလှယ် ၂၄ ဦးမြောက်ကို တွေ့ဆုံမေးမြန်းခြင်း

ရွေးကောက်ပွဲပြီး နောက်ပိုင်းမှသာ လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ သင်တန်းများပေးမှုကို ပြုလုပ်ကြလေ့ရှိသည်။

***ပုံ ၃ - ၂၀၁၀ နှင့် ၂၀၁၂ တွင် အမျိုးသမီးများကိုယ်စားလှယ်များ၏ မဲဆွယ်စည်းရုံးမှုတွင် အဓိက တာဝန်ယူခဲ့ကြသည့် အစုအဖွဲ့များ***




ငွေကြေးသည် အမျိုးသမီးများအတွက် အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး အမျိုးသမီး ၄၀ % ကသာ သူတို့၏ နိုင်ငံရေးပါတီများထံမှ မဲဆွယ်စည်းရုံးမှုအတွက် ဘဏ္ဍာငွေဆိုင်ရာပံ့ပိုးမှုအချို့ရရှိကြောင်း ဆိုခဲ့ကြသည်။ အမျိုး သမီး ၈ ဦးက မဲဆွယ်စည်းရုံးမှုဆိုင်ရာရန်ပုံငွေများကို သူတို့၏ မိဘများနှင့် သူငယ်ချင်းများထံမှ ရှာဖွေနိုင်ခဲ့ပြီး နောက်ထပ်အမျိုးသမီး ၈ ဦးကမူ သူတို့၏ မဲဆွယ်စည်းရုံးမှုအတွက် သူတို့ကိုယ်တိုင်ငွေကြေး စိုက်ထုတ်ခဲ့ကြကြောင်း ဆိုပါသည်။

ရွေးကောက်ပွဲနေ့တွင်မူ အကန့်အသတ်သဖွယ်ဖြစ်နိုင်သည့် အချက်ပေါင်းများစွာရှိနေသည်။ လူ့စွမ်းအားအရင်းအမြစ် အကန့်အသတ်ရှိခြင်း၊ လွှတ်လပ်သည့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးကို အစိုးရမှ ပိတ်ပင်ထားခြင်း၊ နိုင်ငံရေးပါတီများသည် ၎င်းတို့၏ ကိုယ်စားလှယ်လောင်းများအား ကူညီ၍ စောင့်ကြည့်ခြင်းနှင့် စောင့်ကြည့်လေ့လာရေးများပြုလုပ်ရန် မပံ့ပိုးပေးနိုင်ခြင်း စသည်တို့ပါဝင်သည်။ အမျိုးသမီး လွှတ်တော် ကိုယ်စားလှယ် ၂၇ % ကသာ ရွေးကောက်ပွဲနေ့တွင် စောင့်ကြည့်ခြင်းနှင့် စောင့်ကြည့်လေ့လာရေး အထောက်အပံ့ ရရှိသည်ဟုဆို၍ ယင်းပံ့ပိုးမှု မှာလည်း ၎င်းတို့၏ပါတီများမှ ရရှိခြင်းဖြစ်သည်ဟု ဆိုပါသည်။

ရွေးကောက်ပွဲအကြိုကာလတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းများအတွက်သီးသန့်ရည်ရွယ်ထားသည့် အကြံဉာဏ်ပေးခြင်းနှင့် သင်တန်း ပေးခြင်း အစရှိသောပံ့ပိုးမှု တစ်စုံတစ်ရာရရှိသည်ဟု ဖြေကြားသူတစ်ဦးမျှ မရှိပါ။ ယင်းမှာ အံ့သြစရာမဟုတ်ဟု ယူဆနိုင်သည့်တိုင်အောင် မြန်မာနိုင်ငံ၏ နုနယ်သေးသည့် ဒီမိုကရေစီအတွင်း အမျိုးသမီးကိုယ်စားလှယ်လောင်းများရင်ဆိုင်ရသည့် အခက်အခဲကြီးများရှိနေခြင်းကြောင့် အရေးကြီးသည့်ကိစ္စဟု ဆိုနိုင်သည်။

နိုင်ငံရေးပါတီများမှ ပံ့ပိုးပေးသည့်နယ်ပယ်တစ်ခုအဖြစ် မေးခွန်းများထဲတွင် ထည့်သွင်းကာ ရှင်းရှင်းလင်းလင်း မေးမြန်းထားမှု မရှိသော်လည်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးတည်းကသာ သူ့အနေဖြင့် မဲဆွယ်စည်းရုံးရာတွင် မီဒီယာကို အသုံးပြုခဲ့ကြောင်းဖော်ပြခဲ့သည်။ ၂၀၁၀ ရွေးကောက်ပွဲတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ဆင်ဆာအဖွဲ့သည် ပုဂ္ဂလိကပိုင်နှင့် နိုင်ငံပိုင်မီဒီယာများတွင် အုပ်ချုပ်သော အစိုးရနှင့်မသင့်လျော်ဟုယူဆသော သတင်းပါဝင်မှုကို အချိန်ကိုက်ထိထိရောက်ရောက်ဖိနှိပ်ခဲ့ကြသည်။ ထို့ကြောင့် သတင်းသမားများအနေဖြင့် နိုင်ငံရေးသမားများနှင့်ထိတွေ့ရန်ခက်ခဲမှုရှိနေသည့် အနေအထားတွင် မီဒီယာများကလည်း လက်တွန့်ပြီး ကိုယ်ပိုင်ဆင်ဆာတည်းဖြတ်မှု (self-censorship) လုပ်ရန် တွန်းအားဖြစ်စေခဲ့သည်။[35] ဖြေဆိုသူတစ်ဦးက ပါတီအနေဖြင့် ၎င်းတို့အား မီဒီယာနှင့်ထိတွေ့ရန်အတွက် ပံ့ပိုးမှု မပေးသော်လည်း ၎င်းအနေဖြင့် ဒေသခံမီဒီယာများတွင် ပါဝင်လာစေရေးအတွက် တက်တက်ကြွကြွလုပ်ဆောင်နိုင်ခဲ့ပြီး ဒေသခံမီဒီယာများသည်

[35] ALTSEAN-Burma 2010; Kean 2015.

အမျိုးသမီးကိုယ်စားလှယ်လောင်းများအကြောင်းရေးရန်အတွက် တွန့်ဆုတ်နေကြသည်ကိုလည်း သူအနေဖြင့် ကြုံတွေ့ခဲ့ရသည်။ သို့ရာတွင် သူ့အနေဖြင့် မီဒီယာတွင်ပါဝင်လာအောင် ဆောင်ရွက်နိုင်ခဲ့သောကြောင့် သူ၏မဲဆွယ်စည်းရုံးမှုအောင်မြင်ရန် များစွာအကျိုးရှိခဲ့သည်ဟု ခံစားရသည်ဟုဆိုသည်။

## ၃.၄။ မဲဆွယ်စည်းရုံးစဉ်ကြုံတွေ့ရသည့် စိန်ခေါ်မှုများ

ပြည်သူများအကြားသတင်းအချက်အလက်မရရှိခြင်းခြင်းသည်လည်း မဲဆွယ်စည်းရုံးရေးကာလတလျောက်တွင် ကိုယ်စားလှယ်လောင်းများ ရင်ဆိုင်နေကြရသည့် စိန်ခေါ်မှုများအနက်တစ်ခု အပါအဝင်ဖြစ်သည်။ ကိုယ်စားလှယ်လောင်းများအနေဖြင့် ရွေးကောက်ပွဲနှင့် မဲပေးသည့် လုပ်ငန်းစဉ်တို့ကို အနည်းငယ်သာ နားလည်သည့် မဲဆန္ဒရှင်များနှင့်သာ ကြုံတွေ့ရလေ့ရှိသည်။ ထို့ပြင် အချို့သောနိုင်ငံရေးပါတီများက ဦးဆောင်ပြုလုပ်သည့် အရေအတွက်အားဖြင့်မများလှသော မဲဆန္ဒရှင်ပညာပေး သင်တန်းနှင့် ပြည်သူများထံ ကွင်းဆင်း အစီအစဉ်များကို တက်ရောက်ခဲ့ဘူးသည့် အတွေ့အကြုံအနည်းငယ်သာရှိသူများနှင့်သာ တွေ့ကြရသည်။ ယင်းကဲ့သို့ သတင်းအချက်အလက်မရခြင်းနှင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များအပေါ် ယေဘုယျစိုးရိမ်စိတ်ရှိမှုများကို အထူးသဖြင့်တိုင်းရင်းသားလူထုများနှင့် တွေ့ဆုံကြသည့် ကိုယ်စားလှယ်လောင်းများက ပို၍ဂရုပြုမိခဲ့ကြပြီး အချို့ဒေသများတွင် အမျိုးသားနိုင်ငံရေး ဖွံ့ဖြိုးတိုးတက်မှုများနှင့် အစိုးရ၏ တရားဝင်မှုတို့ကြား ကွာဟမှုများရှိနေဖြစ်ကြောင်းကို သဘောပေါက်ခဲ့ကြသည်။

မဲဆန္ဒရှင်များစွာသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင်ပါဝင်ရန် ကြောက်ရွံ့နေကြခြင်းကို ကိုယ်စားလှယ်လောင်းများ အနေဖြင့်ရင်ဆိုင်ခဲ့ရပြီး အာဏာရှင်အစိုးရ၏ ဆယ်စုနှစ်ပေါင်းများစွာ အုပ်ချုပ်မှုအောက်တွင် နိုင်ငံရေးလှုပ်ရှားမှုများကို စနစ်တကျနှိပ်ကွပ်ခဲ့သောကြောင့် နားလည် ပေး၍ရသည့် ကိစ္စတစ်ခုဖြစ်သည်။ ရွေးကောက်ပွဲပြုလုပ်ခြင်းကို အများပြည်သူက မယုံကြည်မှုနှင့် နိုင်ငံရေးဖြစ်စဉ်တွင် ပါဝင်ရန်တွန့်ဆုတ် နေမှုတို့သည် ရှုပ်ထွေးသည့်အခြေအနေ၊ သတင်းမှားများနှင့် ကြောက်ရွံ့မှုကို ပိုမိုဖြစ်ပေါ်စေသည်။ အချို့သော နိုင်ငံရေးပါတီများသည် ၎င်းတို့၏ အကျိုးစီးပွားအတွက် ရည်ရွယ်ချက်ရှိရှိဖြင့် လှုံ့ဆော်ပေးနေကြောင်း တွေ့ရသည်ဟု လွှတ်တော် ကိုယ်စားလှယ်များကဆိုပါသည်။

ဒေသခံအာဏာပိုင်များနှင့် ပြိုင်ဘက်နိုင်ငံရေးပါတီများ၏ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ နှောင့်ယှက်မှု ကြုံရကြောင်းကိုလည်းကိုယ်စား လှယ်လောင်းများက ပြောပြကြသည်။ ဒေသခံရွေးကောက်ပွဲ အာဏာပိုင်များ သည် မဲဆွယ်စည်းရုံးပွဲအတွင်း ဘက်လိုက်မှုများရှိသည်ဟု ခံစား ရကြောင်းကိုယ်စားလှယ်လောင်း အများစု ပြောပြကြသည်။ ဥပဒေတွင် မဲရုံများအတွင်းသို့ ဝင်ရောက်နိုင်သည်ဟု ပြဌာန်းထားသော်လည်း ငြင်းဆိုခံကြရကြောင်း ကိုယ်စားလှယ်လောင်းအချို့ကပြောပြသည်။

မဲဆွယ်စည်းရုံးမှုပြုလုပ်နေစဉ်အတောအတွင်းတွင် အဓိကအခက်အခဲများအနေဖြင့် အခြားသောနိုင်ငံရေး ပါတီများမှ စွပ်စွဲချက်များ၊ ဝေဖန်ချက် များဖြစ်သည်ဟု လွှတ်တော်ကိုယ်စားလှယ်အများအပြားက ဆိုကြသည်။ ထိုသို့သော တိုက်ခိုက်မှုများ၏ သဘောသဘာဝကို ဖြေကြားသူများမှ ကောင်းစွာရှင်းပြနိုင်ခြင်း မရှိသော်လည်း ယင်းနိုင်ငံရေးအရ တိုက်ခိုက်မှုများသည် အများပြည်သူကြောက်ရွံ့စေရန် ရည်ရွယ်ကြောင်းကို ၎င်းတို့အဖြေ များတွင် ရှင်းလင်းစွာတွေ့ရှိနိုင်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများအဆင့်မှ လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ မတူညီသည့် ကိုယ်စားလှယ်နှစ်ဦးသည် ၎င်းတို့၏ မဲဆွယ်စည်းရုံးမှုအတွင်း ဘာသာရေးကို အသုံးချ၍ ဝါဒဖြန့်ကာ ၎င်းတို့ကို တိုက်ခိုက်ကြောင်း အစီရင်ခံ ခဲ့သည်။ ၂၀၁၀ စည်းရုံးမဲဆွယ်မှုမှ ပြဿနာရှိခဲ့သော ဥပမာတစ်ခုတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းတစ်ဦးအား မွတ်ဆလင်ဖြစ်သည် ပြောဆိုခဲ့ပြီး သူ့မအားရွေးချယ်ခဲ့ပါက မွတ်ဆလင်အမျိုးသားများက ရပ်ရွာအတွင်းမှ အမျိုးသမီးများကို သိမ်းသွင်းလိမ့်မည်ဟူ၍ ဝါဒဖြန့်မှုကို ရင်ဆိုင်ခဲ့ရသည်။

မဲဆွယ်စည်းရုံးရေးခရီးသည် ကိုယ်စားလှယ်လောင်းများကိုယ်တိုင်ဆောင်ရွက်ရမည့်ဖြစ်သည့် အားလျော်စွာ ဆောင်ရွက်အကောင်အထည်ဖော် နိုင်ရန်မှာ အခက်အခဲများစွာရှိသည်။ ဥပမာအနေဖြင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်နှင့် ကိုယ်စားလှယ်လောင်းအပေါ် ရပ်ရွာက ယုံကြည်မှုမရှိခြင်း၊ ဒေသဆိုင်ရာ အာဏာပိုင်တို့က နှောက်ယှက်မည်ကို ကြောက်ရွံ့ခြင်းများကြောင့် မဲဆွယ်သည့် ခရီးစဉ်တွင် အမျိုးသမီးကိုယ်စားလှယ်လောင်း များအတွက် ညအိပ်ရန် လုံခြုံသောနေရာရှာရန်ပင် ခက်ခဲလှသည်။

ယင်းစိန်ခေါ်မှုများသည် ကိုယ်စားလှယ်လောင်း၏ ကျားမ ကွဲပြားမှုကြောင့်လည်း ပို၍ဆိုးသွားစေသည်။ အမျိုးသမီးတို့တွင် ရှိထိုက်သည့် လူနေမှု ပုံစံနှင့်စပ်လျဉ်း၍ ရှေးရိုးစွဲနေသော လူ့အဖွဲ့အစည်း၏ သဘောထားတို့သည် မဲဆွယ်စည်းရုံးနေသည့် အမျိုးသမီးတို့အပေါ် သက်ရောက် မှုရှိပါသည်။ နိုင်ငံ၏ပထဝီဝင်အနေအထား၊ ဆိုးရွားသော ရာသီဥတုနှင့် ညံ့ဖျင်းသည့် အခြေခံအဆောက်အဦတို့ကြောင့် နယ်စွန်နယ်ဖျားမှ မဲဆန္ဒရှင်များထံသို့ ကွင်းဆင်းရန်မှာ ကိုယ်စားလှယ်လောင်းအားလုံးအတွက် အလွန်ပင်ခက်ခဲပါသည်။ ယင်းသို့ခရီးသွားသည့် အခါတွင် လုံခြုံရေး ပိုမိုလိုအပ်ပြီး ကူဖော်လောင်ဖက်များလည်း လိုအပ်သောကြောင့် အမျိုးသမီး ကိုယ်စားလှယ်လောင်းများအတွက် ပို၍အခက်အခဲ ဖြစ်စေသည်။ ကိုယ်စားလှယ်လောင်းတစ်ဦးက ဆိုသည်မှာ သူ့အနေဖြင့် သူ၏မဲဆန္ဒနယ်မှ မဲဆန္ဒရှင်ပြည်သူများနှင့် ၎င်းတို့အလုပ်မှပြန်လာသည့် ညနေအချိန်များတွင်သာ တွေ့ဆုံနိုင်ကြောင်းဆိုပါသည်။ ယင်းကဲ့သို့ညနေပိုင်းအချိန်မျိုးတွင် မဲဆွယ်စည်းရုံးခြင်းသည် လျှပ်စစ်မရှိသည့် ကျေးရွာများတွင် အခက်အခဲများစွာရှိသည်။ အထူးသဖြင့်အမျိုးသမီးများအတွက် အထူးခက်ခဲသည်။

လွတ်လပ်စွာ ခရီးသွားလာနေကြသည့် အမျိုးသမီးကိုယ်စားလှယ်လောင်းများ၏ စာရိတ္တ၊ စိတ်နေစိတ်ထားနှင့် ပတ်သက်၍လည်းကောင်း၊

နိုင်ငံရေး လောကတွင် ချိတ်ဆက်ပါဝင်နေမှုကိုလည်းကောင်း မဲဆန္ဒရှင်များ အထူးသဖြင့် အမျိုးသမီးမဲဆန္ဒရှင်များသည် မကြာခဏဆိုသလိုပင် မေးခွန်းထုတ်လေ့ ရှိကြသည်။ ယင်းသို့ အတွေ့အကြုံများသည် ရွေးကောက်တင်မြှောက်ခံရပါက အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ အပေါ် အထူးအထင်ကြီး လေးစားမှုကို ရရှိစေသည်။ အမျိုးသမီးမြောက်များစွာအား နိုင်ငံရေးနယ်ပယ်ထဲသို့ အောင်မြင်စွာ ဝင်ရောက်လာစေရေးကို တားဆီးထားသည့် အရေးအကြီးဆုံးသော အဟန့်အတားတစ်ခုဖြစ်သော အမျိုးသမီး ကိုယ်စားလှယ်လောင်းများစွာအပေါ် အမျိုးသမီး မဲဆန္ဒရှင်တို့၏ ထောက်ခံမှုမရရှိသည့်ကြားမှ ရွေးခံရ၍ဖြစ်သည်။

## အခန်း ၄။ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ ဘဝနှင့်အလုပ်


*အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် ရွေးကောက်ပွဲအပြီးနောက်ပိုင်းတွင် ၎င်းတို့၏ မဲဆန္ဒနယ်များအတွက် ၎င်းတို့၏ တာဝန်ဝတ္တရားများပတ်သက်၍ သဘောထားပြောင်းလဲလာသည်ကို အလေးပေးပြောကြားခဲ့ကြသည်။ အများစုက လုပ်ဆောင်ရန် တာဝန်များလာမည်ဖြစ်သော်လည်း အခွင့်အာဏာလည်းရလာသည်ဟုဆိုသည်။ သို့သော်ငြားလည်း တချို့ကမူ ဘဏ္ဍာရေးဆိုင်ရာ စောင့်ကြည့်ကြီးကြပ်မှုနှင့် ဟောပြောစည်းရုံးရေးဆိုင်ရာသင်တန်းများကို ပိုမိုသဘောကျကြသည်။ မှတ်တမ်းများအပေါ် လေ့လာချက်အရ လွှတ်တော် အစည်းအဝေးများတွင် အမျိုးသမီးများသည် အမျိုးသားများ ကဲ့သို့ပင် မကြာခဏ မေးခွန်းများမေးမြန်းလေ့ရှိပြီး အစည်းအဝေးတစ်ကြိမ်ထက်တစ်ကြိမ် မေးခွန်းမေးမြန်းမှု အကြိမ်အရေအတွက် တိုးလာသည်ကို တွေ့ရှိရသည်။ အမျိုးသမီးကိုယ်စားလှယ်လေးပုံတစ်ပုံကျော်သည် ဥပဒေအသစ်ပြဋ္ဌာန်းရာတွင် ပါဝင်ကြသည်။ အမျိုးသမီးကိစ္စရပ်များ (၅၇ %)၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး (၅၇ %) နှင့် ပညာရေး (၅၀ %) ကိစ္စရပ်များအပေါ်တွင် အတက်ကြွဆုံးဖြစ်သည်ကို အမျိုးသမီးများအား စစ်တမ်းကောက်ခြင်းမှ တွေ့ရှိရသည်။ ၎င်းတို့၏ မဲဆန္ဒနယ်များအတွက် အစိုးရိမ်ဆုံးအရေးကိစ္စသုံးခုကို ဖော်ပြပေးပါဟု မေးကြည့်သည့်အခါ ဖြေဆိုသူ ထက်ဝက်ကျော်သည် ဆင်းရဲမွဲတေမှု (၅၁.၅%) ဖြစ်သည်ဟု အလေးအနက်ထားပြောဆိုကြသည်။ အမျိုးသမီးကိုယ်စားလှယ်များသည် တခါတရံတွင် သတင်းအချက်အလက်များပြားလွန်းနေသည်ဟု ခံစားနေကြရပြီး သုတေသနနှင့် ခရီးသွားလာခြင်းများအတွက် အကူအညီပေးရန် ဝန်ထမ်းအထောက်အကူလိုသည်ဟု ဆိုကြသည်။ သူတို့၏ နိုင်ငံရေးတွင်ပါဝင်သည့် ကာလအတွင်း ကျားမ အခြေပြု (Gender-based) ခွဲခြား ဆက်ဆံခံရမှုများနှင့်ပတ်သက်သော အကြောင်းအရာကို တိုက်ရိုက်မေးကြည့်သည့်အခါ ဖြေဆိုသူ သုံးပုံတစ်ပုံကမူ ထိုသို့သော ခွဲခြားဆက်ဆံခံရခြင်းများကြုံခဲ့ရသည်ဟုဆိုကြသည်။ လူတွေ့မေးမြန်းသည့်အခါတွင်တော့ ယင်းကိစ္စကို ဆွေးနွေးသည့် အရေအတွက်ပိုမိုမြင့်တက်လာသည်။ သို့သော် အများစုက အမျိုးသားများသာ လွှမ်းမိုးသည့် မူဝါဒရေးရာ ဆွေးနွေးမှုများ၌ ဖယ်ထုတ်ခံရမှုအပါအဝင် ခွဲခြားဆက်ဆံခံရမှုများကို ရင်ဆိုင်ကြုံတွေ့ရသည်ဟု ပြောကြသည်။*

### ၄.၁။ အမျိုးသမီးကိုယ်စားလှယ်များအပေါ် ရွေးကောက်ပွဲ၏ သက်ရောက်မှု

ဤစစ်တမ်းတွင်ပါဝင်သည့် အမျိုးသမီးအများစုသည် ရွေးကောက်ခံကိုယ်စားလှယ်တစ်ဦးအနေဖြင့် ၎င်း၏အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကို ရှင်းရှင်းလင်းလင်းသိနားလည်ခြင်းမရှိဘဲ လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်လာခဲ့ခြင်းဖြစ်သည်။ ရွေးကောက်ပွဲအပြီး ၎င်းတို့၏ အတွေ့အကြုံများသည် ကွဲပြားသွားပုံရသည်။

လွှတ်တော်ကိုယ်စားလှယ်အဖြစ်တာဝန်ယူပြီးကတည်းက ၎င်းတို့၏ ဘဝပြောင်းလဲသွားပုံ အတိုင်းအတာကို ဖော်ပြရန် ကနဦးမေးခွန်း မေးမြန်းခဲ့ရာတွင် ဖြေဆိုသူ ၄၂ %သည် ၎င်းတို့၏ ဘဝနေထိုင်ပုံဘဝ "လုံးဝ" သို့မဟုတ် "များစွာ" ပြောင်းလဲသွားခဲ့သည်ဟုဆိုသည်။ နောက်ထပ် ၄၀ % က "အနည်းငယ်သာ" ပြောင်းလဲ သွားခဲ့သည်ဟု ခံစားရကြောင်းနှင့် ၁၆ %ကတော့ လုံးဝပြောင်းလဲခြင်းမရှိဘူးဟုဆိုသည်။

***ပုံ ၄ - လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီးနောက်ပိုင်း နေ့စဉ်ဘဝ အတွင်းပြောင်းလဲမှု***



လူတွေ့မေးမြန်းမှုများထဲထဲဝင်ဝင်ပြုလုပ်ပြီးနောက်တွင်တော့ အပြောင်းအလဲများသည် အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်အများစုအတွက် အမှန်တကယ် ကြီးမားသော အပြောင်းအလဲဖြစ်ခဲ့ရသည်ဆိုသောအချက်ကို ရှင်းရှင်းလင်းလင်းသိလာရသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့၏ မဲဆန္ဒရှင်များနှင့်ဆိုင်သည့် တာဝန်ဝတ္တရားများ၊ ရပ်ရွာလူထု၏ လိုအပ်ချက်များကို တုန့်ပြန်ဆောင်ရွက်ပေးနိုင်သည့် ၎င်းတို့၏ အရည်အချင်းများနှင့်ပတ်သက်၍ ၎င်းတို့၏ သဘောထားများ ပြောင်းသွားသည်ဟု အများစုက အလေးထား ပြောကြားခဲ့သည်။ ဖြေဆိုသူ ၂၉ ဦး (ပြည်ထောင်စုအဆင့်မှ ၁၈ ဦးနှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်မှ ၁၁ ဦး) က အများပြည်သူကိုယ်စားအလုပ်လုပ်ရန် အခွင့်အာဏာများ အပ်နှင်းခံရသည်ဟုခံစားရကာ ၎င်းတို့၏ ဘဝများတွင် အကြီးမားဆုံးသော ပြောင်းလဲမှုဟုဆိုကြသည်။ "လွှတ်တော်အတွင်း မဲဆန္ဒရှင်များ၏ လိုအပ်ချက်များနှင့် တောင်းဆိုမှုများကို တင်ပြနိုင်ရေး၊ ပြည်သူများအတွက် အချို့သောအစီစဉ်များကို အကောင်အထည် ဖော်ပေးနိုင်ရေး၊[36] ပြည်သူများ၏ စကားသံများကို ပိုမိုကြားရနိုင်ရေး၊ ၎င်းတို့ပြဿနာများကို တင်ပြဆွေးနွေးနိုင်ရေးနှင့် မဲဆန္ဒနယ်များ၏ လိုအပ်ချက်များကို ဥပဒေပြဌာန်းပေးနိုင်ရေး" တို့မှာ ၎င်းတို့အတွက် အသစ်အဆန်းဖြစ်နေသည်ဟု ဆိုသည်။[37]

လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့၏ မဲဆန္ဒရှင်များနှင့် ထိတွေ့ဆက်ဆံသည့် အချိန်ကိုအလေးထားလာခြင်းကြောင့် ကိုယ်စားလှယ်များသည် ရပ်ရွာက ၎င်းတို့အပေါ်ရှုမြင်ပုံနှင့် သူတို့ကိုယ်သူတို့ ရှုမြင်သည့်အမြင်များတွင် ပြောင်းလဲလာသည်ကို တွေ့မြင်လာကြသည်။ လွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့၏ မိသားစုနှင့် လူမှုပတ်ဝန်းကျင်က ၎င်းတို့အပေါ် ယုံကြည်မှုနှင့် လေးစားမှုများ မြင့်မားလာသည့်အပြင် မဲဆန္ဒရှင်များက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ၎င်းတို့၏လုပ်ဆောင်ချက်များကို အသိအမှတ်ပြုမှုများတိုးလာသည်ဟုဆိုကြသည်။ ပြည်သူများက လွှတ်တော်ကိုယ်စားလှယ်များနှင့် အပြန်အလှန်ဆက်ဆံခြင်းသည်ပုံမှန်ဖြစ်စဉ်ဖြစ်လာခဲ့ပြီး အာဏာပိုင်များ၏ ကြားဝင်နှောက်ယှက်မှုများလည်း လျော့နည်းလာခဲ့ရာ ပြည်သူလူထုက လွှတ်တော်ကိုယ်စားလှယ်များနှင့် ထိတွေ့ဆက်ဆံခြင်းသည် အန္တရာယ်များသည့် အပြုအမူမဟုတ်တော့ဟု သိရှိနားလည်လာကြသည်။ လွှတ်တော်ကိုယ်စားလှယ်များကို ရပ်ရွာလိုအပ်ချက်များကို နားထောင်ပေးရန်နှင့် ဒေသအလိုက် သက်ဆိုင်သည့် ကိစ္စရပ်များအတွက် အဖြေရရှိရန် အရေးဆိုပေးနိုင်သူများအဖြစ် ရှုမြင်လာကြသည်။

ဖြေဆိုသူအချို့က ၎င်းတို့ပြောင်းလဲသွားသည်ထက် ၎င်းတို့ပတ်ဝန်းကျင်က ပိုမိုပြောင်းလဲသွားသည်ဟု ခံစားရကြောင်းဆိုကြသည်။ "လွှတ်တော်ကိုယ်စားလှယ် ဖြစ်လာပြီးတဲ့နောက်မှာ အပြောင်းအလဲတွေကို ကျွန်မက လုပ်ဆောင်ခဲ့တာမဟုတ်ပါဘူး။ ပတ်ဝန်းကျင်က လုပ်ဆောင်သွားတာပါ။ ကျွန်မကို အရင်က မခေါ်ရဲ မပြောရဲတဲ့ လူတွေ၊ အိမ်နီးနားချင်းတွေက အခုအခါမှာ ကျွန်မနဲ့ခေါ်ပြောလာကြတယ်။ သူတို့က ကျွန်မကို လက်ခံလာကြတယ်။အရင်တုန်းကတော့ ကျွန်မတစ်ယောက်တည်းလိုဖြစ်ခဲ့တာပါ"[38] ဟုဆိုသည်။ အခြားလွှတ်တော် ကိုယ်စားလှယ်များကလည်း ၎င်းတို့၏ရပ်ရွာအသိုက်အဝန်းတွင် ၎င်းတို့၏အခန်းကဏ္ဍကို အပြောင်းအလဲကို ဆောင်ကြဉ်း ပေးသူများအဖြစ် အသိအမှတ်ပြုကြသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် "ယခင်က အကြောက်တရားများကြီးခဲ့ကြတဲ့ ပြည်သူတွေကို သတ္တိရှိလာဖို့"[39] လမ်းညွှန်ပေးသူများ အဖြစ် သတ်မှတ်ခံယူ ကြသည်။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် တွေ့ကြုံရသော အပြောင်းအလဲမှာ ၎င်းတို့၏ ရပ်ရွာအသိုက်အဝန်းနှင့် လူမှုကွန်ယက်များတွင် အခွင့်အာဏာများပိုရလာခြင်းဖြစ်သည်။ "လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာတဲ့နောက်ပိုင်းမှာ ကျွန်မရဲ့ စိတ်အားထက်သန်မှုတွေနဲ့ စိတ်ဓါတ်အားအင်တွေဟာ မြင့်မားလာခဲ့တယ်။ ကျောင်းဆရာမအဖြစ် တာ ဝန်ထမ်းဆောင်ချိန်က ကျွန်မရဲ့ကျောင်းအတွက်ကိုသာ စဉ်းစားနိုင်ခဲ့တယ်။ အခုတော့ ကိုယ့်မြို့နယ်အတွက် သာမက ကိုယ့်ပြည်နယ်အတွက်၊ ကိုယ့်တိုင်းပြည်အတွက်ပါ စဉ်းစားနေတယ်။ စိတ်အားထက်သန်မှုတွေရှိလာပြီး ပိုပြီးလည်း ကြိုးစားချင်လာတယ်။ ပိုပြီးတော့လည်း ကိုယ်ကိုကိုယ်ယုံကြည်မှု ရှိလာပါတယ်"[40] ဟုဆိုသည်။ အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးက "ကျွန်မရဲ့ မဲဆန္ဒနယ်မှာ နေထိုင်တဲ့ ပြည်သူတွေရဲ့ အကျိုးစီးပွားအတွက် ထိထိရောက်ရောက် လုပ်နိုင်လာတဲ့အခါ သူတို့ရဲ့ ယုံကြည်မှုနဲ့ လေးစားမှုကို ရရှိလာခဲ့ပြီး ကိုယ့်ကိုကိုယ် ယုံကြည်မှုနဲ့ စွမ်းဆောင်ရည်တွေပါ မြင့်မားလာခဲ့တယ်"[41] ဟုဆိုသည်။

အချို့ဖြေကြားသူများက လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တာဝန်ဝတ္တရားများကို တကိုယ်ရေ အရည်အချင်း တိုးတက်ရန်အတွက် ကြီးစွာသော စိတ်ဓာတ်ခွန်အားများဖြစ်ပေါ်စေသည့်အရာများအဖြစ် ရှုမြင်ထားကြသည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ အဆိုအရ "ပြည်သူများကို အမှန်တကယ်ကိုယ်စားပြုနိုင်တဲ့သူဖြစ်လာဖို့ ကျွန်မဟာ ကိုယ့်ရဲ့ ဆန္ဒထက် ပြည်သူ့ရဲ့ ဆန္ဒကို တန်ဖိုးထားဖို့လိုအပ်တယ်"[42] ဟုဆိုသည်။ "တကယ်လို့ မှန်ကန်မှုရှိတဲ့ အရာကို လုပ်ဖို့လိုလာတဲ့အခါ ဘယ်လောက်ပဲ ရာထူးမြင့်သူတွေရှိနေပါစေ လွှတ်တော်အတွင်းမှာ ဒါကို တင်ပြဆွေးနွေးရဲလာတယ်။ ကိုယ့်ကိုကိုယ်ယုံကြည်မှုလည်းပိုလာခဲ့တယ်။"[43] ဟု နောက်ထပ်ကိုယ်စားလှယ်တစ်ဦးက ဆိုသည်။

မြန်မာနိုင်ငံတွင် စီးပွားရေးနှင့် လူမှုရေးအနေအထားတိုင်းမှ အမျိုးသမီးများသည် အိမ်မှုကိစ္စနှင့် သားသမီး များကို ထိန်းသိမ်းစောင့်ရှောက်သည့်

[36] လွှတ်တော်ကိုယ်စားလှယ် ၆ ဦးမြောက်က မေးခွန်းအမှတ် ၁၄ကို ဖြေကြားချက်
[37] လွှတ်တော်ကိုယ်စားလှယ် ၆ ဦးမြောက်က မေးခွန်းအမှတ် ၁၄ကို ဖြေကြားချက်
[38] လွှတ်တော်ကိုယ်စားလှယ် ၃၁ ဦးမြောက်နှင့် ပြုလုပ်သည့် အင်တာဗျူး
[39] လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးမြောက်က မေးခွန်းအမှတ် ၁၄ကို ဖြေကြားချက်
[40] လွှတ်တော်ကိုယ်စားလှယ် ၁၃ ဦးမြောက်နှင့် တွေ့ဆုံမေးမြန်းခြင်း
[41] လွှတ်တော်ကိုယ်စားလှယ် ၁၉ ဦးမြောက်က မေးခွန်းအမှတ် ၁၄ကို ဖြေကြားချက်
[42] လွှတ်တော်ကိုယ်စားလှယ် ၇ ဦးမြောက်က မေးခွန်းအမှတ် ၁၄ကို ဖြေကြားချက်
[43] လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးမြောက်က မေးခွန်းအမှတ် ၁၄ကို ဖြေကြားချက်

အလုပ်တာဝန်များကိုသာ အဓိကလုပ်ဆောင်ကြရသည်။[44] အိမ်တွင်း တာဝန်များကို ကျားမအရခွဲခြားထားမှုများကို လွှတ်တော်ရွေးကောက်ပွဲများက အပြောင်းအလဲ ပြုလုပ်ပေးနိုင်ခဲ့သည်။ လွှတ်တော်တွင်းမှ အချို့သောအမျိုးသမီးများက ၎င်းတို့၏ကလေးများ အရွယ်ရောက်သွားပြီဖြစ်သောကြောင့် ယခု ၎င်းတို့၏တာဝန်ကို အပူအပင်မရှိ အချိန်များများနှင့် စွမ်းအားအပြည့်ထည့်နိုင်ခြင်းဖြစ်ကြောင်း ဖော်ထုတ်ကြသည်။ သို့သော် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်အများအပြားသည် သူတို့၏ ငယ်ရွယ်သော ကလေးများကို ပြုစုစောင့်ရှောက်ရင်း ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော် တို့တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည်။ အချို့သော အမျိုးသမီးများကို တွေ့ဆုံမေးမြန်းမှုများပြုလုပ်ခဲ့ရာ ၎င်းတို့ လွှတ်တော် အစည်းအဝေးမသွားမီ နံနက်တိုင်း မိသားစုအတွက် မနက်စာပြင်ရုံသာမက သားသမီးစောင့်ရှောက်သည့် တာဝန်နှင့် ညနေတိုင်းတွင် အိမ်မှုကိစ္စများကိုလည်း ဆက်လက်ဆောင်ရွက်ရသည်ဟု ဆိုသည်။

မိသားစုဘဝနှင့် အိမ်မှုရေးရာကိစ္စများပေါ် ၎င်းတို့၏ အလုပ်တာဝန်များ၏ သက်ရောက်မှုကို ပြည်ထောင်စု အဆင့်တွင် ပို၍တွေ့ရသော်လည်း အလုပ်များခြင်းကြောင့် မိသားစုအပေါ် တာဝန်လစ်ဟင်းမှုများဖြစ်ပေါ်စေသည့်အတွက် စိုးရိမ်စိတ်နှင့် မလုံမလဲစိတ်များခံစားရသည်ဟု လွှတ်တော်အားလုံးမှ အမျိုးသမီးကိုယ်စားလှယ်များက ပြောသည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက "မိသားစုအတွက်အချိန်ပေးရခြင်းထက် မဲဆန္ဒနယ်က ပြည်သူများရဲ့အသံကို အချိန်တိုင်းနားထောင်ဖို့ လိုအပ်ပါတယ်။ ပြီးတော့ သူတို့နေထိုင်တဲ့ နေရာကို သွားရောက်ပြီး လိုအပ်ချက်တွေကို ဖြည့်စည်းပေးဖို့ အဆင့်သင့်ရှိနေရပါတယ်"[45] ဟုဆိုသည်။ နောက်ထပ် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက "မိသားစုအရေးကို အလေးမထားနိုင်ဘူး။ မကျန်းမမာဖြစ်နေတဲ့ ကျွန်မ ခင်ပွန်းကိုတောင် မပြုစုပေးနိုင်ခဲ့ပါဘူး"[46] ဟုဆိုသည်။ အခြားတစ်ဦးကလည်း မိသားစုအရေးနှင့်ပတ်သက်ပြီး အပြစ်မကင်းသည့် ခံစားချက်ကို "ကျွန်မရဲ့ ကိုယ်ပိုင်အလုပ်ကိုတောင် ကျွန်မ မလုပ်နိုင်ပါဘူး။ ပြီးတော့ ကျွန်မ သားနှစ်ယောက်စလုံးကို လျစ်လျူရှုထားသလိုဖြစ်တဲ့အတွက် သူတို့ရဲ့ ပညာရေး၊ ကျန်းမာရေးနှင့် ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးမှုတို့အပေါ် ထိခိုက်မှုများ ရှိနေခဲ့ပါတယ်"[47] ဟုပြောပြခဲ့သည်။

## ၄.၂။ အဖွဲ့အစည်း ပံ့ပိုးမှု

အမျိုးသမီးကိုယ်စားလှယ်လောင်းများအနေဖြင့် ရွေးကောက်ခံရပြီးနောက်ပိုင်းတွင် သင်တန်းအများအပြား တက်ရောက်ကြရသော်လည်း လေ့လာရသည့်ပညာရပ်နယ်ပယ်မှာလည်း အကန့်အသတ်ဖြင့်သာရှိသည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရား များနှင့်ဆိုင်သော စွမ်းဆောင်ရည်မြှင့် သင်တန်းများကို တက်ရောက်ခဲ့ဘူးသည်ဟု ဖြေကြားသူများမှာ ပြည် ထောင်စုအဆင့်အတွက် ၈၄ % ရှိပြီး ပြည်နယ်/တိုင်းဒေသကြီးအဆင့်အတွက် ၇၅ % ရှိသည်။ လွှတ်တော်ကိုယ်စားလှယ် အားလုံး၏ သုံးပုံ နှစ်ပုံကျော်က အားလုံးရေး၊ ကျားမအရေးကိုထည့်သွင်းစဉ်းစားသည့် မူဝါဒပြုစုရေး နှင့် သက်ဆိုင်သော အရည်အသွေးမြင့်တင်ရေးသင်တန်းများကို တက်ရောက်ခဲ့ရသည်ဟု ဆို သည်။

အခြားအဓိကကျသည့် နည်းစနစ်ပိုင်း ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးမြင့်သင်တန်းများကိုတော့ ရံဖန်ရံခါသာ တက်ရောက်ခွင့်ရသည်။ ဖြေဆိုသူများ၏ ထက်ဝက်ခန့်သာ စီမံကိန်းရေးဆွဲခြင်းနှင့် ဘဏ္ဍာငွေ ဆိုင်ရာ ကြီးကြပ်စောင့်ကြည့်မှု လုပ်ငန်းဆောင်တာများနှင့်ဆိုင်သော အရည်အသွေးမြှင့်တင်ရေးသင်တန်းများတက်ရောက်ရသည်ဟုဆိုသည်။ ယင်းသင်တန်းများကိုတက်ရောက်ခဲ့သည့် ကိုယ်စားလှယ်အချို့ကပင် သင်တန်း များသည် လုံလောက်မှုမရှိဟု ဆိုသည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ ပြောဆိုချက်အရ -

> ကျွန်မတို့အားလုံးဟာ နိုင်ငံတော်၏ ဘတ်ဂျက်၊ ဘဏ္ဍာရေး အစီအစဉ်များ၊ စီမံကိန်းများနှင့် ပတ်သက်ပြီး အကျယ်တဝင့် နားလည်သိရှိခြင်းမရှိပါဘူး။ ပြင်ပအဖွဲ့အစည်းများက ပြုလုပ်ပေးတဲ့ ဘဏ္ဍာငွေ၊ ဘတ်ဂျက်တို့နဲ့ဆိုင်တဲ့ သင်တန်းများဟာ လွှတ်တော်အတွင်း အမှန်တကယ်လုပ်ဆောင်နေတဲ့ လုပ်ငန်းသဘောသဘာဝများနှင့် ကိုက်ညီမှုမရှိပါဘူး။ စီမံကိန်းရေးဆွဲရေးဌာနတွင် လုပ်ငန်းအတွေ့အကြုံများစွာရှိခဲ့သည့် ပင်စင်ယူပြီးသား ပြည်တွင်း အရာရှိတစ်ဦးက ကျွန်မတို့အား ရှင်းလင်းပြောကြားသည့် နည်းလမ်းကသာ လက်တွေ့အခြေအနေနှင့် ပိုပြီးဆီလျော်မှုရှိပါလိမ့်မယ်။ နိုင်ငံတကာအကြံပေးများ၊ သင်ကြားပို့ချပေး သူများ၏ဆွေးနွေးပြောဆိုမှုများကို နားထောင်ခဲ့ရသော်ငြားလည်း ယင်းသည် ရာနှုန်းပြည့် အထောက်အကူ မဖြစ်ပါ။ သူတို့၏ သင်ကြားပို့ချမှုများသည် ကျွန်မတို့နိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီမှုမရှိပါ။ သင်တန်းများတက်ရောက်ပြီးစီးသွားသော်လည်း ကျွန်မ သင်ယူခဲ့သည့် အရာများကို ပြန်လည် အသုံးမပြုနိုင်ခဲ့ပါ။ ကျွန်မ ဒီလိုသင်တန်းမျိုး နောက်ထပ် မတက်တော့ပါ။ အချိန်ကုန် ရုံသာရှိပါသည်။ ကျွန်မကိုယ်တိုင်သာ ကြိုးစားလေ့လာပါတော့မည်။[48]

ဤသို့သော ရှုမြင်မှုသည် အမျိုးသား၊ အမျိုးသမီးနှင့်မဆိုင်ပဲ လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ အတွေ့အကြုံဖြစ်သည်။ လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ကနဦးအဆင့်သာရှိသေးပြီး ၎င်းတို့နှင့် ဆက်စပ်သော နိုင်ငံတကာ၏ ထောက်ပံ့မှုများနှင့်

[44] The Gender Equality Network, 2015

[45] လွှတ်တော်ကိုယ်စားလှယ် ၆ ဦးမြောက်က မေးခွန်းအမှတ် ၁၄ ကို ဖြေကြားချက်

[46] The Gender Equality Network, 2015

[47] လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးမြောက်က မေးခွန်းအမှတ် ၁၄ ကို ဖြေကြားချက်

[48] လွှတ်တော်ကိုယ်စားလှယ် အမှတ် ၁ ကို မေးမြန်းခြင်း

ဆိုင်သော အတွေ့အကြုံနုနယ်စဥ်တွင် ဖြစ်ပေါ်သည့် ကိစ္စများပင် ဖြစ်သည်။ ပြည်သူ့ရေးရာမူဝါဒများကို လွှမ်းမိုးနိုင်ရန် ဘတ်ဂျက်ကို ကျေကျေညက်ညက် နားလည်မှုပင်ဖြစ်နိုင်ရာ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် ကိုယ်စားလှယ် အားလုံးအတွက် ထိုနယ်ပယ်နှင့်ဆိုင်သော သင်တန်းများတိုးတက်မှုရှိရေးသည် ရှေ့ဆက်မည့်ခရီးအတွက် အလွန်အရေးပါသည်။

***ဇယား ၆ - ပြည်ထောင်စုလွှတ်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်များမှ အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များကို ပံ့ပိုးမှု[49]***

| ပံ့ပိုးမှုပုံစံများ | ပြည်ထောင်စု | ပြည်နယ်/တိုင်းဒေသကြီး |
|---|---|---|
| လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်၏ အခန်းကဏ္ဍ၊ လုပ်ဆောင်ရမည့် တာဝန်နှင့်စပ်လျဥ်း၍ စွမ်းဆောင် ရည်မြှင့်တင်ပေးခြင်း | ၈၄% | ၇၅% |
| ဥပဒေမူကြမ်းရေးဆွဲရန် သုတေသန ပြုခြင်း၊ မူကြမ်းရေးဆွဲခြင်းဆိုင်ရာများနှင့် စပ်လျဥ်း၍ စွမ်းဆောင် ရည်မြှင့်တင်ပေးခြင်း | ၆၈% | ၆၀% |
| ကြိုတင်စီမံကိန်းများချမှတ်ခြင်း၊  ဘဏ္ဍာရေးဆိုင်ရာကြိုတင်ခန့်မှန်းတွက်ချက်ခြင်းနှင့်  စပ်လျဥ်း၍ စွမ်းဆောင် ရည်မြှင့်တင်ပေးခြင်း | ၄၈% | ၅၀% |
| လူထုရှေ့မှောက်စကားပြောဆိုတင်ပြခြင်းဆိုင်ရာနှင့် စပ်လျဥ်း၍ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း | ၂၀% | ၅၅% |
| မိမိမဲဆန္ဒရှင်များနှင့် ထတွေ့ဆက်ဆံနိုင်ရန် အကူအညီအထောက်အပံ့များ | ၅၆% | ၆၀% |
| အားလုံးပါဝင်သော ကျားမရေးရာ အလေးထားသည့် ဥပဒေများနှင့် မူဝါဒများချမှတ်တတ်စေရန် စွမ်းဆောင် ရည်မြှင့်တင်ပေးခြင်း | ၇၂% | ၇၀% |
| အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအတွက် အထူးတလည်ပေးသောအထောက်အပံ့များ | ၄၄% | ၂၅% |
| မည်သည့်ထောက်ပံ့မှုမှ မရခဲ့ပါ | ၄% | ၀% |


ပြည်ထောင်စုအဆင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ၅ ပုံ ၁ ပုံသည် ဟောပြောပို့ချမှုနှင့် ဆက်သွယ်ရေးဆိုင် ရာသင်တန်းများ တက်ရောက်ခဲ့ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ထက်ဝက်ကျော်မှာ အဆိုပါသင်တန်းများ တက်ရောက်ခဲ့ကြသည်။ ပြည်ထောင်စုအဆင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ၄၄ % နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များရှိ လွှတ်တော်ကိုယ်စားလှယ်များ၏ ၂၅% တို့ သည် အမျိုးသမီးများအတွက် သီးသန့်သင်တန်းများကို တက်ရောက်ခဲ့ကြရသည်။ သင်တန်းအားလုံးသည် ရွေးကောက်ပွဲနိုင်ပြီးမှသာ တက်ရောက်ကြရခြင်းဖြစ်သည်။

ရွေးကောက်ပွဲအပြီးနောက်ပိုင်း လွှတ်တော်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာအစိုးရမဟုတ် သည့်အဖွဲ့အစည်းများသည် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအား ဘာသာရပ်အမျိုးမျိုးကို ပို့ချပေးရာတွင် ပို၍အရေးပါသော ကဏ္ဍမှပါဝင်လာခဲ့သည်။ လုပ်ငန်းခွင်တွင် ကိုယ်ပိုင်လေ့လာသင်ယူမှုများနှင့် မဲဆန္ဒနယ်များရှိ ဒေသအာဏာပိုင်များ၊ ဒေသခံရပ်ရွာလူထုများထံမှ အမည်ခံအကူအညီအချို့အပြင် ထပ်တိုးရရှိသည့် အကူအညီများဖြစ်သည်။ လွှတ်တော်များသည် သုတေသန၊ ဥပဒေကြမ်းရေးသားမှု၊ စီမံကိန်းရေးဆွဲရေးနှင့် ဘဏ္ဍာငွေတို့ကဲ့သို့သော နည်းစနစ်ကျွမ်းကျင်မှုအခြေခံ အရည်အသွေးဖွံ့ဖြိုးတိုးတက်မှု သင်တန်းများကို ပို၍ အသားပေးသည်။  လွှတ်တော် ကိုယ်စားလှယ်များအား ၎င်းတို့၏ မဲဆန္ဒနယ်များကို ထိတွေ့ဆက်ဆံရာတွင် နိုင်ငံရေးပါတီများသည် အဓိကကျသည့် အခန်းကဏ္ဍမှပါဝင်ကာ အကူအညီများပေးခဲ့သည်။ အရပ်ဖက်လူမှု အဖွဲ့အစည်းများနှင့် နိုင်ငံတကာအစိုးရမဟုတ်သည့် အဖွဲ့အစည်းများသည် အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များအတွက် ကျားမအမြင်ရှုထောင့်ကိုအခြေခံသည့်မူဝါဒရေးဆွဲရေး အစီအစဉ်များကို ပို၍ အာရုံစိုက် ဆောင်ရွက်သည်။  အရပ်ဖက်

[49] ဖြေကြားသူ ၄၅ ဦး

လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများသည် ဟောပြောစည်းရုံးမှုကဲ့သို့သော ဆက်သွယ်ရေးဆိုင်ရာသင်တန်းအချို့ကိုလည်း ပေးခဲ့ကြသည်။ သို့သော်အနည်းငယ်သောအမျိုးသမီးကိုယ်စားလှယ်များကသာယင်းသို့သောသင်တန်းမျိုးကိုတက်ရောက်ခဲ့ရသည်ဟုပြောကြသည်။ ဖြေဆိုသူအများစုက ဟောပြောစည်းရုံးမှုသင်တန်းကို တက်ရောက်လိုကြောင်း ထုတ်ဖော်ပြောကြားကြပြီး ဟောပြော စည်းရုံးမှုစွမ်းရည် ပိုမိုကောင်းမွန်ခြင်းသည် ၎င်းတို့၏ ယုံကြည်မှုကို မြင့်မားစေသည့်အပြင် မဲဆွယ်စည်းရုံးသည့် အခါတွင်လည်း ပိုမိုထိရောက်အောင် စွမ်းဆောင်နိုင်လိမ့်မည်ဟု ဆိုသည်။

***ပုံ ၅ - နယ်ပယ်အလိုက် ပံ့ပိုးမှုပေးခဲ့သူများ***[50]




## ၄.၃။ လွှတ်တော်ရေးရာကော်မတီများတွင် အမျိုးသမီးများ၏ ကိုယ်စားပြုပါဝင်မှု

ပြည်ထောင်စုအဆင့်တွင် ရွေးကောက်ခံ အမျိုးသမီးကိုယ်စားလှယ်အားလုံးသည် အနည်းဆုံးရေးရာကော်မတီ တစ်ခုတွင်တော့ ပါဝင်သည်။ သို့သော်လည်း ထိုကော်မတီများတွင် အရေအတွက်အနည်းငယ်ကသာ ခေါင်းဆောင်မှုနေရာကို ရကြသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်များရှိ ရေးရာကော်မတီများတွင် အမျိုးသမီးကိုယ်စားလှယ်များက ကော်မတီခေါင်းဆောင်ပိုင်းနေရာများနှင့် အဖွဲ့ဝင်များအဖြစ် ပါဝင်နေမှုကို စစ်တမ်းအဖွဲ့မှ အချက်အလက်စုဆောင်းနိုင်ခြင်း မရှိခဲ့ပါ။ တွေ့ဆုံမေးမြန်းမှုများအတွင်း ဖြေဆိုသူအချို့က မိမိကိုယ်ကိုယုံကြည်မှုမရှိခြင်းနှင့် လိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုမရှိခြင်းတို့သည် ကော်မတီဥက္ကဋ္ဌနေရာကို ရယူလိုခြင်း သို့မဟုတ် ကြိုးစားခြင်းများတွင် အဓိကအတားအဆီးသဖွယ်ဖြစ်နေသည်ဟု ဆိုကြသည်။ ဖြေဆိုသူအနည်းငယ်က ၎င်းတို့၏ ကျွမ်းကျင်မှု၊ စိတ်ဝင်စားမှုတို့နှင့်ကိုက်ညီခြင်းမရှိသော ကော်မတီများတွင် စောင့်ကြည့်ထိန်းကျောင်းသည့် တာဝန်ပေးအပ်ခြင်းခံရသည်ဟုဆိုသည်။ (၎င်းမှာ အသစ် ရွေးကောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များက စောဒကတက်လေ့ရှိသော အကြောင်းအရာဖြစ်သည်။) အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်နှစ်ဦးသာ ကော်မတီဥက္ကဋ္ဌများအဖြစ် ခန့်အပ်ခြင်းခံရပါသည်။ ပြည်သူ့လွှတ်တော်တွင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီနှင့် အမျိုးသားလွှတ်တော်တွင် ဒေါ်ခင်ဝိုင်းကြည် ဦးဆောင်သည့် ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးနှင့်ကလေး သူငယ်ဆိုင်ရာကော်မတီတို့ဖြစ်သည်။ အမျိုးသမီးကိုယ်စားလှယ်လေးဦးတို့သည် အမျိုးသားလွှတ်တော်တွင်သုံးနေရာနှင့် ပြည်သူ့လွှတ်တော်တွင် တစ်နေရာ၌ ကော်မတီအတွင်းရေးမှူးနေရာကို ခန့်အပ်ခြင်းခံခဲ့ရသည်။[51]

[50] ဖြေကြားသူ ၄၅ ဦး

[51] ပြည်ထောင်စုလွှတ်တော်နှစ်ရပ်လုံးရှိ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ၎င်းတို့ဝင်ရောက်ခဲ့သည့် ကော်မတီများနှင့် ရာထူးစာရင်း အပြည့်အစုံကို အစီအရင်ခံစာ၏ နောက်ဆက်တွဲ ၁ တွင်ကြည့်ပါ။

## ၄.၄။ လွှတ်တော်ဆိုင်ရာ လုပ်ရှားမှုများတွင် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုများ

ယခုသုတေသန၏ မူလရည်မှန်းချက်များထဲမှ တစ်ခုမှာ ၂၀၁၁ ခုနှစ် လွှတ်တော်များတွင် အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များ တွေ့ကြုံခဲ့ရသည့် အခက်အခဲအတားအဆီးများကို ပိုမိုနက်နက်ရှိုင်းရှိုင်းနားလည်နိုင်ရန်ဖြစ်သည်။ မျှော်လင့်ထားသကဲ့သို့ပင် အမျိုးသမီး များသည် အထောက်အပံ့အနည်းငယ်သာရပြီး ပို၍အားကောင်းအောင် လုပ်ဆောင်ရန် လိုအပ်သည်ဟု ခံစားရသည့် လက်တွေ့ကျွမ်းကျင်မှုဆိုင်ရာများစွာကို ဖော်ထုတ်ပြောကြားခဲ့သည်။ ၎င်းတို့မှာ မဲဆန္ဒနယ်များနှင့်ထိတွေ့ဆက်ဆံမှု၊လူထုကိုဦးဆောင်ခြင်း၊ သုတေသနပြုမှု၊ စီမံကိန်း ရေးဆွဲခြင်းနှင့် ဘဏ္ဍာငွေဆိုင်ရာကြီးကြပ်မှုတို့ဖြစ်သည်။ စစ်တမ်းကောက်ယူရာ တလျောက်လုံးတွင် အမျိုးသမီးများ နိုင်ငံရေးတွင်ပါဝင်ရန်နှင့် အောင်မြင်ရန်အတွက် အဓိက အခက်အခဲအတားအဆီးများ အဖြစ် ကိုယ့်ကိုယ်ကို ယုံကြည်ချက်မရှိခြင်း၊ ပညာရေးအားနည်းခြင်းနှင့် အတွေ့အကြုံမရှိခြင်းတို့ကိုသာ ထပ်တလဲလဲ ဖြေကြားကြကြောင်းတွေ့ရသည်။

စစ်တမ်းဖြေကြားမှုများမှ အရေးကြီးသော လေ့လာတွေ့ရှိချက်တစ်ခုမှာ အထူးသဖြင့်လုပ်ဖော်ကိုင်ဖက် အမျိုးသားများ၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် ဆိုင်ရာအချက်အလက်များဖြင့် နှိုင်းယှဉ်စဉ်းစားကြည့်သည့်အခါ၊ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် အမျိုးသမီးများ၏ တာဝန်ထမ်းဆောင်မှုအပေါ် တိုင်းတာချက် အချို့အရ ၎င်းတို့သည် အမျိုးသားကိုယ်စားလှယ်များကဲ့သို့ပင် ၎င်းတို့၏ အခန်းကဏ္ဍတွင် တက်တက်ကြွကြွဖြင့် ပါဝင်ကြသည်ကိုတွေ့ရသည်။

### ၄.၄.၁။ လွှတ်တော်တွင် မေးခွန်းမေးမြန်းမှုများ

လွှတ်တော်တွင် အစိုးရဝန်ကြီးဌာနများအား မေးခွန်းမေးမြန်းရန် တင်သွင်းမှု လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ပြည်ထောင်စုအဆင့် ကိုယ်စားလှယ်အချို့ကပင်ပင်ပန်းပန်းပြင်ဆင်ရပြီးအချုပ်အချယ်များသည့်လုပ်ငန်းစဉ်ဟုပြောပြကြသည်။ မေးခွန်းများကိုကျင်းပမည့်လွှတ်တော်အစည်းအဝေးမတိုင်မီ ၁၀ ရက်ကြိုတင်၍ လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံတင်သွင်းရသည်။ ထို့နောက်မှ လွှတ်တော်ဥက္ကဋ္ဌက သူ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် မေးခွန်းများကို ခွင့်ပြုခြင်း (သို့မဟုတ်) ငြင်းဆိုခြင်းတို့ကို လုပ် ဆောင်ရသည်။ ထို့နောက် ခွင့်ပြုသည့် မေးခွန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရသည်။ အချို့ မေးခွန်းများကို သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် ဌာနက ပြည်သူလူထုသိစေရန် လွှတ်တော်တွင် လာရောက်ဖြေကြားသော်လည်း အချို့မှာ စာဖြင့်ရေးသားဖြေဆိုပြီး လွှတ်တော်ရုံးမှတဆင့် မေးခွန်းမေးမြန်းသူလွှတ်တော်ကိုယ်စားလှယ်ထံပြန်ပို့ပေးခဲ့ကြသည်။ လွှတ်တော်ကိုယ်စားလှယ်များသည်မေးခွန်းများကို လွှတ်တော်တွင် လူသိရှင်ကြားလာရောက်ဖြေကြားရန် (ကြယ်ပွင့်ပြမေးခွန်းများဟု သုံးနှုန်းလေ့ရှိသည်) သို့မဟုတ် သက်ဆိုင်သူများသို့သာ ဖြေကြားရန် တောင်းဆိုမှုအတွက် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရှိသော်လည်း လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းစီသည် လွှတ်တော်အစည်းအဝေးတစ်ခုစီတိုင်းတွင် ကြယ်ပွင့်ပြမေးခွန်း ၁၀ ခုသာ မေးခွင့်ရှိသည်။[52] ၂၀၁၅ အစောပိုင်းကာလက တပ်မတော်မှခန့်အပ်သည့် လွှတ်တော်ကိုယ်စားလှယ်များအား မေးခွန်းမေးမြန်းခွင့်ကို ပိုမိုပေးအပ်သည့်သဘောဖြင့် အရပ်သားလွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းမေးမြန်းနိုင်သည့် အရေအတွက်အားလျှော့ချခဲ့သည်။ မေးခွန်းများမေးမြန်းရန် တင်ပြသည့် လုပ်ထုံးလုပ်နည်းများသည် ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များတွင် ကွဲပြားခြားနားမှုများရှိခဲ့သည်။


ပြည်ထောင်စုအဆင့် လွှတ်တော်များဖြစ်ကြသော အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့၏ ပထမအကြိမ်သက်တမ်း (၂၀၁၁-၂၀၁၆) အတွင်း လွှတ်တော်အစည်းအဝေး ၁၃ ခုလုံးမှ ကောက်ခံရရှိသည့် အချက်အလက်များကို စစ်ဆေးချက်အရ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်သည် လွှတ်တော်နှစ် ရပ်ကြားတွင် ကွဲပြားခြားနားမှုများရှိသည်ကိုတွေ့ရသည်။ ပထမအကြိမ် လွှတ်တော်သက်တမ်း၌ အမျိုးသားလွှတ်တော်တွင် ကိုယ်စားလှယ်များအားလုံးက မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း ၁၇၂၃ ခုရှိရာ မေးခွန်း ၇ ခုသာ (၀.၄%) အမျိုးသမီးကိုယ်စားလှယ်များက မေးမြန်းသည်ကိုတွေ့ရှိရသည်။ အမျိုးသမီး ကိုယ်စားလှယ်များသည် လွှတ်တော် အစည်းအဝေး ၁၃ ခုအနက် ၈ ခုတွင် မည်သည့်ကြယ်ပွင့်ပြမေးခွန်းကိုမှ မေးမြန်းခြင်းမရှိခဲ့ပါ။ ထို့အတူပင် အမျိုးသမီးကိုယ်စားလှယ်များကတင်သွင်းသည့် ကြယ်ပွင့်မပြမေးခွန်းများ အရေအတွက်သည် အမျိုးသားကိုယ်စားလှယ်များက တင်သွင်းသည့် မေးခွန်းအရေအတွက်နှင့်နှိုင်းယှဉ်ပါက ပိုမိုနည်းပါးပါသည်။ ကြယ်ပွင့်မပြ မေးခွန်းပေါင်း ၂၇၈၄ အနက် အမျိုးသမီးကိုယ်စားလှယ်များက တင်သွင်းသည့် မေးခွန်းမှာ ၃၅ ခု (၁.၃%) သာရှိပြီး ပထမ၊ ဒသမနှင့် ဆယ့်သုံးကြိမ်မြောက် လွှတ်တော်အစည်းအဝေးများတွင် ၎င်းတို့ကတင်သွင်းသည့် ကြယ်ပွင့်မပြမေးခွန်းများ မရှိပါ။

ပြည်သူ့လွှတ်တော်ရှိ အမျိုးသမီးကိုယ်စားလှယ်များသည် ပို၍တက်ကြွကြသည်။ လွှတ်တော်ကိုယ်စားလှယ် အားလုံးက ကြယ်ပွင့်ပြမေးခွန်း ၄,၅၀၄ ခု မေးမြန်းရာ အမျိုးသမီးကိုယ်စားလှယ်များက ၄၀၂ ခု (၈.၉ %) မေးမြန်းသည်တွေ့ရှိရသည်။ မည်သည့်အမျိုးသမီးကိုယ်စားလှယ်ကမှ ပထမအကြိမ်လွှတ်တော် အစည်းအဝေးတွင် မေးခွန်းမေးမြန်းခြင်းမရှိပါ။ ပထမအကြိမ်လွှတ်တော်သက်တမ်းအတွင်း ဒုတိယအကြိမ်လွှတ်တော်အစည်း အဝေးမှစတင်ကာ နောက်ဆုံးအစည်းအဝေးထိတိုင် အမျိုးသမီးကိုယ်စားလှယ်များ၏ မေးမြန်းသည့် မေးခွန်းအရေအတွက်မှာ တဖြည်းဖြည်းများလာပြီး ၁၂ ကြိမ်မြောက်လွှတ်တော်အစည်းအဝေးသို့ ရောက်သည့်အခါ မေးခွန်းပေါင်း ၆၉ ခုရှိခဲ့သည်။ ကြယ်ပွင့်မပြမေးခွန်း မေးမြန်းမှုသည်လည်း ဤနည်းနှင့် ပင်ဖြစ်သည်။ မေးခွန်းပေါင်း ၆,၆၇၀ ရှိသည့်အနက် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းပေါင်း ၅၉၀ (၈.၉%) ကို တင်သွင်း မေးမြန်းနိုင်ခဲ့သည်။

[52] မေးခွန်းမေးမြန်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းသည် ပြည်ထောင်စုလွှတ်တော်ရုံးအဖွဲ့နှင့် ဆွေးနွေးမှုမှ ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ယင်းအချက်အလက်နှစ်ခုကို ပေါင်းလိုက်သည့်အခါတွင်  အမျိုးသမီးကိုယ်စားလှယ်များက ပြည်ထောင်စုလွှတ်တော်တွင် စုစုပေါင်း ပါဝင်သည့်နှုန်းကို ရှင်းရှင်းလင်းလင်း မြင်တွေ့ရသည်။ လွှတ်တော်ကိုယ်စားလှယ်အားလုံးက ကြယ်ပွင့်ပြမေးခွန်း စုစုပေါင်း ၆,၂၂၇ ခု မေးမြန်းခဲ့ရာတွင် အမျိုးသမီးကိုယ်စားလှယ်များက မေးခွန်းပေါင်း ၄၀၉ (၆.၆%) မေးမြန်းခဲ့သည်။ ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်အားလုံးက ကြယ်ပွင့်မပြမေးခွန်းစုစုပေါင်း ၉,၄၅၄ ခု မေးမြန်း ခဲ့ရာ အမျိုးသမီးကိုယ်စားလှယ်များက မေးခွန်းပေါင်း ၅၉၀ ခု (၆.၂%) မေးမြန်းခဲ့သည်။ ယင်းမေးခွန်းမေးမြန်း မှုနှုန်းသည် ပြည်ထောင်စုလွှတ်တော်ရှိ ၆% သော အမျိုးသမီးကိုယ်စားလှယ်အရေအတွက်၏ အချိုးအစားနှင့် ကိုက်ညီမှုရှိသည်။ အမျိုးသမီးကိုယ်စားလှယ်များက မေးခွန်းမေးမြန်းသည့် အရေအတွက်မှာ လွှတ်တော်အစည်းအဝေးတစ်ခုနှင့်တစ်ခု ကွဲပြားမှုများရှိသော်လည်း ယေဘုယျအားဖြင့် လွှတ်တော်သက်တမ်းကုန်ဆုံးခါနီးတွင် မြင့်မားလာခဲ့ရာ စုပေါင်းကြည့်လိုက်သည့်အခါ နောက်ဆုံး လွှတ်တော်အစည်းအဝေးတွင် မေးခွန်းမေးမြန်းမှုသည် အမြင့်မားဆုံးဖြစ်ကြောင်းတွေ့ရှိရသည်။

***ပုံ ၆ - ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ပထမအကြိမ်မှ တစ်ဆယ့်သုံးကြိမ်မြောက်အထိ အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများ***




ကိုးကား - အမျိုးသားလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံး


အသေးစိတ်မေးမြန်းမှုများတွင် အချို့သော ဖြေကြားသူများက အမျိုးသမီးများအနေဖြင့် မေးခွန်းမေးမြန်းခွင့် အနည်းငယ်သာ ရရှိခဲ့သည်ဟုခံစားရကြောင်းထုတ်ဖော်ပြောကြားသည်။ သို့သော် ရှင်းလင်းဖော်ပြ မှုများအရ ယင်းကိစ္စနှင့်ပတ်သက်ပြီး ၎င်းတို့၏သဘောထားအမြင်များသည် ကွဲပြားခြားနားမှုများရှိသည်ကိုတွေ့ရသည်။ လွှတ်တော်၏ခေါင်းဆောင်မှုအပိုင်းကမည်သို့သောမေးခွန်းမျိုးကိုသာမေးမြန်းခွင့်ပြုမည်ဆိုသည်ကို ဆုံးဖြတ်နိုင် သည့် အခွင့်အာဏာရှိသည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ချို့၏ အဆိုအရ နိုင်ငံရေးပါတီများက ၎င်းတို့၏ လွှတ်တော်ကိုယ်စားလှယ်များအား မေးခွန်းမေးမြန်းရန် တာဝန်ခွဲဝေပေးသည့် အလေ့အထကလည်း အဓိကအကြောင်းရင်းအဖြစ် ပါဝင်နေသည်ဟု သိရသည်။ အမျိုးသားကိုယ်စားလှယ်များသည်လည်း သူတို့၏ မေးခွန်းမေးမြန်းနိုင်သည့်စွမ်း ရည်နှင့်ပတ်သက်ပြီး ထိုနည်းတူ အကန့်အသတ်များတွေ့ကြုံရခြင်း ရှိမရှိ ဆိုသည်ကိုမူ ယခုပြုလုပ်နေသည့် သုတေသနနှင့် သက်ဆိုင်ခြင်းမရှိသဖြင့် စုံစမ်းထားခြင်းမရှိပါ။

## ၄.၄.၂။ ဥပဒေပြုခြင်းတွင်ပါဝင်ခြင်း

ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော် နှစ်ခုစလုံးရှိ အမျိုးသမီးကိုယ်စားလှယ် လေးပုံတစ်ပုံက ၎င်းတို့၏ လွှတ်တော်သက်တမ်းအတွင်း ဥပဒေပြုခြင်းနှင့်စပ်လျဉ်းပြီး ဦးစီးကမကထပြုခြင်းများ၊ ဥပဒေတင်သွင်းမှုများရှိခဲ့ကြောင်းဖော်ပြခဲ့သည်။ ထိုသို့မပြုလုပ်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များအား အဘယ်ကြောင့် မပြုလုပ်ခဲ့သနည်း မေးကြည့်သည့်အခါ အမျိုးသမီးကိုယ်စားလှယ်အများစုက ၎င်းတို့တွင် အတွေ့အကြုံမရှိခြင်း၊ ဥပဒေရေးရာ မကျွမ်းကျင်မှု သို့မဟုတ် ဥပဒေရေးသားပြုစုခြင်းကို ဆောင်ရွက်နိုင်သည့် ပညာရပ်ဆိုင်ရာ အသိပညာ ကျယ်ကျယ်ပြန့်ပြန့် မရှိခဲ့ခြင်းကြောင့်ဟုဆိုသည်။ မူဝါဒ ရေးဆွဲမှုနှင့် ဥပဒေကြမ်းရေးသားမှုတို့တွင် ပါဝင်ခွင့်ရခြင်းသည် တစ်ခါတစ်ရံတွင်

ပါတီခေါင်းဆောင်ပိုင်းနှင့် လက်လှမ်းမီသော သို့မဟုတ် အဆက် အသွယ်ရှိသော ပါတီဝင်များအတွက်ကိုသာ ကန့်သတ်အခွင့်အရေးပေးထားသလိုဖြစ်သည်ဟု ဆိုသည့် အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ် အများအပြားရှိသည်။ အမျိုးသမီးကိုယ်စားလှယ်များက ၎င်းတို့၏ မဲဆန္ဒနယ်နှင့် သက်ဆိုင်သော ဥပဒေ ကြမ်းရေးသားပြုစုမှုအပေါ် ကြိုးစားအားထုတ်မှုများ ရှိခဲ့သော်လည်း ၎င်းတို့၏ ပါတီတစ်ခုတည်းမှ၊ အခြားပါတီများမှ လုပ်ဖော်ကိုင်ဖက် လွှတ်တော်ကိုယ်စားလှယ်များ၏ ပယ်ချခြင်းကိုခံရသည်။ မေးမြန်းမှုများပြုလုပ်ခဲ့စဉ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက "ကျွန်မတစ်ဦးတည်းရဲ့ ပုဂ္ဂလိကအမြင်ကတော့ အမျိုးသမီးလွှတ် တော်ကိုယ်စားလှယ်များက အတွေ့အကြုံမရှိတဲ့အတွက် ဥပဒေ ရေးသားပြုစုခြင်းကို မလုပ်ခဲ့ကြဘူး။ အမှားလုပ်မိမှာ စိုးရိမ်တဲ့အတွက်ကြောင့်လည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်" ဟုဆိုသည်။[53]

*ပုံ ၇ - ဥပဒေကြမ်းတစ်ခုကို အဆိုပြုတင်သွင်းခဲ့ဘူးပါသလား။*[54]





### ၄.၄.၃။ မဲဆန္ဒရှင်နှင့် ထိတွေ့ဆက်ဆံမှုများ

မဲဆန္ဒရှင်နှင့်သက်ဆိုင်သော ပြဿနာများကို ကိုင်တွယ်ရန်နှင့် ဖြေရှင်းပေးရန် တာဝန်ရှိသည်ဟု စစ်တမ်းဖြေဆိုသူများအများစုက ခံယူထားကြသည်။ အမျိုးသမီးကိုယ်စားလှယ်တစ်ဦး၏ အဆိုအရ "ပါတီအဖွဲ့ဝင် သာမက ရပ်ရွာထဲက ပြည်သူများကလည်း ကျွန်မထံလာပြီး သူတို့ရဲ့ပြဿနာများကို တင်ပြကြပါတယ်၊ အကူအညီနဲ့ အကြံဉာဏ်တွေ တောင်းကြတယ်။ အဲ့ဒါကြောင့် ကျွန်မအနေနဲ့ ရပ်ရွာလူထုရဲ့ လိုအပ်ချက်တွေကို နေ့စဉ်နဲ့အမျှ နားထောင်ဖို့နဲ့ စကားပြောဆိုဖို့လိုပါတယ်"[55] ဟု ဆိုသည်။

အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့မဲဆန္ဒရှင်များ၏ အစိုးရိမ်ဆုံး အဓိကကိစ္စ ရပ်သုံးခုကို ပြောပြပါဟုဆိုသည့်အခါ ဖြေကြားသူ ထက်ဝက်ကျော် ၅၁.၁%သည် ဆင်းရဲမွဲတေမှုကို အလေးပေး ပြောကြားပြီး၊ ၃၇.၈% သည် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုနှင့်၊ ၃၅.၆% သည် တရားမဝင်မူးယစ်ဆေးဝါး ရောင်းဝယ်မှုနှင့် ၃၅.၆% သည် ပညာရေးကို ရွေးချယ်ခဲ့ကြသည်။ တိုင်းရင်းသားနှင့် ဘာသာရေး ပဋိပက္ခတို့ပါဝင်သည့် ပဋိပက္ခမျိုးစုံ၊ မြေသိမ်းခြင်း၊ မြေပိုင်ဆိုင်မှုအပေါ် အငြင်းပွားခြင်းတို့သည်လည်း မဲဆန္ဒရှင်များ၏ အဓိကပြဿနာစာရင်း၌ ထိပ်ပိုင်းတွင်ရှိ နေသည်။ ဖြေဆိုသည့် ၃ ပုံ ၁ ပုံက ယင်းတို့မှာ ၎င်းတို့၏ မဲဆန္ဒနယ်များအတွက် အထူးစိုးရိမ်ရသော ကိစ္စရပ်များ ဖြစ်သည်ဟု ဆိုသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုနှင့် ရာဇဝတ်မှုမြင့်မားလာခြင်းတို့သည် အထူးဦးစားပေး ကိစ္စရပ်များ အဖြစ် ထားရှိပုံမရချေ။


[53] ဖြေဆိုသူ ၄၅ ဦး
[54] ဖြေဆိုသူ ၄၅ ဦး
[55] အမျိုးသမီးကိုယ်စားလှယ် ၄ ဦးမြောက်က မေးခွန်း ၁၄ ကိုဖြေကြားချက်

*ပုံ ၈ - မဲဆန္ဒရှင်များ၏ အစိုးရိမ်ဆုံးပြဿနာသုံးရပ်ကိုဖော်ပြပါ။ (ဖြေကြားမှုများကို စုစည်းထားသည်။)*




လွှတ်တော်ကိုယ်စားလှယ်များသည် မဲဆန္ဒရှင်များနှင့် တွေ့ဆုံမှုများအတွက် အချိန်များစွာပေးခဲ့သည်ဟု အကြိမ်ကြိမ်ဆိုခဲ့သော်လည်း အများစုက မဲဆန္ဒရှင်များ၏ လိုအပ်ချက်များကို အပြည့်အဝနားလည်ရန် သတင်းအချက်အလက်များ ပိုမိုလိုအပ်သည်ဟုဆိုသည်။ မဲဆန္ဒရှင်များ၏ လိုအပ်ချက်များကို နားလည် သဘောပေါက်ရန် သတင်းအချက်အလက်များ လုံလောက်အောင်ရရှိခဲ့သလားဟု မေးခွန်းကို ၆၉ % သော ဖြေကြားသူများက သတင်းအချက်အလက်အချို့ကို လက်ခံရရှိခဲ့ပြီး ယခုထက်ပိုမိုရရှိရန် ဆန္ဒရှိကြောင်း ဆိုသည်။ ၂၂ % ကမူ သတင်းအချက်အလက် များစွာရရှိခဲ့သည်ဟုဆိုသည်။

*ပုံ ၉ - သင့်မဲဆန္ဒရှင်များ၏ လိုအပ်ချက်များနှင့် စိုးရိမ်ကြောင့်ကြမှုများကို သိရှိနားလည်ရန် သတင်းအချက်အလက် လုံလုံလောက်လောက် ရရှိသည်ဟုခံစားရပါသလား။*[56]





[56] ဖြေဆိုသူ ၄၅ဦး

အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်အများစုက များသောအားဖြင့် မဲဆန္ဒရှင်၏ လိုအပ်ချက်များနှင့်ပတ်သက်သော သတင်းအချက်အလက်များကို မဲဆန္ဒရှင်များထံမှ တိုက်ရိုက်ရရှိခဲ့သည်ဟုဆိုသည်။ ပြည်ထောင်စု အဆင့် လွှတ်တော်ကိုယ်စားလှယ် ၇၈ % နှင့် ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၈၀ % သည် မဲဆန္ဒရှင်များထံမှ သတင်းအချက်အလက်များကို 'မကြာခဏ' နှင့် 'တခါတရံ' သာ တိုက်ရိုက်ရရှိသည်ဟုဆိုသည်။ နိုင်ငံရေးပါတီများသည်လည်း မဲဆန္ဒရှင်များ၏ လိုအပ်ချက်ကို သိရှိနိုင်သော အဓိကျသည့် သတင်းအရင်းအမြစ် ဖြစ်သည်။ ပြည်ထောင်စုအဆင့် လွှတ်တော်ကိုယ်စားလှယ် ၆၈%က ပါတီမှတဆင့် မဲဆန္ဒရှင်များ၏ လိုအပ်ချက်များကို 'မကြာခဏ' သို့မဟုတ် 'တခါတရံ' သိရှိရသည်ဟုဆိုသည်။ သို့သော် ပြည်နယ်/တိုင်းဒေသ ကြီးလွှတ်တော်ကိုယ်စားလှယ်များ၏ ၅၀% သာ နိုင်ငံရေးပါတီများက တဆင့် သတင်းအချက်များကို 'မကြာခဏ' သို့မဟုတ် 'တခါတရံ' ရရှိခဲ့ကြသည်ဟု ဆိုသည်။ လွှတ်တော် ကိုယ်စားလှယ်တော်များများက ၎င်းတို့ မဲဆန္ဒနယ်ရှင်များနှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို မီဒီယာများထံက မကြာခဏရရှိတတ်သည်ဟုလည်းကောင်း၊ လွှတ်တော်မှ လုပ်ဖော်ကိုင်ဖက်များထံက အနည်းအကျဉ်းသာရရှိသည်ဟုလည်းကောင်း ဆိုကြသည်။

ပြည်ထောင်စုအဆင့် လွှတ်တော်ကိုယ်စားလှယ်များသည် အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) ကို မဲဆန္ဒရှင်များ၏ လိုအပ်ချက်များကို မကြာခဏသိရှိနိုင်သည့် သတင်းအရင်းအမြစ်အဖြစ် ရှုမြင်ကြခြင်းမရှိပါ။ ၂၀% ကသာ CSOs ထံမှ သတင်းအချက်အလက်များကို 'မကြာခဏ' သို့မဟုတ် 'တခါတရံ' ရရှိသည်ဟုဆိုသည်။ သို့သော်လည်း ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင်မူ လွှတ်တော်ကိုယ်စားလှယ် ၄၅ % က CSOs ထံမှ ထိုသို့သော သတင်းအချက်အလက်များကို 'မကြာခဏ' သို့မဟုတ် 'တခါတရံ' ရရှိသည်ဟု ဆိုသည်။


ထူးခြားချက်မှာ ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်များတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် မဲဆန္ဒရှင်များ၏ လိုအပ်ချက်၊ စိုးရိမ်ချက်များနှင့်ပတ်သက်သော သတင်းအချက်အလက်များကို နိုင်ငံရေးပါတီများမှတဆင့် ရရှိသကဲ့သို့ သူတို့၏ မိသားစုနှင့် သူငယ်ချင်းများထံမှ (၄၅% က 'မကြာခဏ' နှင့် 'တခါတရံ') ရရှိခဲ့ကြသည်ဟုဆိုသည်။ ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များသည် မဲဆန္ဒရှင်များ၏ လိုအပ်ချက်များကို ပြည်ထောင်စုအဆင့် လွှတ်တော်က လုပ်ဖော်ကိုင်ဖက်များထံမှ (၃၂% က 'မကြာခဏ' နှင့် 'တခါတရံ') သတင်းအချက်အလက်များ ရရှိခြင်းထက်စာလျှင် သူတို့၏ မြို့နယ်နှင့် ကျေးရွာအာဏာပိုင်များထံမှ (၄၀%က 'မကြာခဏ' နှင့် 'တခါတရံ) ပိုမိုရရှိသည်ဟုဆိုသည်။ ယင်းသည် ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်များရှိ အမျိုးသမီးကိုယ်စားလှယ်များမှာ ရပ်ရွာတွင်အခြေစိုက်နေထိုင်သည်ဖြစ်ရာ မဲဆန္ဒနယ်များနှင့် ထိတွေ့ဆက်ဆံရန် အခွင့်အလမ်းများ ပိုများပြီး နိုင်ငံရေးပါတီများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ဒေသအာဏာပိုင်များ၊ သူငယ်ချင်းများနှင့် မိသားစုများအထိ အမျိုးမျိုး စုံလင်သော သတင်းအရင်းအမြစ်များထံမှ သတင်းအချက်အလက်များကို ကြားသိလာခဲ့သည်။

***ပုံ ၁၀ - အောက်ဖော်ပြပါ သတင်းအရင်းအမြစ်များထံမှ သင့်မဲဆန္ဒရှင်များ၏ လိုအပ်ချက်၊ စိုးရိမ်ချက်များနှင့် ပတ်သက်သောသတင်းအချက်အလက်များကို အကြိမ်ရေမည်မျှလက်ခံရရှိပါသလဲ။*** [57]




[57] မေကြား‌သူ ၂၅ဦး

*ပုံ ၁၁ - အောက်ဖော်ပြပါ သတင်းအရင်းအမြစ်များထံမှ သင့်မဲဆန္ဒရှင်များ၏ လိုအပ်ချက်၊ စိုးရိမ်ချက်များနှင့် ပတ်သက်သောသတင်းအချက်အလက်များကို အကြိမ်ရေမည်မျှလက်ခံရရှိပါသလဲ။ (ပြည်နယ်/တိုင်း ဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ)*[58]




ဖြေကြားသူများက ရပ်ရွာအဆင့်ပြဿနာများကို ဖြေရှင်းရန် ဒေသန္တရအာဏာပိုင်များနှင့် ပူးပေါင်းချိတ်ဆက် ဆောင်ရွက်သည့် အတိုင်းအတာသည် အမျိုးမျိုးကွဲပြားလျက်ရှိသည်ဟုဆိုသည်။ ဒေသခံ တာဝန်ရှိသူများနှင့် ထိရောက်သော အလုပ်သဘောဆက်ဆံရေးကောင်းရှိခြင်းသည် ပဋိပက္ခအဖြေရှာရာတွင် အဓိကကျသည်ဟု တစ်ချို့က ရှုမြင်နေသော်လည်း အချို့က ထိုသို့သောတာဝန်ရှိသူများသည် ပူးပေါင်းဆောင်ရွက်လာနိုင်သူများဟု ရှုမြင်ရန်ထက် အတားအဆီးဟု ရှုမြင်ကြသည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက "ကျွန်မကတော့ သူတို့ (ဒေသခံ တာဝန်ရှိသူများ) နဲ့ လက်တွဲအလုပ်လုပ်လေ့မရှိပါဘူး။ ကျွန်မရဲ့ မဲဆန္ဒနယ်မှာ အရေးအကြောင်းရှိလာတဲ့အခါ အဲ့ဒီကိစ္စကို လွှတ်တော်ကို တိုက်ရိုက်တင်ပြတာပဲ။ ဒါပေမယ့် ဖွံ့ဖြိုးရေးရန်ပုံငွေကို သုံးစွဲဖို့ ဆွေးနွေးပွဲရှိလာရင်တော့ ကျွန်မအနေနဲ့ ရပ်ကွက်နဲ့ မြို့နယ်အာဏာပိုင်များနဲ့ တွေ့ဆုံပါတယ်။ ဒီလောက်ပါပဲ။ အစိုးရအုပ်ချုပ်ရေးယန္တရားမှာ အဆင့်တွေများစွာရှိတဲ့အတွက် ဒေသအာဏာပိုင်များနဲ့ လက်တွဲအလုပ်လုပ်ရင် အချိန်ယူရမယ်လို့ ကျွန်မယူဆထားလို့ပါ"[59] ဟု ဆိုသည်။

လွှတ်တော်ကိုယ်စားလှယ်များက ဒေသအာဏာပိုင်များနှင့် အလုပ်သဘောဆက်ဆံရေး ကို ခိုင်ခိုင်မာမာ တည်ဆောက်ထားနိုင်ပါက ရလဒ်များ မြန်မြန်ဆန်ဆန် ထွက်ပေါ်လေ့ရှိသည်ဟုဆိုသည်။ ဖြေကြားတစ်ဦးက -

> ပြည်သူနဲ့ ဒေသန္တရအာဏာပိုင်များအကြားမှာ အလွှာတစ်ခုရှိနေတယ်လို့ကျွန်မမြင်တယ်။ ပြည်သူအများစုက ဒေသန္တရအာဏာပိုင်များနဲ့တိုက်ရိုက်စကားမပြောလိုကြပါဘူး။ အဲ့ဒါကြောင့် ကျွန်မ က သူတို့အကြားမှာ ကြားလူအဖြစ်ဆောင်ရွက်ပြီး တောင်းဆိုချက်များကို ညှိနှိုင်း ဆွေးနွေး ပေး ပါတယ်။ ဒါဟာ တော်တော်လေးအလုပ်ဖြစ်ပါတယ်။ ကျွန်မ အာဏာပိုင်များနဲ့ လက်တွဲအလုပ် လုပ်တဲ့အခါ ပွင့်ပွင့်လင်းလင်းနဲ့ သူတို့ကို ဆက်ဆံပါတယ်။ သူတို့ကို ပြောစရာအကြောင်းအရာ ရှိရင်လည်း ပြောလိုက်ပါတယ်။ တောင်းဆိုချက်တွေ၊ အကြောင်းအရာတွေ အားလုံးကို လွှတ်တော်ကို တင်ပြမနေပါဘူး။ ဘယ်ကိစ္စကိုတော့ဖြင့် လွှတ်တော်ကို တင်ပြသင့်သလဲဆိုတာသိရအောင် ကျွန်မက ဒေသအာဏာပိုင်များနဲ့ အရင်ဆုံး ဆွေးနွေးကြည့်ပါတယ်။ ကျွန်မတို့ဘက်က ပွင့်ပွင့်လင်းလင်းရှိတော့ သူတို့ကလည်း တတ်နိုင်သလောက် ကျွန်မတို့နဲ့ ညှိနှိုင်း ဆောင်ရွက်လာပါတယ်။ တချို့ကိစ္စတွေကတော့ ချောချောမွေ့မွေ့မဖြစ်ခဲ့ပါဘူး။ ဒါပေမယ့် ကိစ္စအများစုကတော့ အဆင်ပြေခဲ့ပါတယ်။ ဒါကြောင့် ဒီအခြေအနေဟာ သိပ်မဆိုးရွားဘူးဆိုတာ ကျွန်မတို့ ပြောနိုင်တယ်လို့ ထင်ပါတယ်" ဟု ဆိုသည်။[60]

---

[58] ၂၀ ဦးမြောက်ဖြေကြားသူ
[59] လွှတ်တော်ကိုယ်စားလှယ် ၂၀ ဦးမြောက်နှင့် တွေ့ဆုံမေးမြန်းမှု
[60] လွှတ်တော်ကိုယ်စားလှယ် ၃၅ ဦးမြောက်နှင့် တွေ့ဆုံမေးမြန်းမှု

အခြားဖြေဆိုသူတစ်ဦးက "ဒေသန္တရအာဏာပိုင်များနဲ့ဆက်ဆံရေးက အဆင်ပြေပါတယ်။ ကျွန်မတို့တွေ ပူးပေါင်းလုပ်ဆောင်ကြတယ်။ မဲဆန္ဒရှင်များက ကိစ္စရပ်တစ်ခုကို တင်ပြလာတဲ့အခါ ကျွန်မက မြို့နယ် အာဏာပိုင်တွေဆီကိုဆက်သွယ်ပြီး သတင်းအချက်အလက်တွေကို ပေးပါတယ်။ သူတို့ကလည်း ချက်ခြင်းဆောင်ရွက်ပေးပါတယ်။ ကျွန်မက မြို့နယ်အထောက်အကူပြုကော်မတီ၊ အုပ်ချုပ်ရေးကော်မတီနဲ့ စည်ပင်သာယာရေး တာဝန်ရှိသူတွေကို တစ်လမှာနစ်ကြိမ်လောက်တွေ့ဆုံပါတယ်။ ပြီးတော့ အခြေအနေနဲ့ လိုအပ်ချက်တွေကို အသိပေးပါတယ်။ သူတို့ကလည်း ကျွန်မကို အတည်ပြုချက် ချက်ခြင်းပေးပါတယ်။ တစ်ချို့ကိစ္စရပ်အတွက်တော့ အောက်ခြေမှာဖြေရှင်းပြီးသွားတဲ့အတွက် ကျွန်မအနေနဲ့ လွှတ်တော်အစည်းအဝေးမှာ မေးခွန်းမေးစရာ မလိုအပ်တော့ပါဘူး"[61] ဟုဆိုသည်။

ယခုစစ်တမ်းတွင် ဖြေကြားသူအားလုံးက မဲဆန္ဒရှင်များနှင့် ထိတွေ့ဆက်ဆံမှု တိုးတက်အောင် ပိုမိုဆောင်ရွက်နိုင်ရန်လိုသေးသည်ဟု ခံစားရကြောင်းဆိုသည်။ ဖြေကြားသူ ၅၉ % က မဲဆန္ဒရှင်များနှင့် ထိတွေ့ ဆက်ဆံရာတွင် နိုင်ငံရေးပါတီများထံမှ အဓိကအထောက်အပံ့များ ရရှိခဲ့သည်ဟုဆိုသည်။ မဲဆန္ဒရှင်များနှင့် ထိတွေ့ဆက်ဆံမှုကို တိုးတက်အောင် မည်သို့လုပ်ဆောင်နိုင်မလဲဟုမေးမြန်းသည့်အခါ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/ တိုင်းဒေသကြီးလွှတ်တော်များရှိ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များက မြို့မိမြို့ဖများနှင့် တွေ့ဆုံဆွေးနွေးပွဲများမှတဆင့်လည်းကောင်း၊ ဝေးလံသည့်ဒေသမှ ရပ်ရွာလူထုထံသို့ မကြာခဏ ခရီးများသွားရောက်ခြင်းဖြင့်သော်လည်းကောင်း၊ မဲဆန္ဒရှင်များနှင့် တိုက်ရိုက်ဆက်သွယ်နိုင်သည့် အခွင့်အလမ်းများ ပိုမိုဖန်တီးရန်လိုအပ်သည်ဟု ဆိုသည်။

သုတေသနအဖွဲ့နှင့် ဆွေးနွေးခဲ့ရာ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အတော်များများက လွှတ်တော်လုပ်ငန်းအစီအစဉ်များသည် တခါတရံ သေချာရေရာမှုမရှိသည့်အပြင် အချိန်ပေးအာရုံစိုက် ဆောင်ရွက်ရ သည်ဖြစ်ရာ ရှိသည့်အတွက် ရပ်ရွာလူထုနှင့် ထိထိရောက်ရောက် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်နိုင်ရန် ၎င်းတို့၏ အချိန်များကို ကန့်သတ်ထားသလိုဖြစ်နေဟုဆိုသည်။ သို့သော်လည်း အထောက်အပံ့ကောင်းကောင်းရှိသော လွှတ်တော် ကိုယ်စားလှယ်အချို့ကမူ လွှတ်တော်အစည်းအဝေးကျင်းပနေချိန်တွင်ပင် မဲဆန္ဒရှင်များနှင့် တွေ့ဆုံနိုင်သည့် နည်းလမ်းသစ်များကို ရှာဖွေခဲ့ကြသည်။ "ကျွန်မအနေနဲ့ မဲဆန္ဒနယ်များသို့ မကြာခဏမသွားခဲ့ နိုင်ရင်တောင် ရွာသူ၊ ရွာသားများက ငါးရက်တစ်ကြိမ် မြို့တက်ဈေးဝယ်ထွက်တဲ့အခါ ကျွန်မက သူတို့နဲ့ တွေ့ဆုံနိုင်အောင်ကြိုး စားလေ့ရှိပါတယ်"[62] ဟုဆိုသည်။ သို့သော် ယင်းချဉ်းကပ်မှုမျိုးသည် အချို့သောဒေသရှိ မဲဆန္ဒနယ်များ၏ အချို့သော နေရာများတွင်သာ သေချာပေါက်အလုပ်ဖြစ်နိုင်ပါသည်။ အရပ်ဖက် လူမှုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများကဲ့သို့သောအဖွဲ့များနှင့် ထိတွေ့ဆက်ဆံခြင်းသည် မဲဆန္ဒရှင်မများ၏ လိုအပ်ချက်ကို ပိုမိုနားလည်သဘောပေါက်အောင် ဆောင်ရွက်ရာတွင် အသုံးပြုလေ့ရှိသည့် နည်းလမ်းဖြစ်သည်ဟု လွှတ်တော်ကိုယ်စားလှယ်အနည်းငယ်က ဆိုသည်။

ဖြေကြားသူအချို့၊ အထူးဖြင့် လွှတ်တော်ရုံးအဖွဲ့များနှင့် နိုင်ငံတကာအဖွဲ့အစည်းများထံမှ သတင်းအချက်အလက်များ လက်ခံရရှိသူများကမူ သတင်းအချက်အလက်များ၏ လွှမ်းမိုးဖိစီးမှုကို ခံစားရကြောင်းဆိုသည်။ အများစုက ၎င်းတို့ထံတင်ပြသည့် အစီအရင်ခံစာများ၊ အချက်အလက်များ၊ ကိုးကားချက်များနှင့် အထောက်အထားများထံမှ အသုံးဝင်ဆုံးသောဟုယူဆရသည့် သတင်းအချက်အလက်များကို ခက်ခက်ခဲခဲ စစ် ထုတ်ရသည်။ ရရှိလာသည့် သတင်းအချက်အလက်များကို ရှင်းလင်းသည့် မူဝါဒရေးရာ အစီအရင်ခံစာ သို့မဟုတ် တင်ပြချက်များအဖြစ် ပြန်လည်ရေးသားကာ လွှတ်တော်တွင်းတင်ပြရန်မှာ အခက်အခဲကြီးတခုဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ်များအတွက် သတင်းအချက်အလက်များမရှိခြင်းက ပြဿနာကြီး မဟုတ်ပဲ သတင်းအချက်အလက်များကို စုစည်းနိုင်ရန် လေ့လာစိစစ်သည့် နည်းလမ်းများ သို့မဟုတ် အချက်အလက်များ စနစ်တကျစုစည်းနိုင်ရန် နည်းစနစ်များ ရှာဖွေနေရခြင်းက ပို၍ ခက်ခဲနေသည်ကို သုတေသနပြုစုစဉ် တွေ့ရှိရသည်။ လွှတ်တော် ကိုယ်စားလှယ်များကို အချက်အလက်စုဆောင်းရာတွင် ကူညီပေးရန်၊ နားလည်တတ်ကျွမ်းမှုရှိသော အထောက်အကူပြု ဝန်ထမ်းများမရှိခြင်းသည် အဓိကအခက်အခဲကြီးဖြစ်သည်။

## ၄.၅။ စိန်ခေါ်မှုများနှင့် အကန့်အသတ်များ

### ၄.၅.၁။ နိုင်ငံရေးပါတီများ၏ ထောက်ပံ့မှုနှင့် အကန့်အသတ်များ

ယခုစစ်တမ်းသည် နိုင်ငံရေးပါတီ ၁၂ ပါတီနှင့် တပ်မတော်တို့ကိုအဓိကထား သုတေသနပြုလုပ်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံရေးပါတီများသည် ရွေးကောက်ပွဲဝင်ရန် ကနေဦးအမည်စာရင်းတင်သွင်းရာမှသည် မဲဆွယ်စည်းရုံးရေး ကာလတစ်လျှောက်လုံးတွင် အကူအညီပေးသည့် အဓိကအရင်းအမြစ်ဖြစ်သည်သာမက လွှတ်တော်ကိုယ်စားလှယ်များအဖြစ် တာဝန်ထမ်းဆောင်နေစဉ်အတွင်း မဲဆန္ဒရှင်များကို ထိတွေ့ ဆက်ဆံမှု၊ အရည်အသွေးမြင့်တင် ရေးသင်တန်းများတက်ရောက်နိုင်ရေးတို့အတွက် အကူအညီများပေးသည်။ ပြိုင်ဆိုင်ရွေးချယ်ခံသည့် နိုင်ငံရေးစနစ်အစပြုချိန်၊ အရပ်သားအစိုးရသို့ အသွင်းကူးပြောင်းစကာလ နှစ်အနည်းငယ်အတွင်း မရေရာမှုများလည်းကျယ်ကျယ်ပြန့်ပြန့်ရှိနေမည်ဖြစ်ကာ ကိုယ်စားလှယ်လောင်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များအတွက် အရင်းအမြစ်များကင်းမဲ့နေချိန်တွင် နိုင်ငံရေးပါတီများသည် လွှတ်တော်ကိုယ်စားလှယ်များအတွက် မရှိမဖြစ် အထောက်အပံ့ဖြစ်သည်။

[61] လွှတ်တော်ကိုယ်စားလှယ် ၄ ဦးမြောက်နှင့် တွေ့ဆုံမေးမြန်းမှု
[62] အမျိုးသမီးကိုယ်စားလှယ် ၄ ဦးမြောက်က မေးခွန်း ၁၄ ကိုဖြေကြားချက်


*ဇယား ၇ - အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များကိုယ်စားပြုသည့် နိုင်ငံရေးပါတီများ (၂၀၁၃ ခုနှစ်)*

| ပြည်ထောင်စု | ပြည်နယ်များနှင့် တိုင်းဒေသကြီးများ |
|---|---|
| ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ရှမ်းအမျိုးသားများဒီမိုကရက်တစ်ပါတီ | ရှမ်းအမျိုးသားများဒီမိုကရက်တစ်ပါတီ |
| အမျိုးသားဒီမိုကရက်တစ်အင်အားစု | အမျိုးသားဒီမိုကရေစီသစ်ပါတီ |
| ချင်းအမျိုးသားပါတီ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| ဖလုံ-ဆဝေါ် ဒီမိုကရက်တစ်ပါတီ | ဒီမိုကရက်တစ်ပါတီ (မြန်မာ) |
| မွန်ပြည်နယ်လုံးဆိုင်ရာ ဒီမိုကရေစီပါတီ | တစ်သီးပုဂ္ဂလ |
| ကချင်ပြည်နယ် ညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ | |
| ရခိုင်အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ | |

ကိုးကား - ၂၀၁၄ လွှတ်တော်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ (ဖန်တီးအိမ်နှင့် ကျားမတန်းတူညီမျှရေးကွန်ရက်၊ ၁၀ ဧပြီလ ၂၀၁၃ခုနှစ်)


တချိန်တည်းမှာပင် ဖြေဆိုသူများက ၎င်းတို့၏ ပါတီမူဝါဒများ သို့မဟုတ် ညွှန်ကြားချက်များက ၎င်းတို့ကို ချုပ်ချယ်ထားသကဲ့သို့ဖြစ်နေသည်ဟု ခံစားကြရပြီး ပါတီ၏ ဦးစားပေးမှု ဝါဒများနှင့်ယှဉ်လျှင် ၎င်းတို့၏ တစ်ဦးချင်းအမြင်များကို လက်ခံကြိုဆိုခြင်း မရှိသကဲ့သို့ အရေးပေးခံရမှုလည်း မရှိဟုဆိုသည်။

*ပုံ ၁၂ - သဘောတူ/သဘောမတူ - လွှတ်တော်ကိုယ်စားလှယ်များသည် ပထမဦးဆုံးနှင့် အဦးဆုံး တာဝန်ခံကြရသည်မှာ*




ဖြေကြားသူများအများစုက သူတို့၏ မဲဆန္ဒရှင်များ၏ အကျိုးစီးပွားကို ပထမဆုံးနှင့် ကနဦးတာဝန်ခံခဲ့မည်ဟု ပြောဆိုကြသည်။ အမှန်တကယ်ပင် ယခုစစ်တမ်းတွင်ပါဝင်သည့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်အားလုံး က လွှတ်တော်ကိုယ်စားလှယ်များသည် သူတို့၏ မဲဆန္ဒရှင်များကို ဦးစွာတာဝန်ခံရမည်ဟူသော အဆိုကို သဘောမတူမည့်သူမရှိပေ။ ၉၆% သော အမျိုးသမီးကိုယ်စားလှယ်များက ယင်းအဆိုကို အခိုင်အမာ ထောက်ခံခဲ့ကြ သည်။ ၁၁% က နိုင်ငံရေးပါတီများကို ဦးစွာတာဝန်ခံရမည်ဟူသော အဆိုကို အပြည့် အဝထောက်ခံကြသည်။ ၃၆% က မဲဆန္ဒနယ်ကို ကိုယ်စားပြုမှုသဘောနှင့် ၎င်းတို့ပါတီအပေါ် တာဝန်ကျေရန်အကြားတွင် လွန်ဆွဲနေရသည်ဟုဆိုသည်။ ၂၀% လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့၏ နိုင်ငံရေးပါတီများကို အရင်ဆုံးတာဝန်ခံရမည်ဆိုသည့် အဆိုကို လုံးဝသဘောမတူခဲ့ကြပေ။

*ပုံ ၁၃  - အောက်ဖော်ပြပါ အဆိုများကို မည်သည့်အတိုင်းအတာအထိ သဘောတူ/သဘောမတူ။*




**တွက်ချက်ချိန်တွင် အနုတ်အသိမ်းများ (rounding) ရှိသောကြောင့် အချို့သောရာခိုင်နှုန်းများမှာ ၁၀၀% အပြည့်ရေတွက်နိုင်ခြင်းမရှိပါ။*


လွှတ်တော်မှ အမျိုးသမီးများသည် အမျိုးသမီးများ၏အကျိုးစီးပွားရေးကို ကျယ်ကျယ်ပြန့်ပြန့်ကိုယ်စားပြုနိုင်ရန်မှာ တာဝန်ကြီးတစ်ရပ်ဖြစ်သည်ဟုခံယူထားပုံရသည်။ "အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် လူ့အဖွဲ့ အစည်းအတွင်းရှိ အမျိုးသမီးများ၏ အကျိုးစီးပွားနှင့် စပ်လျဉ်း၍ ပြောဆိုတင်ပြရန် တာဝန်ရှိသည်။" ဟူသော အဆိုကို ဖြေဆိုသူ ၉၁% က အပြည့်အဝထောက်ခံကာ ၂% ကမူ ထောက်ခံသည်ဟု ဆိုရုံသာဆိုကာ မည်သူမှ ယင်းအဆိုကို ကန့်ကွက်ခြင်းမရှိပေ။

မဲဆန္ဒနယ်အကျိုး၊ အမျိုးသမီးရေးရာကိစ္စများသည် ပါတီအကျိုးစီးပွားနှင့် ရံဖန်ရံခါတထပ်တည်းကျနေသည် များလည်းရှိနေကြောင်း အခြားမေးခွန်းများမှ သိရှိရသည်။ လွှတ်တော်ကိုယ်စား လှယ်များသည် ပါတီ၏ ပံ့ပိုးမှု မရှိလျှင်လည်း ၎င်းတို့တင်ပြဆွေးနွေးချင်သည့် အကြောင်းအရာများကို လွတ်လပ်စွာ တင်ပြဆွေးနွေးခွင့် ရှိသည်ဆိုသည့် အဆိုကို ဖြေကြားသူ ၇၁% က အပြည့်အဝထောက်ခံပြီး ၁၁ % က အနည်းငယ်သာထောက်ခံသည်ဟုဆိုသည်။ အမျိုးသမီးရေးရာကိစ္စနှင့်ပတ်သက်၍ ပါတီတွင်သီးခြားမူဝါဒများရှိမှသာလျှင် လွှတ်တော်ကိုယ်စားလှယ်များသည် ယင်း ကိစ္စများကို တင်ပြဆွေးနွေးနိုင်သည်ဆိုသည့်အဆိုကို ဖြေကြားသူ ထက်ဝက်နီးပါး (၄၉%) က အပြည့်အဝထောက်ခံခဲ့ကြသည်။ ထူးခြားချက်မှာ ယင်းအဆိုကို ဖြေကြားသူ ၂၉ % က သဘောမတူခဲ့ကြပါ။ ၂၃% ကမူ အဆိုအပေါ် မှတ်ချက်မပေးခဲ့ပါ (၇% က "သဘောမတူသလို ကန့်ကွက်ရန်လည်းမရှိ" ဟုဆိုပြီး၊ ၁၆ % က မည်သည့် မှတ်ချက်မှ မပေးခဲ့ပါ) ။

### ၄.၅.၂။ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအကြားပူးပေါင်းဆောင်ရွက်မှု


ပါတီချင်းတူသည့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအကြား ပူးပေါင်းဆောင်ရွက်မှုအများဆုံးဖြစ်ပေါ်ခဲ့သည်ကို တွေ့ရသည်။ ဖြေကြားသူအများစုသည် ဥပဒေပြုရေးအတွက် ဆွဲဆောင်စည်းရုံးရာတွင် ၎င်းတို့၏ ပါတီ များရှိ အမျိုးသမီးကိုယ်စားလှယ်များနှင့် မကြာခဏပူးပေါင်းဆောင်ရွက်မှုများရှိခဲ့သည်ဟုဆိုသည်။ ၅၁% က ၎င်းတို့ပါတီများရှိ အခြားသောအမျိုးသမီးကိုယ်စားလှယ်များနှင့် "အကြိမ်များစွာ" သို့မဟုတ် "အတိုင်းအတာ တစ်ခုထိ" အတူလက်တွဲအလုပ်လုပ်ခဲ့သည်ဟုဆိုသည်။ ၄၇ % က ၎င်းတို့ပါတီမှ အခြား အမျိုးသမီးများနှင့် ကော်မတီ သုတေသနလုပ်ငန်းများတွင် အတူတကွလက်တွဲအလုပ်လုပ်ခဲ့ သည်ဟုဆိုပြီး ၄၂ % က ဥပဒေရေးဆွဲရာတွင် အထောက်အကူဖြစ်မည့် သုတေသနလုပ်ငန်းများတွင် ပူးပေါင်း ဆောင်ရွက်မှုများ ရှိခဲ့သည်ဟုဆိုသည်။

*ပုံ ၁၄ - အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် အောက်ပါအကြောင်းအရာကိစ္စရပ်များနှင့်ပတ်သက်ပြီး ၎င်းတို့ပါတီတွင်းရှိ အခြားသော အမျိုးသမီးများနှင့် ပူးပေါင်းဆောင်ရွက်မှုအကြိမ်အရေအတွက်* [63]




**တွက်ချက်ချိန်တွင် အနှုတ်အသိမ်းများ (rounding) ရှိသောကြောင့် အချို့သောရာခိုင်နှုန်းများမှာ ၁၀၀% အပြည့်ရေတွက်နိုင်ခြင်းမရှိပါ။*

*ပုံ ၁၅ - အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် အောက်ပါအကြောင်းအရာကိစ္စရပ်များနှင့်ပတ်သက်ပြီး အခြားသောပါတီများမှ အမျိုးသမီးကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်မှုအကြိမ်အရေအတွက်* [64]




**တွက်ချက်ချိန်တွင် အနှုတ်အသိမ်းများ (rounding) ရှိသောကြောင့် အချို့သောရာခိုင်နှုန်းများမှာ ၁၀၀% အပြည့်ရေတွက်နိုင်ခြင်းမရှိပါ။*

ကော်မတီ၏ လုပ်ငန်းတာဝန်ပေးအပ်မှုသည် အခြားသောပါတီများမှ အမျိုးသမီးများနှင့် အလုပ်အတူတွဲလုပ်ရန် အခွင့်အလမ်းအစပင်ဖြစ်သည်။ ဖြေကြားသူထက်ဝက်နီးပါး(၄၉%)ကကော်မတီသုတေသနနှင့်အစီအရင်ခံစာရေးသားခြင်းတို့တွင်(၁၆%က"များစွာပူးပေါင်းဆောင်ရွက်သည်" ဟုဆိုပြီး ၃၃ % က "အတန်သင့်ပူးပေါင်းဆောင်ရွက်သည်") အခြားသောပါတီများမှ အမျိုးသမီးကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရ

[63] ဖြေကြားသူ ၄၅ ဦး
[64] ဖြေကြားသူ ၄၅ ဦး

သည်ဟုဆိုသည်။ ဥပဒေ ပြုစုခြင်း သို့မဟုတ် မီဒီယာများမှ အသိပညာပေးခြင်းတို့တွင် အမျိုးသမီးများသည် အခြားသောပါတီမှ အမျိုးသမီးများနှင့် အနည်းငယ်သာပူးပေါင်းဆောင်ရွက်ခဲ့သည်ဟုဆိုသည်။ လွှတ်တော်အတွင်း သို့မဟုတ် ပါတီတွင် တစ်ဦးတည်းသာရှိသော အမျိုးသမီးကိုယ်စားလှယ်အနေဖြင့် ၎င်းတို့၏ပါတီ သို့မဟုတ် အခြားပါတီမှ အမျိုးသမီးများနှင့် ပူးပေါင်းဆောင်ရွက်ရန် မဖြစ်နိုင်ဟု ဖြေကြားကြသည်။

၂၀၁၁ မှ ၂၀၁၆ ခုနှစ်များအတွင်း ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်တို့တွင် တာဝန်ထမ်းဆောင်ခဲ့သော အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် အနည်းငယ်သာရှိရာ ပါတီအချင်းချင်းပူးပေါင်းဆောင်ရွက်သည့် အတွေ့အကြုံများတွင် ကျားမကိစ္စညီမျှမှုမရှိဟု ဆုံးဖြတ်ရန်မလွယ်ပေ။ သို့သော်လည်း အမျိုးသမီးကိုယ်စားလှယ်များသည် အခြားသောပါတီများမှ အမျိုးသမီးများနှင့် ဆက်သွယ်ပြီး ပူးတွဲအလုပ်လုပ်နိုင်သည့် အခွင့်အလမ်းများ မြင့်မားလာခြင်းသည် ပညာရပ်ပိုင်းဆိုင်ရာပံ့ပိုးနိုင်သည့် ကွန်ရက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဘုံအကျိုးစီးပွားကို တိုးတက်ရရှိလာစေရန် စုစည်းဆောင်ရွက်ခြင်းများကို ဖြစ်ပေါ်စေသည်။ ဖြေကြားသူတစ်ဦးက "အမျိုးသမီးများဟာ အချင်းချင်းပူးပေါင်း ဆောင်ရွက်သင့်ပါတယ်။ သူတို့ဟာ ဆုံးဖြတ်ချက် ချမှတ်တဲ့ လုပ်ငန်းစဉ် တွေမှာပါဝင်သင့်ပါတယ်။ သူတို့လုပ်နိုင်တယ်ဆိုတာကိုလည်း စဉ်းစားမိဖို့လိုပါတယ်"[65] ဟုဆိုသည်။ မြန်မာနိုင်ငံတလွှားရှိ လွှတ်တော်များတွင် အမျိုးသမီးကိုယ်စားလှယ်ဦးရေ များပြားလာသည့်အလျောက် နိုင်ငံရေးပါတီများက ပါတီချင်းပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိလာခြင်းသည် လွှတ်တော်စနစ်ကြီး တစ်ခုလုံးအတွက်သာမက အမျိုးသမီးများ၏ နိုင်ငံရေးအာဏာတဖြည်းဖြည်းတိုးလာရန် ကြီးမားသောအကျိုးသက်ရောက်မှုများရှိလိမ့်မည်ဖြစ်သည်။

### ၄.၅.၃။ အရင်းအမြစ်နှင့် စွမ်းဆောင်ရည်လိုအပ်ချက်များ

လွှတ်တော်ကိုယ်စားလှယ်အများစုက ငွေကြေးဆိုင်ရာ အကန့်အသတ်များရှိနေခြင်းသည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအဖြစ် ၎င်းတို့၏ တာဝန်ဝတ္တရားများကို ထိထိရောက်ရောက်၊ စွမ်းဆောင်ရည်အပြည့် အားထည့်လျက် ထမ်းဆောင်နိုင်ရေးတွင် အကြီးမားဆုံးသော စိန်ခေါ်မှုများထဲကတစ်ခုဖြစ်သည်ဟုဆိုသည်။ ဖြေကြားသူ အားလုံးနီးပါးက လွှတ်တော်ကိုယ်စားလှယ်များ၏ ဘဏ္ဍာရေးဆိုင်ရာအမှီအခိုကင်းမှုမှာ အရေးကြီးသည်ဟုဆိုသည်။ တွေ့ဆုံမေးမြန်းမှုတွင် ဖြေကြားသူတစ်ဦးက "ဘဏ္ဍာရေးဆိုင်ရာအကန့်အသတ်တွေ ရှိနေရင် ကျွန်မဘာမှ မလုပ်နိုင်ဘူး။ အခြားသူတွေဆီက အထောက်အပံ့ရယူတယ်ဆိုတာကလည်း ယာယီပဲ ကောင်းပါတယ်။ ကျွန်မအနေနဲ့ ဘဏ္ဍာငွေကြေး တောင့်တင်းဖို့လိုပါတယ်"[66] ဟုဆိုသည်။ တစ်ချို့ကတော့ ၎င်းတို့ရရှိသည့် ကိုယ်စားလှယ်လစာမှာ ရုံးခန်းငှားရမ်းခ၊ မဲဆန္ဒနယ်များသို့ သွားလာရေးနှင့် မဲဆန္ဒနယ်များသို့ ထောက်ပံ့ခြင်းတို့အတွက် လောက်ငှခြင်းမရှိသောကြောင့် လစာချီးမြှင့်ငွေ တိုးမြှင့်သင့်ကြောင်းဆိုသည်။ ၂၀၁၅ ဧပြီတွင် လွှတ်တော်ကိုယ်စားလှယ်များ လစာကို တိုးမြင့်ပေးခဲ့သည်။

စစ်တမ်းအရ လွှတ်တော်ကိုယ်စားလှယ်အနည်းငယ်ကသာ သူတို့၏ကိုယ်ပိုင်ငွေဖြင့် ရုံးခန်းငှားရမ်းနိုင်ကြောင်း တွေ့ရှိရသည်။ လွှတ်တော်ကိုယ်စားလှယ်အများစုသည် ၎င်းတို့၏အိမ်များကို ရုံးခန်းအဖြစ် အသုံးပြုကြပြီး အချို့က ပါတီရုံးခန်းများကို မျှဝေကာရုံးထိုင်ကြသည်။ ၎င်းတို့အား မဲဆန္ဒနယ်များရှိ ပြည်သူများနှင့် မည်သည့်နေရာမှာ တွေ့လေ့ရှိသလဲလို့ မေးကြည့်သည့်အခါ ၎င်းတို့၏ အိမ်များတွင်လည်းကောင်း၊ လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်များတွင်လည်းကောင်း တွေ့ဆုံကြသည်ဟုဆိုသည်။ ဖြေကြားသူများက တာဝန်ဝတ္တရားများကို ကျေပွန်အောင်ထမ်းဆောင်နိုင်ရန် လုံခြုံစိတ်ချရသည့် ရုံးခန်းမျိုး ရရှိလိုသည်ဟုဆိုသည်။

လွှတ်တော်ကိုယ်စားလှယ်အချို့က မဲဆန္ဒနယ်များဆီသို့ သွားရောက်လည်ပတ်သည့် ခရီးစရိတ်သည် ထင်မှတ်ထားသည်ထက် ပိုမိုကုန်ကျသည်ဟုဆိုသည်။ မဲဆန္ဒနယ်၏ အချို့ဒေသများသည် ဝေးလံလွန်းပြီး အထူးသဖြင့် မိုးရာသီတွင် အမျိုးသမီးတစ်ဦးတည်း သွားလာရန် မလုံခြုံသည့်နေရာမျိုးဖြစ်သည်။ အခြားလူတစ်ဦးကိုပါ ခရီးစဉ်တွင် မဖြစ်မနေခေါ်ဆောင်သွားရမည်ဆိုပါက သူ့အတွက်ပါ သွားလာရေး၊ နေထိုင်ရေးနှင့် စားသောက်ရေး ကဲ့သို့သော ထပ်တိုးကုန်ကျစရိတ်များလည်း ရှိသည်ဟုဆိုသည်။ ထိုအဖြစ်မျိုးကို အမျိုးသမီးများကြုံရသည်။ ဖြေကြားသူတစ်ဦးက "ပိုက်ဆံကတော့အဓိကပဲလေ။ ကျွန်မရဲ့မဲဆန္ဒနယ်ကို သွားတဲ့အခါ ခရီးစာရိတ်နဲ့ စားသောက်စရိတ်အတွက် ငွေသုံးဖို့လိုအပ်တယ်လေ။ အဲ့ဒါမှလည်း တခြားလူတွေက ကျွန်မနဲ့လိုက်မှာပေါ့။ ရွာများများကို သွားလေ၊ ပိုက်ဆံပိုကုန်ကျလေပဲ"[67] ဟု ဆိုသည်။

ဖြေကြားသူများက လုပ်ငန်းကျွမ်းကျင်သည့် ရုံးဝန်ထမ်း သို့မဟုတ် သုတေသနလက်ထောက် မရှိခြင်းသည်လည်း အဓိက အခက်အခဲ နောက်တစ်ခုဖြစ်သည်။ မဲဆန္ဒနယ်များသို့ သွားရောက်ရာတွင်ကူညီရန်၊ သုတေသနပြုလုပ်ရာတွင်ကူညီရန်အတွက် ကွန်ပြူတာကျွမ်းကျင်စွာ အသုံးပြုတတ်သည့် ဝန်ထမ်းရှိခြင်း၏ အသုံးဝင်ပုံကို ထပ်တလဲလဲ ရည်ညွှန်းပြောဆိုကြသည်။ စစ်တမ်းတွင် ပါဝင်သည့် တွေ့ဆုံမေးမြန်းမှုအချို့ကိုကြည့်ခြင်းအားဖြင့် အမျိုးသမီးကိုယ်စားလှယ်အများစုသည် သုတေသနလုပ်ငန်းနှင့် ကွန်ပြူတာ အသုံးပြုမှုတို့တွင် ကျွမ်းကျင်မှု လုံလုံလောက်လောက် မရှိကြောင်းတွေ့ရသည်။ ပြည်ထောင်စုအဆင့်ရှိ အမျိုးသမီး ကိုယ်စားလှယ်အချို့က မှတ်တမ်းများကို မြန်မာဘာသာဖြင့် စာစီရန် သို့မဟုတ် မိတ္တူကူးခြင်းနှင့် အခြေခံသုတေသန လိုအပ်ချက်များအတွက် နိုင်ငံတကာအဖွဲ့အစည်းများတွင် အလုပ်လုပ်နေသည့် ပြည်တွင်းဝန်ထမ်းများ၏ အကူအညီများကို ရယူခဲ့ရသည်ဟုဆိုသည်။ သို့သော်လုံလောက်မှုရှိပုံတော့မရပါ။ အများစုက အရည်အသွေးပြည့်ဝသည့် ရုံးဝန်ထမ်းများဖြင့်သာ ၎င်းတို့ နေ့စဉ်ကြုံတွေ့နေရသည့် အခက်အခဲများကို ဖြေရှင်းပေးနိုင်လိမ့်မည်ဟုဆိုသည်။

[65] ဖြေကြားသူ ၄၅ ဦး


[66] အမျိုးသမီးကိုယ်စားလှယ် ပထမဦးဆုံးနှင့် တွေ့ဆုံမေးမြန်းမှု

[67] ဖြေကြားသူ ၄၅ ဦး

ဖြေကြားသူများ၏အဆိုအရ နိုင်ငံရေးပါတီများတွင် သုတေသနဌာနများရှိကြသော်လည်း ယင်းသုတေသနဌာနများ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်မှာ ပါတီတစ်ခုနှင့် တစ်ခုအကြား များစွာကွာခြားမှုရှိပြီး အများစုသည် ကိုယ်စားလှယ်တစ်ဦးချင်း၏ သုတေသနလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ရေးဆွဲဖွဲ့စည်းထားခြင်းမဟုတ် ဟု သိရသည်။

လွှတ်တော်ကိုယ်စားလှယ်များအဖြစ်တာဝန်ထမ်းဆောင်စဉ် ကြုံတွေ့ခဲ့ရသည့် အခက်အခဲကို မေးမြန်းရာတွင် ဖြေကြားသူများက လွှတ်တော်တွင်း အလွတ်သဘော ချိတ်ဆက်မှုများ၊ ရင်းနှီးဆက်နွယ်မှုများ မရှိခြင်း (၅၁ %) ၊ အလုပ်ကို ပံ့ပိုးပေးနိုင်သော သတင်းအချက်အလက်များ သို့မဟုတ် အရင်းအမြစ်များ မရှိခြင်း (၄၄%) နှင့် နိမ့်ချသော သို့မဟုတ် ရန်လိုသော မှတ်ချက်ပေးခြင်းများ ခံရခြင်း (၄၀% )တို့ ဖြစ်သည်ဟု ဆိုသည်။ ၃၈ % က မိသားစုဘဝနှင့် နိုင်ငံရေးတာဝန်များထမ်းဆောင်မှုကို သဟဇာတဖြစ်အောင် ဆောင်ရွက်ရသည်မှာ စိန်ခေါ်မှု တစ်ရပ်ဖြစ်သည်ဟု ဆိုသော်လည်း အမျိုးစုက (၃၆ %) ထိုသို့သော ပြဿနာမျိုး မရှိခဲ့ဟုဆိုသည်။

*ပုံ ၁၆ - လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအဖြစ် အောက်ဖော်ပြပါ အခက်အခဲများကိုရင်ဆိုင်ရဖူးပါသလား။*[68]





**တွက်ချက်ချိန်တွင် အနှုတ်အသိမ်းများ (rounding) ရှိသောကြောင့် အချို့သောရာခိုင်နှုန်းများမှာ ၁၀၀% အပြည့်ရေတွက်နိုင်ခြင်းမရှိပါ။*

### ၄.၅.၄။ ခွဲခြားဆက်ဆံမှု

အမျိုးသမီးကိုယ်စားလှယ်များအား ၎င်းတို့၏ နိုင်ငံရေးလုပ်ဆောင်စဉ်အတွင်း ကျားမကို အခြေပြုသော ခွဲခြားဆက်ဆံခံရမှု အတွေ့အကြုံနှင့် ပတ်သက်၍ တိုက်ရိုက်မေးမြန်းကြည့်သည့်အခါ ဖြေကြားသူ သုံးပုံတစ်ပုံ (၃၃ %) က ယင်းကဲ့သို့သော ခွဲခြားဆက်ဆံရမှုများနှင့် ကြုံတွေ့ခဲ့ရသည်ဟုဆိုခဲ့သည်။ ယင်းပမာဏသည် အနည်းငယ်သာရှိသည်ဟု ထင်မှတ်ရသော်လည်း အခြေအနေနှင့် နှိုင်းယှဉ်စဉ်းစားရန်လိုအပ်သည်။ ယေဘုယျအားဖြင့် မြန်မာနိုင်ငံသည် အမျိုးသမီးများအပေါ် လူ့အဖွဲ့အစည်းကိုယ်၌က မျက်နှာသာမပေးမှု အမြစ်တွယ်နေသည့် လူ့အဖွဲ့အစည်း တစ်ခုအဖြစ်ဆက်လက်ရှိနေပြီး အထူးသဖြင့် အမျိုးသမီးများခေါင်းဆောင်မှု နေရာရယူသည့် အခါတွင်ဖြစ်သည်။[69] ကိုယ်စားလှယ်များအား အသေးစိတ်တွေ့ဆုံ မေးမြန်းမှုများပြုလုပ်သည့်အခါ သုတေသနမေးခွန်းများ ရေးသားခဲ့စဉ်တုန်းက သုတေသီများ၏ ယူဆချက်နှင့် အမျိုးသမီး လွှတ်တော် ကိုယ်စားလှယ်များ နားလည်သည့် ခွဲခြားဆက်ဆံရသည့်အပြုအမူအမျိုးအစားတို့မှာ ကွဲပြားခြားနားမှုရှိသည်ကို ရှင်းရှင်းလင်းလင်း တွေ့မြင်လာရသည်။


---
[68] ဖြေကြားသူ ၄၅ ဦး
[69] The Gender Equality Network, 2015.

***ပုံ ၁၇ - နိုင်ငံရေးသက်တမ်းအတွင်း ကျားမအခြေပြု ခွဲခြားဆက်ဆံမှုများကို သင်ကြုံတွေ့ခဲ့ပါသလား။***[70]





နိုင်ငံရေးလုပ်သည့် သက်တမ်းအတွင်း ခွဲခြားဆက်ဆံခြင်းခံခဲ့ရသည်ဟု ဆိုကြသော အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များက ဝန်ကြီးဌာနများမှ ဝန်ထမ်းများကစ၍ ဒေသန္တရအာဏာပိုင်များအထိ အစိုးရဝန်ထမ်းများ၏ မလေးမစားဆက်ဆံခံရခြင်း သို့မဟုတ် နှုတ်အားဖြင့် စော်ကားခံရခြင်းမျိုးနှင့်ဆိုင်သော အဖြစ်အပျက်များကို ပြောပြကြသည်။ ၎င်းတို့နှင့် လုပ်ဖော်ကိုင်ဖက်အမျိုးသားများ ထိုသို့ ကြုံတွေ့ရမည် မဟုတ်ဟု ခံစားရသည်ဟု ဆိုသည်။ သူတို့၏ အမြင်များနှင့် အတွေ့အကြုံများကို လွှတ်တော်အတွင်း လုပ်ဖော်ကိုင်ဖက်များနှင့် ပါတီ ခေါင်းဆောင်များက တခါတရံတန်ဖိုးမထားခြင်း သို့မဟုတ် ဥပက္ခာပြုလေ့ရှိသည်ဟုဆိုသည်။

***ပုံ ၁၈ - မည်သူတွေက ခွဲခြားဆက်ဆံခဲ့ပါသလဲ။***




[70] ဖြေကြားသူ ၄၅ ဦး

***ပုံ ၁၉ - မည်သည့်အခြေအနေမျိုးတွင် ခွဲခြားဆက်ဆံခံခဲ့ရသလဲ။***




စာဖြင့်ဖြေဆိုရသော စစ်တမ်းတွင် ခွဲခြားဆက်ဆံခြင်းခံခဲ့ရခြင်းနှင့်ဆိုင်သော မှတ်ချက်မပေးကြသော လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့နှင့်ပြုလုပ်သည့် တွေ့ဆုံမေးမြန်းမှုများတွင်တော့ အမျိုးသားများနှင့်မတူသော ဆက်ဆံခြင်းများ ခံခဲ့ရဘူးဟုဆိုသည်။ ယင်းသည် ကျားမနှင့်ပတ်သက်သော စံများက မြန်မာနိုင်ငံရှိ အမျိုးသမီးနိုင်ငံရေးသမားများ၏ အမူအကျင့်အပေါ် နက်နက်ရှိုင်းရှိုင်း လွှမ်းမိုးနေမှုများကြောင့် အမျိုးသမီးများက သူတို့ကိုယ်တိုင် ခွဲခြားလိုက်မှုကို ပြုလုပ်နေသလိုဖြစ်ရသည်။ ပါတီအစည်းအဝေးပွဲများတွင်လည်းကောင်း၊ စားသောက်ဆိုင်များတွင် အမျိုးသားကိုယ်စားလှယ်များ၏ အလွတ်သဘောတွေ့ဆုံမှုများတွင်လည်းကောင်း အမျိုးသားလွှမ်းမိုးသည့် မူဝါဒရေးရာ စကားဝိုင်းများမှ ဖယ်ထုတ်ခံခဲ့ရခြင်းများကို ပြောဆိုခဲ့သည်။

အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ၎င်းတို့အနေဖြင့် အမျိုးသားလုပ်ဖော်ကိုင်ဖက်များနှင့် စားသောက်ဆိုင်များတွင် အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရန် မသင့်တော်ဟုဆိုသည်။ အခြားသူများက အိမ်မှုရေးရာနှင့် သားသမီးများကို ထိန်းသိမ်းစောင့်ရှောက်နေရခြင်းကြောင့် သွားရောက်တွေ့ဆုံဖို့ အချိန်မရှိဟုဆိုသည်။ ဖြေကြားသူတစ်ဦးကမူ "ရှိတယ်။ ခွဲခြားဆက်ဆံရမှုအချို့ရှိတယ်။ ကော်မတီအဖွဲ့ဝင်ဖြစ်တုန်းက ကျွန်မရဲ့ သဘောထားအမြင်များကို တင်ပြဖို့အခွင့်အရေးရလေ့မရှိဘူး။ ကော်မတီဥက္ကဌက ဝါစဉ်ကြီးတဲ့သူတွေကိုသာ မေးတာ။ သူတို့က ကျွန်မကို မေးတာမဟုတ်ဘူး။ ပြီးတော့ ကျွန်မဟာ သူတို့ရဲ့ အရေးကြီးပုဂ္ဂိုလ်စာရင်းမှာ မပါဘူးလေ။ အနည်းအကျဉ်း နှိမ်ချင်တဲ့သဘောလည်းရှိတယ်။ ကျွန်မက ဆွေးနွေးပွဲတွေမှာ ပါဝင်ချင်တဲ့ သူတစ်ယောက်ပါ။ ဒါပေမယ့် သူတို့က တခြားသူတွေကသာ မေးတာ။ ကျွန်မကိုမမေးဘူး။ စိတ်မကောင်းဖြစ်ရပါတယ်"[71] ဟုဆိုသည်။

အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက "လွှတ်တော်မှာ အမျိုးသမီးတွေကို ခွဲခြားဆက်ဆံတာမျိုးမရှိပါဘူး။ ဒါပေမယ့် လေ့လာရေး ခရီးစဉ်တွေမှာတော့ အမျိုးသားတွေပဲ လိုက်ရတာများတယ်။ အမျိုးသမီး လွှတ်တော်ကိုယ် စားလှယ်အနည်းငယ်သာပါဝင်ခွင့်ရခဲ့တာပါ"[72] ဟု ဖြည့်စွက်ပြောကြားသည်။ အမျိုးသမီးများက အမျိုးသားလုပ်ဖော်ကိုင်ဖက်များသည် လွှတ်တော်ခန်းမတွင်းနှင့် ပါတီအစည်းအဝေးတို့တွင် အပေါ်စီးဆန်သော စကားလုံးများ သုံးနှုန်းကာ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များကို နှုတ်ဆက်ကြသည်ဟုဆိုသည်။ အချို့သော အမျိုးသားများသည် အမျိုးသမီးများကို လေးစားသမှုဖြင့် ရာထူးတပ်ခေါ်ဆိုခြင်းထက် "ညီမလေး" ဟုသာ သုံးနှုန်းပြောဆိုကြသည်။ အမျိုးသမီး ကိုယ်စားလှယ်များက လွှတ်တော်အစည်းအဝေးကျင်းပနေစဉ်တွင် အမျိုးသမီးကိုယ်စားလှယ်များသည် အိမ်သာသွားရန်ကိုပင် လွတ်လွတ်လပ်လပ်လုပ်ဆောင်ခြင်းမရှိဟုဆိုသည်။ အမျိုးသားကိုယ်စားလှယ်များသည်ထိုင်နေစဉ် အမျိုးသမီးကိုယ်စားလှယ်များ၏ ထမိန်နှင့်ထိမိမည်ကို စိုးရိမ်သောကြောင့် ၎င်းတို့အား လေးစားသောအားဖြင့် မသွားခြင်းဖြစ်သည်။ သို့သော် အမျိုးသမီးကိုယ်စားလှယ်များသည် ယင်းအပြုအမူမျိုးကို မကောင်းသည့် အပြုအမူမျိုး မဟုတ်ဟု ခံယူထားသည်မှာ အရေးကြီးသော အချက်တစ်ခုပင်ဖြစ်သည်။ ဥပမာအားဖြင့် အမျိုးသမီးအချို့က သူတို့အား "ညီမလေး" ဟု ခေါ်ဝေါ်နှုတ်ဆက်ခြင်းသည် ခွဲခြားလိုခြင်းဆိုတာထက် ချစ်ခင်ကြင်နာသောအားဖြင့် သုံးနှုန်းကြခြင်းဖြစ်သည်ဟု ခံစားမိကြသည်ဟုဆိုသည်။

---
[71] အမျိုးသမီးကိုယ်စားလှယ် ၁၄ ဦးမြောက်နှင့် တွေ့ဆုံမေးမြန်းခြင်း
[72] အမျိုးသမီးကိုယ်စားလှယ် ၃၁ ဦးမြောက်နှင့် တွေ့ဆုံမေးမြန်းခြင်း


## အခန်း ၅။ အမျိုးသမီးများ နိုင်ငံရေးတွင်တိုးတက်ပါဝင်လာခြင်းအပေါ် ယူဆချက်များ

ပြည်သူ့သဘောထားစစ်တမ်းများနှင့် အသေးစိတ်ပြုလုပ်သည့် သုတေသနရလဒ်များက ပြည်သူများသည် အမျိုးသမီးများ ခေါင်းဆောင်မှုနေရာများကို ရယူခြင်းနှင့် အထူးသဖြင့် နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်မှုအပေါ် အပြည့်အဝ မျက်နှာသာမပေးကြောင်း တွေ့ရှိရသည်။ ဖြေကြားသူ ၈၂% က အခြားအမျိုးသမီးများ၏ ပံ့ပိုးမှုမရှိခြင်းသည် အမျိုးသမီးများ နိုင်ငံရေးလောကသို့ ဝင်ရောက်နိုင်ရန် အဓိကအတားအဆီးလိုဖြစ်ရသည်ဟုဆိုသည်။ ဖြေကြားသူ ၅၁% ကသာ အမျိုးသား မဲဆန္ဒရှင်ပြည်သူများ၏ ထောက်ခံမှုမရှိခြင်းသည် အဓိကအတားအဆီးဖြစ်သည်ဟုဆိုသည်။ ကျားမတန်းတူညီမျှရေးတွင် အမျိုးသားများ၏ထောက်ခံမှုနှင့် ထိတွေ့ဆက်ဆံမှု များလာခြင်းသည် နိုင်ငံရေးတွင် အမျိုးသမီးဦးရေပါဝင်မှုမြင့်မားလာရေးအတွက်အထိရောက်ဆုံးနည်းလမ်းဖြစ်သည်ဟုအမျိုးသမီးကိုယ်စားလှယ်များကဆိုသည်။ အမျိုးသမီးကိုယ်စားလှယ်များအား ၎င်းတို့အတွေ့အကြုံများအပေါ် လေ့လာသုံးသပ်မှုများ ပြုလုပ်စေသည့်အခါ ကိုယ့်ကိုကိုယ်ယုံကြည်မှု မရှိခြင်း၊ ပညာရေးနိမ့်ပါးခြင်းနှင့် ငွေကြေးအင်အားမတောင့်တင်းခြင်းတို့သည် အမျိုးသမီးနိုင်ငံရေးသမားများ ကြုံတွေ့ခဲ့ရသည့် အခက်အခဲများ အတားအဆီးများကြားတွင် အဓိကကျသည်ဟု ဆိုကြသည်။

ဒေါ်အောင်ဆန်းစုကြည်၏ ပါတီက ၂၀၁၅ ရွေးကောက်ပွဲတွင် သောင်ပြိုကမ်းပြိုအနိုင်ရရှိခဲ့ခြင်းသည် အမျိုးသမီးများကို ခေါင်းဆောင်နေရာမပေးလိုသည့် တောင်းဆိုချက်များ ကျယ်ကျယ်လောင်လောင် ထွက်လာစေခဲ့သော်လည်း ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံ၏သမိုင်းဝင်ခေါင်းဆောင်တစ်ဦးအဖြစ် ဆက်လက်ရှိနေဦးမည်ဖြစ်သည်။

ပြည်သူ့သဘောထားစစ်တမ်းနှင့် အသေးစိတ်သုတေသနရလဒ်များအရ ပြည်သူများသည် အမျိုးသမီးများကို ခေါင်းဆောင်မှုနေရာကိုရယူခြင်းနှင့် အထူးသဖြင့်နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်ခြင်းတို့အပေါ် မျက်နှာသာ မပေးလိုသည့်သဘောကို ရှင်းလင်းစွာဖော်ပြနေသည်။[73] ဒေါ်အောင်ဆန်းစုကြည် အာဏာရရှိလာခြင်းသည် အခြားအမျိုးသမီးခေါင်းဆောင်များပေါ်ထွန်းလာရန် လမ်းကြောင်းဖောက်ပေးသလို ဖြစ်ရသည်မှာ အထူးပြောရန် မလိုသည့်ကိစ္စဖြစ်သော်လည်း နက်နက်ရှိုင်းရှိုင်းအမြစ်တွယ်နေသည့် လူ့အဖွဲ့အစည်း၏ သဘောထားနှင့် အတိုက်အခံဖြစ်နေဦးမည်ဖြစ်သည်။

*ပုံ ၂၀ - အမျိုးသမီးများနှင့် အမျိုးသားများသည် အစိုးရတစ်ရပ်တွင် အခန်းကဏ္ဍတန်းတူရှိသင့်သည်။[74] သဘောတူသည်/သဘောမတူပါ*




စစ်တမ်းတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်အားလုံးနီးပါးက "အမျိုးသမီးနှင့် အမျိုးသားများသည် အစိုးရတစ်ရပ်တွင် အခန်းကဏ္ဍတန်းတူရှိသင့်သည်။" ဟူသောအဆိုကို သဘောတူကြသည်။ ၈၆% က အဆိုကို ထောက်ခံကာ ၄% သော အမျိုးသမီးများကမူ ထောက်ခံသည်သို့မဟုတ် မထောက်ခံပါ ဆိုသည်ကို ဖြေဆိုခြင်းမရှိဘဲ နောက်ထပ် ၉% က ဖြေဆိုရန် ငြင်းဆန်ခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ်များက အမျိုးသမီးမဲဆန္ဒရှင်များ၏ ပံ့ပိုးမှုမရှိခြင်းသည် အမျိုးသမီးများ နိုင်ငံရေးလောကသို့ ဝင်ရောက်နိုင်ရန်အတွက် အကြီးဆုံးအတားအဆီးကြီးဖြစ်သည်ဟုဖော်ပြကြသည်မှာ စိတ်ဝင်စားစရာပင်ဖြစ်သည်။ ၈၂% သော ဖြေကြားသူများက အခြားအမျိုးသမီးများ၏ ပံ့ပိုးမှုမရခြင်းသည် အမျိုးသမီးများ နိုင်ငံရေး လောကသို့ ဝင်ရောက်နိုင်ရန် အဓိကအဟန့်အတားလိုဖြစ်နေသည်ဟု ခံစားရသည်ဟု ဆိုကြပြီး ၅၁% က အမျိုးသားမဲဆန္ဒရှင်များ၏ ပံ့ပိုးမှုမရှိခြင်းသည်လည်း အဓိကကျသည့် အတားအဆီးဖြစ်သည်ဟုဆိုကြသည်။ နောက် ထပ် ၁၁% က အမျိုးသမီးများ၏ ထောက်ခံမှုမရှိခြင်းကြောင့် ဝင်ရောက်ရန် အနည်းငယ်အရေးပါသော အတားအဆီးဖြစ်ရသည်ဟု ဖြေဆိုခဲ့သည်။ အာရှဖောင်ဒေးရှင်း၏ "၂၀၁၄ နိုင်ငံသားများ၏အသိပညာနှင့်တန်ဖိုးထားမှုများ" စစ်တမ်းတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် ရာခိုင်နှုန်းတူတူ (၇၅%) အမျိုးသားများသည် အမျိုးသမီးများထက် ပိုကောင်းသော နိုင်ငံရေးခေါင်းဆောင်လုပ်နိုင်သည်ဟုယုံကြည်ကြသည်။ အမျိုးသမီးများ၏ ကျားမတန်းတူညီမျှမှုအပေါ် အတွင်းကျကျအရိုးစွဲနေသောအမြင်သည် အမျိုးသမီးများ နိုင်ငံရေးသမားအဖြစ်ကြိုးစားအားထုတ်ရာတွင် ကြီးစွာရိုက်ခတ်မှုရှိကြောင်းကို အမျိုးသမီးများမှ အမျိုးသမီးကိုယ်စားလှယ်များအားပံ့ပိုးမှုမရှိခြင်းက အထင်အရှားပြသနေသည်။

အမျိုးသမီးများ ကိုယ့်ကိုကိုယ် ယုံကြည်မှု မရှိခြင်းသည် နိုင်ငံရေးလောကသို့ ဝင်ရောက်ရန် အဓိကအတားအဆီးဖြစ်သည် (၈၀% "လုံးဝအရေးပါသည်" ၊ ၇% "အနည်းငယ်အရေးပါသည်") ဟု ဖြေကြားခဲ့သည်။ ပညာရေးနိမ့်ပါးခြင်း (၆၂% "လုံးဝအရေးပါသည်"၊ ၂၉% "အနည်းငယ်အရေးပါသည်") နှင့် ငွေကြေးအင်အားမတောင့်တင်းခြင်း (၆၂% "လုံးဝအရေးပါသည်"၊ ၂၄% "အနည်းငယ်အရေးပါသည်") တို့သည်လည်း အရေးပါသည့် အတားအဆီးများဖြစ်သည်ဟု သတ်မှတ်ခဲ့ကြသည်။

[73] The Asia Foundation, 2014; Asian Barometer Survey, 2015; Löfving, 2011.

[74] ဖြေဆိုသူ ၄၅ ဦး

*ဇယား ၈ - အမျိုးသမီးများနိုင်ငံရေးတွင် ပါဝင်နိုင်မှုကို တားဆီးနေသည့် ကိစ္စများ* [75]

| | လုံးဝ အရေး ပါသည်။ | အနည်းငယ် အရေး ပါသည်။ | သိပ် အရေး မပါပါ။ | လုံးဝ အရေး မပါပါ | မသိပါ။ | ဖြေကြားခြင်း မရှိပါ။ |
|---|---|---|---|---|---|---|
| အမျိုးသမီးမဲဆန္ဒရှင်များ၏ ပံ့ပိုးမှုမရရှိခြင်း | ၈၂ % | ၁၁% | ၂% | ၀% | ၀% | ၄% |
| ယုံကြည်မှုမရှိခြင်း | ၈၀% | ၇% | ၀% | ၀% | ၀% | ၁၃% |
| ပညာရေးနိမ့်ပါးခြင်း | ၆၂% | ၂၉% | ၂% | ၀% | ၀% | ၇% |
| ငွေရေးကြေးရေးအခက်အခဲ | ၆၂% | ၂၄% | ၄% | ၀% | ၂% | ၇% |
| မိသားစုမှပံ့ပိုးပေးခြင်းမရှိခြင်း (မိဘ၊အိမ်ထောင်ဖက်) | ၅၈% | ၃၁% | ၂% | ၂% | ၀% | ၇% |
| လူမှုအဖွဲ့အစည်းတွင် လွှမ်းမိုးနေသည့် အမျိုးသမီးများ၏ အခန်းကဏ္ဍအပေါ်ထားရှိသည့် ယဉ်ကျေးမှုဆိုင်ရာ သဘောထား | ၅၈% | ၂၀% | ၁၁% | ၂% | ၀% | ၉% |
| နိုင်ငံရေးပါတီများ၏ ပံ့ပိုးမှုမရှိခြင်း | ၅၃% | ၂၇% | ၉% | ၀% | ၄% | ၇% |
| အမျိုးသားမဲဆန္ဒရှင်များ၏ ပံ့ပိုးမှုမရှိခြင်း | ၅၁% | ၂၇% | ၇% | ၀% | ၀% | ၁၆% |
| ဟောပြောစည်းရုံးမှု၊ မဲဆန္ဒနယ်များနှင့် ဆက်ဆံရေးအစရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များနှင့်သက်ဆိုင်သည့် အတွေ့အကြုံမရှိခြင်း | ၄၀% | ၄၇% | ၇% | ၀% | ၀% | ၇% |
| နိုင်ငံရေးကို အန္တရာယ်များသော၊ မသန့်ရှင်းသော သို့မဟုတ် အဂတိလိုက်စားမှုအဖြစ် ရှုမြင်ခြင်း | ၂၉% | ၂၂% | ၁၆% | ၁၁% | ၂% | ၂၀% |
| အခြားသောဆွေမျိုးများ၏ ပံ့ပိုးမှုမရခြင်း | ၂၉% | ၂၇% | ၂၄% | ၂% | ၀% | ၁၈% |
| ဘာသာရေး | ၂၄% | ၃၈% | ၁၆% | ၁၁% | ၀% | ၁၁% |
| လုံခြုံရေးအရစိုးရိမ်မှု | ၂၀% | ၄၉% | ၁၁% | ၂% | ၂% | ၁၆% |
| အိမ်မှုကိစ္စတာဝန်ဝတ္တရားများ | ၁၈% | ၅၈% | ၁၃% | ၀% | ၀% | ၁၁% |


**တွက်ချက်ချိန်တွင် အနုတ်အသိမ်းများ (rounding) ရှိသောကြောင့် အချို့သောရာခိုင်နှုန်းများမှာ ၁၀၀% အပြည့်ရေတွက်နိုင်ခြင်းမရှိပါ။*

အမျိုးသမီးများ၏ အပြုအမူနှင့် တန်ဖိုးတို့နှင့်ပတ်သက်ပြီး မြန်မာလူ့အဖွဲ့အစည်းအတွင်း နက်နက်ရှိုင်းရှိုင်းအမြစ်တွယ်နေသော ကျားမနှင့် ဆိုင်သော စံများနှင့် တန်ဖိုးထားမှုများသည် ပြည်သူလူထုထံတွင် စွဲကပ်နေရုံမျှမက အမျိုး သမီးများတွင်လည်းရှိနေခြင်းသည် နိုင်ငံရေးလောကသို့ အမျိုးသမီးများ၏ ပါဝင်လိုသည့် စိတ်ဆန္ဒကို များစွာထိခိုက်စေပါသည်။ အမျိုးသမီးကိုယ်စားလှယ်များက မိမိတို့၏ အရည်အသွေးနှင့်ပတ်သက်၍ ကိုယ့်ကိုကိုယ် ယုံကြည်မှုမရှိခြင်းကို မကြာခဏပြောဆိုကြသော်လည်း ရရှိသည့်အချက်အလက်များကို စိစစ်သုံးသပ်ကြည့်သည့်အခါ ပြည်ထောင်စုအဆင့်သာမက ပြည်နယ်/တိုင်းဒေသကြီးအဆင့်ရှိ အမျိုးသမီးကိုယ်စားလှယ်များသည် အမျိုးသားကိုယ်စားလှယ်များထက် ပို၍ အရည်အချင်းပြည့်မီနေကြောင်း ရှင်းရှင်းလင်းလင်း တွေ့ရသည်။

အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏အတွေ့အကြုံများအပေါ် လေ့လာသုံးသပ်မှုများ ပြုလုပ်ကြည့်စေသည့်အခါ ယုံကြည်မှုမရှိခြင်း၊ ပညာရည်နိမ့်ပါးခြင်းနှင့် ငွေကြေးအင်အားမတောင့်တင်းခြင်းသည် အမျိုး သမီးနိုင်ငံရေးသမားများကြုံတွေ့ရသည့် အခက်အခဲအတားအဆီးဖြစ်သည်ဟုဆိုကြသည်။ အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့တွင်ရှိသော အရည်အချင်းအစစ်အမှန်ထက် နိမ့်ပါးလျက်ရှိနေသည်ဟု သူတို့ကိုယ်သူတို့ရှုမြင်ထားကြရာ ထိုသို့သော အမြင်ရှိနေသည့်အထဲတွင် အမျိုးသမီးများအပေါ် မလေးစားခြင်းနှင့် ယုံကြည်မှုမရှိခြင်းတို့က လူ့အဖွဲ့အစည်းအတွင်း ခေါင်းဆောင်မှုနေရာရယူထားသော အမျိုးသမီးများကို ပိုမိုဖိအားဖြစ်စေသည်။

[75] ဖြေဆိုသူ ၄၅ ဦး

*ပုံ ၂၁ - နိုင်ငံရေးတွင် အမျိုးသမီးဦးရေတိုးတက်စေရန် ရည်ရွယ်သည့် အမျိုးမျိုးသော လုပ်ဆောင်မှုများ၏ ထိရောက်မှု*[76]




စစ်တမ်းသည် အမျိုးသမီးမဲဆန္ဒရှင်များက နိုင်ငံရေးနယ်ပယ်သို့ အမျိုးသမီးများဝင်ရောက်မှုတွင် စိန်ခေါ်မှုကြီး ဖြစ်သည်ဟူသော အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ဖော်ထုတ်ထားမှုကို ကျယ်ကျယ်ပြန့်ပြန့်လေ့လာ မှုများ မပြုလုပ်နိုင်ခဲ့သော်လည်း ကျားမတန်းတူညီမျှရေးအပေါ် အမျိုးသားများ၏ ထောက်ခံမှုတိုးမြင့်လာခြင်းသည် နိုင်ငံရေးလောကသို့ ဝင်ရောက်မည့် အမျိုးသမီးဦးရေမြင့်မားလာရေးအတွက် အထိရောက်ဆုံးနည်းလမ်း တစ်ခုဖြစ်သည်ဟု ဖြေဆိုသူ ၇၁% က ရှုမြင်ကြသည်။ ယင်းနောက် သဘောထားတစ်ခုမှာ အမျိုးသမီးများနိုင်ငံ ရေးတွင် ပါဝင်လာမှုကိုမြှင့်တင်ရန် နိုင်ငံရေးပါတီများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး (၆၇%) လိုသည်ဟူ၍ ဖြစ်သည်။ ယင်းမှာ လွှတ်တော်ကိုယ်စားလှယ်များ၏ နိုင်ငံရေးဘဝတွင် နိုင်ငံရေး ပါတီများ၏ အခန်းကဏ္ဍသည် အဓိကအခန်းမှ ပါဝင်နေသည်ကို သိသာစေသည်။

လွှတ်တော်ကိုယ်စားလှယ်များသည် မဲဆန္ဒရှင်ပြည်သူများအကြား အသိပညာမြှင့်တင်ရေးလှုပ်ရှားမှုများ စွမ်းဆောင်ရည်ရှိရေးအပေါ် စိတ်အားထက်သန်မှုအနည်းငယ်သာရှိသော်လည်း ထိရောက်မှုရှိသည်ကိုတော့ အတော်များများက (၅၈%) ထောက်ခံကြသည်။ (၅၁%) ကတော့ နိုင်ငံရေးရာထူးတွင် အမျိုးသမီးဦးရေကို အချိုးအစားသတ်မှတ်ပေးသည့် ပုံစံကို မကြာခဏဆွေးနွေးကြသည်။ အမျိုးသမီးများ သာပါဝင်သည့် နိုင်ငံရေးပါတီတစ်ခုကို ဖွဲ့စည်းခြင်း သည် နိုင်ငံရေးတွင် အမျိုးသမီးများ၏ပါဝင်မှုကို မြှင့်တင်ရာတွင် ထိရောက်မှုရှိနိုင်သည်ဆိုသည့် အချက်ကိုမူ ယုံကြည်မှုသိပ်မရှိပေ။ ယင်းကို အမျိုးသမီး ၁၁% ကသာ အလွန်ထိရောက်သည်ဟုဆိုကြပြီး ၂၉% ကမူ အသင့်အတင့် ထိရောက်သည်ဟု ယုံကြည်ကြသည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလက မွန်ပြည်နယ်တွင် ဖွဲ့စည်းခဲ့သည့် အမျိုးသမီးပါတီသည် ယခုခေတ်၌ မြန်မာနိုင်ငံတွင် ပထမဦးဆုံးသော အမျိုးသမီးများသာပါဝင်သည့် ပါတီဖြစ်သည်။ အမျိုးသမီးပါတီသည် မွန်ပြည်နယ်တွင် ပြည်ထောင်စုအဆင့် လွှတ်တော်အတွက်ကိုယ်စားလှယ်လေးဦးကိုသာအမည်စာရင်းတင်သွင်းနိုင်ခဲ့ပြီးတစ်ဦးမှရွေးချယ်ခြင်းမခံခဲ့ရပါ။မွန်ပြည်နယ်သည်ပြည်ထောင်စုအဆင့်နှင့် ဒေသဆိုင်ရာအဆင့် လွှတ်တော်နှစ်ခုစလုံးတွင် ရွေးကောက်ခံအမျိုးသမီးဦးရေအချိုးအစားကို သိသိသာသာတိုးလာသည်ကို တွေ့မြင်ရသည်။[77]

[76] ဖြေဆိုသူ ၄၅ ဦး

[77] ၂၀၁၁-၂၀၁၆ လွှတ်တော်သက်တမ်းတွင် မွန်ပြည်နယ်သည် အမျိုးသားလွှတ်တော်၌ အမျိုးသမီးကိုယ်စားလှယ်တစ်ဦး၊ ပြည်သူ့လွှတ်တော်၌ သုံးဦးရှိခဲ့ပြီး ပြည်နယ်လွှတ်တော်တွင်တော့ တစ်ဦးမှ မရှိပါ။ ၂၀၁၅ နိုဝင်ဘာတွင် အမျိုးသားလွှတ်တော်၌ အမျိုးသမီးကိုယ်စားလှယ် သုံးဦး၊ ပြည်သူ့လွှတ်တော်၌ သုံးဦးနှင့် မွန်ပြည်နယ်လွှတ်တော်တွင် ၅ ဦးရွေးချယ်ခံခဲ့ရသည်။ ထူးခြားချက်မှာ ဖေဖော်ဝါရီလ ၁၆ရက် တွင် မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအဖြစ် အမျိုးသမီးကိုယ်စားလှယ်ကို ရွေးချယ်ခဲ့သည်။

**လက်တွေ့မြေပြင်အခြေအနေ - အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ၎င်းတို့၏မဲဆန္ဒနယ်များ**

အမျိုးသမီးကိုယ်စားလှယ်အများစုသည် ၎င်းတို့၏ လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများအပေါ် အနည်းငယ်သာ နားလည်သဘောပေါက်လျက်ရွေး ကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ ဖြစ်လာခဲ့ကြသော်လည်း ၎င်းတို့သည် တက်ကြွကြပြီး မဲဆန္ဒရှင်များ၏ သီးခြားလိုအပ်ချက်များကို ဖြည့်ဆီးနိုင်ရန် ထိရောက်သည့် မဟာဗျူဟာများချမှတ်အကောင် အထည်ဖော်ခဲ့ကြသည်။ အောက်တွင် အမျိုးသမီးကိုယ်စားလှယ်များက သုတေသနအဖွဲ့အား ဝေမျှခဲ့သည် ၎င်းတို့၏ လက်တွေ့ လုပ်ဆောင်ခြင်းမှ ရရှိသော ကိစ္စရပ်အချို့ကိုတင်ပြလိုပါသည်။

"ရွာသူ၊ ရွာသားတွေဟာ ရေပိုက်တွေမဝယ်နိုင်ကြဘူး။ ကျွန်မက ရေအရင်းအမြစ်များရှိရာနေရာများကို စစ်ဆေးကြည့်တော့ ရေရှိတာကို တွေ့ခဲ့ရပါတယ်။ ဒါပေမယ့် အဲ့နေရာက ရွာနဲ့အလှမ်းဝေးနေတယ်။ ကျွန်မအနေနဲ့ အစိုးရက ကျေးရွာ အားလုံးအတွက် ထောက်ပံ့ပေးတဲ့ ဖွံ့ဖြိုးရေးရန်ပုံငွေများနဲ့ မဲဆန္ဒနယ်မှာ လိုအပ်နေတဲ့ ပိုက်တွေကို ဝယ်ခဲ့တယ်။ အခုတော့ ကျေးရွာ ၁၅ ရွာဟာ သန့်ရှင်းတဲ့ရေကို ရယူသုံးစွဲနိုင်နေပြီ။ ဘယ်လောက်သန့်ရှင်းသလဲဆိုရင် ကျွန်မအခုသုံးစွဲနေတဲ့ ရေထက်ကို ပိုသန့်ရှင်းပါတယ်။ အခုသူတို့ရေရရှိတာကို မြင်ရတဲ့အတွက် ကျွန်မအရမ်းကို ဝမ်းသာမိတယ်"[78]

"မန္တလေးမြို့ကို မီးဘေးအန္တရာယ်က ကာကွယ်ဖို့ လုပ်ပေးနိုင်ခဲ့လို့ ကျွန်မဝမ်းသာတယ်။ အဲ့အချိန်တုန်းက ၂၆ လမ်းမှာ လောင်စာဆီ ဆိုင်ဖွင့်ဖို့ လုပ်နေကြတာပါ။ အဲ့ဒီအနီးအနားမှာ သိုလှောင်ရုံတွေအများကြီးရှိတဲ့အတွက် အန္တရာယ်ရှိပါတယ်။ အစိုးရမဟုတ်တဲ့ အဖွဲ့ အစည်းများနဲ့ ဒေသခံပြည်သူတွေဟာ လမ်းပေါ်ထွက်ဆန္ဒပြဖို့ အဆင့်သင့်ဖြစ်နေတယ်။ သူတို့ဟာ လောင်စာဆီဆိုင်ကို ဆန့်ကျင် ကြောင်း ဆန္ဒပြကြမှာပါ။ သူတို့က ကျွန်မဆီလာပြီး အဲ့အကြောင်းပြောပြခဲ့တယ်။ ကျွန်မက ဆန္ဒပြမှုမလုပ်သေးဘဲ ခေတ္တဆိုင်းငံ့ထားဖို့ တောင်းဆိုခဲ့ပြီး လွှတ်တော်ကို ဒီကိစ္စတင်ပြခဲ့တယ်။ အဲ့ဒီလောင်စာ ဆီဆိုင်စီမံကိန်း ရပ်တန့်သွားခဲ့ပြီး ပြဿနာလည်းရှင်းသွားပါတယ်။ ဘယ်သူမှ ထိန်းသိမ်းမခံရသလို ဆန္ဒပြမှုလည်း မဖြစ် ခဲ့ဘူး။ ကျွန်မဒီအတွက် အရမ်းဝမ်းသာမိတယ်။"[79]

"ရခိုင်မှာ ဘာသာရေးလူမှုရေးပြဿနာပေါ်ပေါက်ခဲ့တယ်။ အဲ့ဒီမှာရှိတဲ့ ဗလီကို ဖျက်စီးဖို့ ကြိုးစားမယ့်အကြောင်းရေးထားတဲ့စာကို ကျွန်မလက်ခံရရှိပါတယ်။ မူဆလင်လူဦးရေများစွာနေထိုင်တဲ့ ကျွန်မရဲ့ မဲဆန္ဒနယ်အတွက် မကောင်းတာတွေ ဖြစ်တော့မယ်ဆိုတာ ချက်ခြင်းကို သိလိုက်တယ်။ ရပ်ကွက်အဆင့် NLD ပါတီဝင်တွေဆီကို ကျွန်မဆက်သွယ်ပြီးတော့ ဗုဒ္ဓဘာသာတစ်ဝက်၊ မူဆလင် တစ်ဝက်ပါဝင်တဲ့ ပဋိပက္ခဖြေရှင်းရေးအဖွဲ့ကို ဖွဲ့စည်းဖို့ ဆွေးနွေးပွဲတစ်ခုကို လုပ်လိုက် တယ်။ အဖွဲ့ဖွဲ့ပြီးတဲ့နောက်မှာတော့ ကျွန်မက ဆရာတော်များနဲ့ မူဆလင်ဘာသာရေးခေါင်းဆောင်များကို သွားတွေ့ခဲ့ပြီး လိုအပ်ရင် အခြေအနေကို တည်ငြိမ်အောင် ထိန်းသိမ်းပေးဖို့ တောင်းဆိုခဲ့တယ်။ လူတွေကို ဖြစ်နိုင်ရင်အပြင်မထွက်ကြဖို့ သတိပေးခဲ့ပြီး ကျွန်မကိုဆက်နိုင်တဲ့ ဖုန်းနံပါတ်လည်းပေးခဲ့ပါတယ်။ ကျွန်မ အဖွဲ့နဲ့ ကျွန်မတို့ဟာ တာဝန်တွေကို နေ့ညမရွေး ထမ်းဆောင်ခဲ့တာပါ။ အဲ့ဒီလို လုံခြုံရေးကြိုတင်သတိပေးမှုများဆောင်ရွက်ခဲ့တဲ့ အတွက် ဘယ်သူမှ ဆန္ဒထွက်မပြခဲ့ကြသလို မတည်ငြိမ်မှုလည်းမဖြစ်ခဲ့ဘူး။ ကျွန်မ ဒီကိစ္စအောင်မြင်တယ်လို့ မြင်မိတယ်။"[80]

"ကျွန်မတို့မှာ ကားများကိုသာ ဖြတ်သန်းခွင့်ပြုတဲ့ သံလွင်မြစ်ကို ဖြတ်ကျော်ပြီးတည်ဆောက်ထားတဲ့ အတ္ထရံတံတားရှိတယ်။ မော်တော် ဆိုင်ကယ်များကလည်း တံတားကိုအသုံးပြုတဲ့အတွက် ယာဉ်တိုက်မှုများစွာ ဖြစ်ပေါ်ခဲ့တယ်။ ဒီပြဿနာနဲ့ပတ်သက်ပြီး ကျွန်မကို ဖုန်းဖြင့် တိုင်ကြားတဲ့သူတွေရှိသလို စာဖြင့်တိုင်ကြားသူတွေလည်းရှိတယ်။ ကျွန်မက တံတားကို တာဝန်ယူထားတဲ့ ပြည်နယ် ဆောက် လုပ်ရေးဝန်ကြီးဌာနက အရာရှိကို စာရေးအကြောင်းကြားခဲ့တယ်။ ကားနဲ့ မော်တော်ဆိုင်ကယ်နှစ်ခုစလုံး အသုံးပြုနိုင်ရန် ဆောက်လုပ် ရေးဝန်ကြီးဌာနအနေနဲ့ တံတားကို ပြုပြင်ပေးနိုင်မလားလို့ မေးကြည့်ခဲ့တယ်။ နှစ်လအကြာပြုပြင်ခဲ့ရတယ်။ အခုတော့ ဆောင်ရွက်ပြီးစီး ခဲ့ပါပြီ။"[81]

"ဧရာဝတီမြစ်အတွင်း တရားမဝင် ရွှေတူးဖော်တဲ့အတွက် မြစ်ကမ်းပါးများပြိုကြခဲ့ပြီး ရှမ်းတိုင်းရင်းသားပြည်သူများနေတဲ့ ရွာများ ဖယ်ရှားပေးခဲ့ရပါတယ်။ ၂၀၁၁ တုန်းက အဲ့ဒီရွှေတူးဖော်မှုကို ရပ်အောင် ကျွန်မ တွန်းအားပေးခဲ့တယ်။ အဲ့ဒီကိစ္စ အောင်မြင်ခဲ့တယ်။"[82]

"တပ်မတော်က ကျွန်မမဲဆန္ဒနယ်က မြေတွေကို သိမ်းယူခဲ့တယ်။ မြေသိမ်းခံရတဲ့စာရင်းမှာ မပါဝင်ခဲ့ပေမယ့်လည်း မြေပိုင်ရှင်များကို မြေဧက ၇၀၀ ပြန်ရရှိအောင် ကျွန်မကူညီခဲ့တယ်။ ပြည်သူတွေရဲ့ အခက်အခဲများကို ကျွန်မကူညီဖြေရှင်း ပေးခဲ့တယ်။"[83]

[78] လွှတ်တော်ကိုယ်စားလှယ် ၄ ဦးမြောက်နှင့် တွေ့ဆုံမေးမြန်းခြင်း
[79] လွှတ်တော်ကိုယ်စားလှယ် ၂၀ ဦးမြောက်နှင့် တွေ့ဆုံမေးမြန်းခြင်း
[80] လွှတ်တော်ကိုယ်စားလှယ် ၃၅ ဦးမြောက်နှင့် တွေ့ဆုံမေးမြန်းခြင်း
[81] လွှတ်တော်ကိုယ်စားလှယ် ၃၀ ဦးမြောက်နှင့် တွေ့ဆုံမေးမြန်းခြင်း
[82] လွှတ်တော်ကိုယ်စားလှယ်၂၂ ဦးမြောက်က မေးခွန်း ၂၉ အားဖြေကြားချက်
[83] လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦးမြောက်က မေးခွန်း ၂၉ အားဖြေကြားချက်

# အခန်း ၆။ မြန်မာနိုင်ငံ၏ လွှတ်တော်များတွင် အမျိုးသမီးများ၏ အနာဂတ်

*၂၀၁၅ အထွေထွေရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရွေးကောက်ခံခဲ့ကြသည့် အမျိုးသမီးကိုယ်စားလှယ်လောင်းဦးရေ တိုးတက်လာခဲ့သကဲ့သို့ ရွေးကောက်ခံခဲ့ရသည့် အမျိုးသမီးကိုယ်စားလှယ်ဦးရေလည်း ရုတ်တရက်မြင့်တက်လာခဲ့သည်။ အမျိုးသမီးများ၏ ကိုယ်စားပြုမှုသည် NLD ပါတီမှ အမျိုးသမီးအများစုနှင့်အတူ နိုင်ငံရေးပါတီအချို့နှင့် စုစည်းခိုင်မာစေခဲ့သည်။ ယခုလေ့လာချက်တွင် အမျိုးသမီးကိုယ်စားလှယ်များ တသမတ်တည်းပြောကြားခဲ့သည့် အရေးကြီးဆုံးသော အကြံပြုချက်များမှာ ကြိုတင်ပြင်ဆင်ရန်၊ ဖွဲ့ရှိရန်၊ လေ့လာသင်ယူရန်နှင့် အခြားသူများနှင့် လက်တွဲအလုပ်လုပ်ဖို့အပြင် ယုံကြည်မှု တည်ဆောက်ရန်တို့ဖြစ်ပါသည်။ တစ်ဦးအပေါ် ယုံကြည်မှု တည်ဆောက်ရန် အစီအစဉ်ကျကျ နည်းလမ်းများကို ရှာဖွေခြင်းသည် မြန်မာနိုင်ငံ၏အုပ်ချုပ်ရေးကဏ္ဍရှိ အမျိုးသမီးများ၏ အနာဂတ်အတွက် အဓိကကျသောအရာ ဖြစ်လာနိုင်ပါသည်။*

## ၆.၁။ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်ရေးအကြောင်းများ၊ ၂၀၁၆-၂၀၂၁

၂၀၁၅ အထွေထွေရွေးကောက်ပွဲများသည် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးခေတ်သစ်ကာလကို ပုံဖော်မည့် လက္ခဏာပင်ဖြစ်သည်။ ပြည်သူများ၏ ဆန္ဒဖြင့် ရွေးကောက်ခံခဲ့ရသည့် လွှတ်တော်ကိုယ်စားလှယ်များသည် မျှော်လင့်ချက်များကို ထမ်းပိုးကာ တာဝန်များကို စတင်တာဝန်ထမ်းဆောင်တော့မည်ဖြစ်သည်။ ၂၀၁၅ အထွေထွေရွေး ကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရွေးကောက်ခံခဲ့သည့် အမျိုးသမီး ကိုယ်စားလှယ်လောင်းဦးရေ တိုးတက်လာသကဲ့သို့ ရွေးကောက်ခံရသည့် အမျိုးသမီးကိုယ်စားလှယ်ဦးရေလည်း ရုတ်တရက်မြင့်မားခဲ့သည်။ ၂၀၁၅ ရွေးကောက်ပွဲ များအတွက် မြန်မာနိုင်ငံပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်သည့် ကိုယ်စားလှယ်လောင်းများ၏ သတင်းအချက်အလက်များသည် ၂၀၁၆-၂၀၂၁ လွှတ်တော်သက်တမ်းတွင်း တာဝန်ထမ်းဆောင်မည့် အမျိုးသမီးကိုယ်စားလှယ်များ၏ကိုယ်ရေးအချက်အလက်အသေးစိတ်ကို လေ့လာနိုင်ခဲ့ပြီး လွှတ်တော်ပထမသက်တမ်းနှင့် ဒုတိယသက်တမ်းအကြားရှိ အမျိုးသမီးကိုယ်စားလှယ်မျိုးဆက်နှစ်ဆက်ကို လည်းနှိုင်းယှဉ်လာနိုင်ခဲ့သည်။

***၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းဦးရေ များပြားလာသည့်အပြင် ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် လွှတ်တော်များအတွက် ရွေးကောက်ခံရသည့် အမျိုးသမီးကိုယ်စားလှယ်ဦးရေမှာလည်း မြင့်မားလာခဲ့သည်။*** ပြည်ထောင်စုအဆင့် လွှတ်တော်တွင် အမျိုးသမီးကိုယ်စားလှယ် ၁၃.၅% ရွေးကောက်ခံခဲ့ရပြီး ပြည်နယ်/တိုင်းဒေသကြီးအဆင့်လွှတ်တော်များတွင် ၁၃% ရွေးကောက် ခံခဲ့ရသည်။ မြန်မာနိုင်ငံတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ စုစုပေါင်းလူဦးရေ၏ ၀.၁% ရှိသော တိုင်းရင်းသားအုပ်စုများကို ကိုယ်စားပြုရန် "တိုင်းရင်းသားရေးရာဝန်ကြီးများ" လည်းရှိသည်။ ၂၀၁၅ ရွေးကောက်ပွဲများ တွင် တိုင်းရင်းသားရေးရာ ဝန်ကြီး ၂၉ ဦးရွေးကောက်ခံရပြီး ယင်းနေရာများအတွက် ဝင်ရောက်အရွေးခံခဲ့သည့် ကိုယ်စားလှယ်လောင်း ၁၁% မှာ အမျိုးသမီးများဖြစ်သည်။

၂၀၁၆ မစတင်ကာ ပြည်ထောင်စုလွှတ်တော်၌ အမျိုးသမီးကိုယ်စားလှယ် ၆၇ ယောက်ရှိခဲ့ပြီး ယင်းပမာဏသည် ပထမအကြိမ် လွှတ်တော်သက်တမ်းအတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော အမျိုးသမီးကိုယ်စားလှယ်အရေအတွက်ထက် နှစ်ဆကျော်ရှိသည်ကို တွေ့ရှိရသည်။ ပြည်ထောင်စုလွှတ်တော်တွင် ရွေးကောက်ခံကိုယ်စားလှယ် ၁၃% မှာ အမျိုးသမီးများဖြစ်ကြပြီး ပြည်သူ့လွှတ်တော်တွင် ၂၃ ဦးနှင့် အမျိုးသားလွှတ်တော်တွင် ၄၄ ဦး ရှိသည်။ တပ်မတော်က ပြည်ထောင်စုလွှတ်တော်သို့ ခန့်အပ်သော တပ်မတော်သားကိုယ်စားလှယ် အမျိုးသမီးအရာရှိ နှစ်ဦးသာရှိခဲ့ပြီး ၂၀၁၄ ခုနှစ် မှ ၂၀၁၅ ခုနှစ် အထိ ပြည်သူ့လွှတ်တော်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည်။

၂၀၁၀ ခုနှစ် နှင့် ၂၀၁၂ ခုနှစ် တို့တွင် လွှတ်တော်များသို့ ရောက်ရှိလာသည့် ရွေးကောက်ခံအမျိုးသမီးကိုယ်စားလှယ် ၅၅ ဦး ရှိသည့်အနက် ၄၀ ဦးမှာ ၂၀၁၅ တွင် ကိုယ်စားလှယ်လောင်းများအဖြစ် ပြန်လည်ဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ယင်းတို့ ထဲမှ ၁၂ ဦးသာ ပြန်လည်ရွေးချယ်ခံခဲ့ရသည်။ အလွန်မြင့်မားသည့် ပြောင်းလဲမှုနှုန်းဖြစ်သည်။

*ဇယား ၉  - ၂၀၁၆ ခုနှစ် လွှတ်တော်ကိုယ်စားလှယ်များ၊ ကျား/မ အလိုက်*

| | ရွေးကောက်ခံရသော လွှတ်တော် ကိုယ်စားလှယ်များ | | တပ်မတော်က ခန့်အပ်သော လွှတ်တော်ကိုယ် စားလှယ်များ | | ရွေးကောက်ခံရ သော အမျိုးသမီး လွှတ်တော် ကိုယ်စားလှယ် ရာခိုင်နှုန်း | ကိုယ်စားလှယ် အားလုံးအနက် အမျိုးသမီး ကိုယ်စားလှယ် အရေအတွက် |
|---|---|---|---|---|---|---|
| | အမျိုုသား | အမျိုးသမီး | အမျိုးသား | အမျိုးသမီး | | |
| ပြည်ထောင်စုလွှတ်တော် | ၄၂၄ | ၆၇ | ၁၆၄ | ၂ | ၁၃.၇% | ၁၀.၅% |
| အမျိုးသားလွှတ်တော် | ၁၄၅ | ၂၃ | ၅၆ | ၀ | ၁၃.၇% | ၁၀.၃% |
| ပြည်သူလွှတ်တော် | ၂၇၉ | ၄၄ | ၁၀၈ | ၂ | ၁၃.၆% | ၁၀.၆% |
| တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် | ၅၅၁ | ၇၉ | ၂၁၉ | ၂ | ၁၂.၅% | ၉.၅% |
| တိုင်းရင်းသားရေးရာဝန်ကြီး | ၂၄ | ၅ | - | - | ၁၇.၂% | - |

ကိုးကား  - မြန်မာနိုင်ငံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင် ရွေးကောက်ခံကိုယ်စားလှယ် ၇၉ ဦး (၁၂.၅% ) နှင့် တိုင်းရင်းသားရေးရာဝန်ကြီး ၂၉ ဦးရှိသည့်အနက် ငါးဦး (၁၇.၂% ) မှာ အမျိုးသမီးများဖြစ်ကြသည်။[84] ယင်းအမျိုးသမီးကိုယ်စား လှယ်ဦးရေမှာ ပထမအကြိမ်လွှတ်တော်သက်တမ်းထက်ပိုများသည်။ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရှိ အမျိုး သမီးကိုယ်စားလှယ်ဦးရေမှာ ယခင် ၆ ဦးမှ ယခု ၁၇ ဦးထိတိုးလာရာ ရွေးကောက်ခံအမျိုးသမီးကိုယ်စားလှယ်ဦး ရေအများဆုံးရှိသည့် လွှတ်တော်တစ်ရပ်ဖြစ်လာခဲ့သည်။ ယခင်က အမျိုးသမီးကိုယ်စားလှယ်ဦးရေ တစ်ယောက်မှ မရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်တွင် ယခုအခါ၌ ၁၃ ဦး၊ မွန်ပြည်နယ်လွှတ်တော်တွင် ၅ ဦး အသီးသီးရှိလာခဲ့ကြသည်။ မွန်ပြည်နယ်လွှတ်တော်တွင် ရွေးကောက်ခံကိုယ်စားလှယ်များ ၂၀ဦးသာရှိသောကြောင့် ရွေးကောက်ခံအမျိုးသမီးကိုယ်စားလှယ် ၅ ဦးသည် လေးပုံတစ်ပုံရှိသည်။ သိသာသော တိုးတက်ဖြစ်ထွန်းတစ်ခုမှာ မွန်ပြည်နယ်လွှတ်တော်ရှိအမျိုးသမီးကိုယ်စားလှယ်ငါးဦးမှ တစ်ဦးအား လွှတ်တော်ဥက္ကဋ္ဌအဖြစ် ဖေဖော်ဝါရီလ ၈ ရက် ၂၀၁၆ ခုနှစ် တွင် တာဝန်ပေးအပ်ခြင်းဖြစ်သည်။ ယင်းမှာ လက်ရှိ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်နေသော ဒေါ်တင်အိဖြစ်သည်။[85] ဒေါ်နန်းသူဇာသည်လည်း ယခုအခါ တွင် ကရင်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိနေသည်။ ကယား၊ ချင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ရွေးကောက်ခံအမျိုးသမီး ကိုယ်စားလှယ် တစ်ဦးတစ်ယောက်မှ မရှိပါ။ (အသေးစိတ်ကို နောက်ဆက်တွဲ ၃ တွင် ကြည့်ရှုနိုင်ပါသည်။)

***မျိုးဆက်သစ်အမျိုးသမီးကိုယ်စားလှယ်များသည် အမျိုးသားများထက် အသက်အနည်းငယ်ပိုငယ်ကြသည်။*** ပြည်ထောင်စုလွှတ်တော်ရှိ အမျိုးသားကိုယ်စားလှယ်များ၏ အသက်အရွယ်မှာ ယေဘုယျအားဖြင့် ၅၅ နှစ် ဝန်းကျင်လောက်ရှိနေစဉ်တွင် အမျိုးသမီးများမှာ ၅၀ ဝန်းကျင်ရှိသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များတွင် အမျိုးသားကိုယ်စားလှယ်များ၏ အသက်မှာ ၄၉ ဝန်းကျင် နှင့် အမျိုးသမီးများမှာ ၄၄ ဝန်းကျင်လောက်သာရှိရာ ၎င်းတို့၏ အသက်အရွယ်များသည် ပြည်ထောင်စုလွှတ်တော်ရှိ ကိုယ်စားလှယ်များထက်ပင် အနည်းငယ် ငယ်ကြသည်။

***အမျိုးသမီးကိုယ်စားလှယ်များသည် အမျိုးသားကိုယ်စားလှယ်များထက် ပိုမိုအတန်းပညာတတ်ကြသည်။*** ပြည်ထောင်စု လွှတ်တော်တွင် အမျိုးသမီးကိုယ်စားလှယ် ၉၃.၉% မှာ ဘွဲ့ရများ (အမျိုးသားကိုယ်စားလှယ် ၇၇.၇% က ဘွဲ့ရများ) ဖြစ်ပြီး ၂၂.၇ % မှာ ဘွဲ့လွန် (အမျိုးသားကိုယ်စားလှယ် ၈.၅% က ဘွဲ့လွန်) များဖြစ်ရာ ယေဘုယျအားဖြင့် အမျိုးသမီးကိုယ်စားလှယ်များသည် အမျိုးသားများထက် ပညာရေး၌ ပိုမိုအောင်မြင်ဖြစ်ထွန်းကြကြောင်း တွေ့ရှိရသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်များတွင် အမျိုးသမီးကိုယ်စားလှယ် ၉၂.၈% သည်  ဘွဲ့ရများဖြစ်ကြပြီး (အမျိုးသားကိုယ်စားလှယ် ၆၆.၉% က ဘွဲ့ရ) ၁၀.၇% က ဘွဲ့လွန်များဖြစ်ကြသည် (အမျိုးသားကိုယ်စားလှယ် ၃.၂% က ဘွဲ့လွန်များဖြစ်ကြသည်)။

[84] တိုင်းရင်းသားရေးရာဝန်ကြီး (အမျိုးသမီး)များမှာ ဒေါ်မွှေးမွှေးခင်၊ ဒေါ်နော်ပွယ်ဆေး၊ ဒေါ်စန်းဝင့်ခိုင်၊ ဒေါ်ပန်းသဇင်မျိုးနှင့် ဒေါ်မိုးမြတ် မြတ်သူ တို့ဖြစ်ကြသည်။
[85] http://www.irrawaddy.com/burma/mon-state-elects-parliaments-first-female-speaker.html

*ဇယား ၁၀ - ပြည်ထောင်စုလွှတ်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်များမှ လွှတ်တော်ကိုယ်စားလှယ်များ၏ ပညာရေးအဆင့်အတန်း၊ ကျား/မ အလိုက်*

| | ပြည်ထောင်စုလွှတ်တော် | | ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော် | |
|---|---|---|---|---|
| | **အမျိုးသား** | **အမျိုးသမီး** | **အမျိုးသား** | **အမျိုးသမီး** |
| အခြေခံပညာ (၁၀တန်းနှင့်အောက်) | ၂.၁% | ၀% | ၃.၈% | ၃.၆% |
| အခြေခံပညာ (တက္ကသိုလ်ဝင်တန်း) | ၁၇.၄% | ၆.၀% | ၂၈.၆% | ၃.၆% |
| သိပ္ပံ၊ ဝိဇ္ဇာဘွဲ့ရ | ၆၉.၂% | ၇၁.၂% | ၆၃.၇% | ၈၂.၁% |
| မဟာဝိဇ္ဇာ၊ ဆေးသိပ္ပံမဟာဘွဲ့ရ | ၆.၄% | ၂၂.၇% | ၃% | ၇.၁% |
| ပါရဂူ၊ ဆေးသိပ္ပံပါရဂူဘွဲ့ရ | ၂.၁% | ၀% | ၀.၂% | ၃.၆% |
| မသိ | ၂.၈% | ၀% | ၀.၉% | ၀% |

ကိုးကား - ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

***၂၀၁၅ တွင် လွှတ်တော်သို့ ရောက်ရှိလာခဲ့သည့် ရွေးကောက်ခံအမျိုးသမီးကိုယ်စားလှယ်များ၏ အလုပ်အကိုင် နောက်ခံမှာ ယခင်အမျိုးသမီးကိုယ်စားလှယ်များနှင့် နှိုင်းယှဉ်လျှင် ကွဲပြားခြားနားမှုများစွာရှိသည်။ သို့သော် အမျိုးသားကိုယ်စားလှယ်များနှင့်တော့ ဆင်တူသည်။*** ပြည်ထောင်စု လွှတ်တော်ရှိ အမျိုးသမီးကိုယ်စားလှယ် လေးပုံတစ်ပုံနီးပါး (၂၄.၂%) သည် စီးပွားရေးနယ်ပယ်မှဖြစ်ပြီး ၁၈.၂% မှာ ဝန်ထမ်းသို့မဟုတ် နိုင်ငံရေးနယ်ပယ်က ဖြစ်ကာ ၁၅.၂% က ဆေးပညာနယ်ပယ်မှဖြစ်သည်။ အမျိုးသမီးကိုယ်စားလှယ်အချိုးအစား အနည်းငယ်သာ ပညာရေးနှင့် ဥပဒေနယ်ပယ်များက လာခြင်းဖြစ်သည်။ အမျိုးသားနှင့် အမျိုးသမီးကိုယ်စားလှယ်များ၏ အလုပ်အကိုင်နှိုင်းယှဉ်ထားမှုကို နောက်ဆက်တွဲ ၄ တွင်ကြည့်ရှု နိုင်ပါသည်။

ထိုနည်းအတူ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် စီးပွားရေးနယ်ပယ်ကလာသော ရွေးကောက်ခံအမျိုးသမီး ကိုယ်စားလှယ်များက (၂၈.၆%) အဓိကလွှမ်းမိုးထားသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များရှိ အမျိုး သမီးကိုယ်စားလှယ် ငါးပုံတစ်ပုံခန့်မှာ ပညာရေးနယ်ပယ်က လာခြင်းဖြစ်သည်။ ၂၀၁၁-၂၀၁၆ လွှတ်တော်သက် တမ်းနှင့်မတူပဲ ထူးခြားစွာပြောင်းလဲသွားသည့် အရာတစ်ခုမှာ အမျိုးသမီးကိုယ်စားလှယ် ၁၄.၃% သည် စိုက်ပျိုးရေးနယ်ပယ်က ဖြစ်သည်ကို အံ့သြဖွယ်ရာတွေ့ရှိရသည်။ ယင်းမှာ ရွေးကောက်ပွဲနိုင်ငံရေးသဘောတရားသည် ကျေးလက်နေ ရပ်ရွာလူထုအား သိသာသော ဩဇာလွှမ်းမိုးမှုရှိခဲ့သည်ကို တွေ့ရသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးရှိ အမျိုးသားနှင့် အမျိုးသမီးကိုယ်စားလှယ်များ၏ အသက်မွေးမှုနောက်ခံ အသေးစိတ်ကို နောက်ဆက်တွဲ ၄ တွင်ကြည့်ရှုနိုင်ပါသည်။

*ဇယား ၁၁ - အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ သက်မွေးမှုနောက်ခံ၊ ၂၀၁၃ နှင့် ၂၀၁၆၊ အမျိုးအစားခွဲခြားမှု*

| ပြည်ထောင်စုလွှတ်တော် | | | ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော် | | |
|---|---|---|---|---|---|
| | ၂၀၁၃ | ၂၀၁၆ | | ၂၀၁၃ | ၂၀၁၆ |
| ဥပဒေ | ၂၀.၀% | ၉.၁% | ဥပဒေ | ၅.၀% | ၁၁.၉% |
| ပညာရေး | ၂၀.၀% | ၁၀.၆% | ပညာရေး | ၄၀.၀% | ၂၀.၂% |
| အစိုးရဝန်ထမ်း/နိုင်ငံရေး | ၂၀.၀% | ၁၈.၂% | အစိုးရဝန်ထမ်း/နိုင်ငံရေး | ၂၀.၀% | ၉.၅% |
| စီးပွားရေး | ၁၆.၇% | ၂၄.၂% | စီးပွားရေး | ၀.၀% | ၂၈.၆% |
| လူမှုရေး | ၁၀.၀% | ၆.၁% | လူမှုရေး | ၁၀.၀% | ၀.၀% |

ကိုးကား - ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ မြန်မာနိုင်ငံလွှတ်တော်များ၊ MCM Books (ရန်ကုန်, ဇွန်လ ၂၀၁၃ ခုနှစ်)၊ စစ်တမ်းဖြေဆိုသူများ

ပြည်ထောင်စုလွှတ်တော်ရှိ အမျိုးသမီးကိုယ်စားလှယ်များ၏ အလုပ်အကိုင်ဆိုင်ရာနောက်ခံကို အမျိုးသား ကိုယ်စားလှယ်များနှင့် နှိုင်းယှဉ်ကြည့်ပါက နိုင်ငံရေးပါတီနှင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများက လာသော အမျိုးသမီးကိုယ်စားလှယ်အချိုးအစားမှာ သိသိသာသာမြင့်မားနေသည်ကိုတွေ့ရှိရသည်။ အမျိုးသမီးကိုယ်စားလှယ်များ၏ နိုင်ငံရေး၊ ဖွံ့ဖြိုးရေးနှင့် လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှုသည် ၎င်းတို့၏ နိုင်ငံရေးအသိ နိုးကြားမှုကို ဖော် ပြနေသည်။ ၂၀၁၅ ရွေးကောက်ပွဲတွင် နိုင်ငံရေးနယ်ပယ် ပိုမိုကျယ်ဝန်းလာခြင်းသည် သူတို့အား နိုင်ငံရေး လောကသို့ ဝင်ရောက်ရန် လမ်းကြောင်းတစ်ခုဖြစ်စေခဲ့သည်။ (အမျိုးသမီးကိုယ်စားလှယ်များ၏ အလုပ်အကိုင်နောက်ခံအသေးစိတ်ကို နောက်ဆက်တွဲ ၄ တွင် ကြည့်ရှုနိုင်ပါသည်။)

***၂၀၁၆ လွှတ်တော်သို့ဝင်ရောက်လာသည့် အမျိုးသမီးကိုယ်စားလှယ်များသည် ပါတီအနည်းငယ်မှ ဝင်ရောက်လာသည့် ကိုယ်စားလှယ်လောင်းများဖြစ်ပြီး ရှေ့သက်တမ်းနှင့်ယှဉ်လျှင် ပါတီကွဲပြားမှု အနည်းငယ်သာရှိသည်။*** ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသ ကြီးလွှတ်တော်များတွင် အမျိုးသမီး ကိုယ်စားလှယ် များသည် ပါတီခြောက်ခုကိုသာ ကိုယ်စားပြုကြသည်။ တစ်နိုင်ငံလုံးအားဖြင့် အမျိုးသမီးကိုယ်စားလှယ်များ သည် နိုင်ငံရေးပါတီ ကိုးပါတီကိုသာ ကိုယ်စားပြုပြီး အများစုမှာ (၁၃၄ ဦး) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) မှဖြစ်သည်။ NLD ပါတီတွင် ထိုကဲ့သို့သော အမျိုးသမီး ကိုယ်စားလှယ်ဦးရေ မြင့်မားသည်ကို မြင်ရသည်မှာ အားတက်ဖွယ်ပင်ဖြစ်သည်။ သို့သော် မြန်မာနိုင်ငံရှိ ရွေးကောက်ခံ အမျိုးသမီး ကိုယ်စားလှယ်အရေအတွက်မှာ ယခုလို NLD ၏ ရွေးကောက်ပွဲ အလားအလာအပေါ်တွင် များစွာတည်မှီနေရသည့် အဖြစ်မျိုးနှင့်လည်း ကြုံတွေ့လာရနိုင်ပါသည်။ရွေးကောက်ပွဲများ၌ NLD အကြောင်းမလှခဲ့ပါက ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်များရှိ အမျိုးသမီးကိုယ်စားလှယ်အရေအတွက်များစွာကို ကန့်သတ်လိုက်သည့် သဖွယ်ဖြစ်သွားနိုင်သည်။

***ဇယား ၁၂ - အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် နိုင်ငံရေးပါတီများ၊ ၂၀၁၆ ခုနှစ်***

| ပြည်ထောင်စု လွှတ်တော် | အမျိုးသမီး အရေအတွက် | ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော် | အမျိုးသမီး အရေအတွက် |
|---|---|---|---|
| ရခိုင်အမျိုးသားပါတီ | ၂ | တိုင်းလံ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁ |
| အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၀ | ကချင်ပြည်နယ် ဒီမိုကရေစီပါတီ | ၁ |
| ရှမ်းအမျိုးသားများ ဒီမိုကရေစီအဖွဲ့ချုပ် | ၂ | လီဆူးအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁ |
| တအန်း(ပလောင်) အမျိုးသားပါတီ | ၁ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၄ |
| ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁ | ရှမ်းအမျိုးသားများ ဒီမိုကရေစီအဖွဲ့ချုပ် | ၅ |
| ဇိုမီးဒီမိုကရေစီကွန်ကရက် | ၁ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂ |

ကိုးကား - မြန်မာနိုင်ငံ ရွေးကောက်ပွဲကော်မရှင်

## ၆.၂။ ၂၀၁၁-၂၀၁၆ အမျိုးသမီးကိုယ်စားလှယ်များ၏ စစ်တမ်းမှ ရရှိသည့် တွေ့ရှိချက်များနှင့် ၎င်းတို့၏ အမြင်သဘောထားများ

ယခုအစီအရင်ခံစာသည် ၂၀၁၁ နှင့် ၂၀၁၆ ခုနှစ်များအကြား တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပထမမျိုးဆက် အမျိုးသမီး ကိုယ်စားလှယ်များ၏ အတွေ့အကြုံများကို အသေးစိတ်တင်ပြပေးခြင်းဖြင့် ၎င်းတို့၏ နိုင်ငံရေးဘဝတွင် စိတ်ပိုင်း ဆိုင်ရာစေ့ဆော်မှုများနှင့် စိန်ခေါ်မှုများကို နက်နက် ရှိုင်းရှိုင်းသဘောပေါက်နားလည်လာစေရန်ဖြစ်သည်။ သုတေသနတွေ့ရှိချက်များမှာ နောင်မျိုးဆက် အမျိုးသမီးကိုယ်စားလှယ်များအတွက် သာမက အစိုးရ၊ နိုင်ငံရေးပါတီများ၊ အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်မှုကို ခိုင်ခံ့အားကောင်းလာစေရန် အဓိကပံ့ပိုးပေးနေသည့် ဖွံ့ဖြိုးရေးအသိုက်အဝန်းအတွက်ပါ အသုံးဝင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

သုတေသန၏ အဓိကတွေ့ရှိချက်များကို အထက်တွင် ဖော်ပြပြီးဖြစ်သော်လည်း စစ်တမ်းအချက်အလက်များထံမှ ပိုမိုကျယ်ပြန့်သော သဘောထားများ ဖော်ပြပေးလိုသည့်ပြင် မြန်မာနိုင်ငံ၏ နိုင်ငံရေး နယ်ပယ်၊ အထူးသဖြင့် လွှတ်တော်တွင် အမျိုးသမီးများအား ပံ့ပိုးမှုပိုမိုပေးနိုင်ရန် ရည်ရွယ်ထားသည့် အနာဂတ်အစီအစဉ်များအပေါ် မည်သို့သော သက်ရောက်မှုများရှိမည်ကိုလည်း ဖော်ပြလိုပါသည်။ ဤနေရာတွင် အမျိုးသမီး ကိုယ်စားလှယ်အချို့က သူတို့၏ အတွေ့အကြုံများအပေါ် အခြေခံထားသော နောင်မျိုးဆက်အတွက် အတွေးအမြင်များနှင့် အကြံဉာဏ်များကိုလည်း ဖော်ပြပေးသွားမည်ဖြစ်သည်။ ၎င်းတို့အကြံပြုချက်များထဲမှ အကြိမ်ကြိမ်ဖော်ပြခဲ့သည့် အကြံပြုချက်တစ်ခုမှာ မိမိကိုယ်ကို ယုံကြည်မှုသည် အရေးကြီးသည်ဆိုသည့် အချက်ဖြစ်သည်။ ပြင်ဆင်မှုရှိခြင်း၊ စိတ်ရှည်ခြင်း၊ သင်ယူလိုခြင်းနှင့် အခြားသူများနှင့် လက်တွဲ အလုပ်လုပ်ခြင်း သာမက ယုံကြည်မှုတည်ဆောက်ရေးများသည် အတွေ့အကြုံသစ်ကို ကျော်လွှား၍ရှေ့မှ နမူနာပြသွားသည့် အမျိုးသမီး ကိုယ်စားလှယ်များ၏ အဓိကအချက်များဖြစ်ကြောင်း တွေ့ရသည်။ သို့သော်ငြားလည်း ရှေ့မျိုးဆက် အမျိုးသမီးကိုယ်စားလှယ်များက နောက်မျိုးဆက်သို့ ပေးအပ်သောအကြံပြုချက်များအနက် မိမိကိုယ်ကို ယုံကြည်မှုရှိရန်မှာ အရေးကြီးကြောင်း အကြိမ်ကြိမ်ဆိုခဲ့ပြီး ဖြစ်ပါသည်။

"သင့်အနေနဲ့ ကိုယ့်ကို သူတို့ယုံကြည်လို့ရတယ်လို့ မြင်လာအောင် ကြိုးစားပါ။ အမျိုးသမီးတစ်ယောက်အဖြစ်လို့ မြင်နေရုံနဲ့ မပြီးပါဘူး။ အားကောင်းနေဖို့လိုတယ်။ အခက်အခဲတွေ ကြုံတွေ့လာတဲ့အခါမှာလည်း အားမလျော့သွားပါနဲ့။ မဲဆန္ဒနယ်များက ပြည်သူများထံကနေ ပြဿနာပေါင်းများစွာ ကြားရပါလိမ့်မယ်။ အဲ့ဒီပြဿနာများကိုလည်း သူတို့အတွက် ဖြေ ရှင်းပေးရပါလိမ့်မယ်။ မေတ္တာရပ်ခံချင်တာက စိတ်ရှည်ပါ။ မဲဆန္ဒနယ်များကနေ သင်ယူဖို့လည်းလိုအပ်ပြီး သူတို့ကို ရှင်းပြဖို့လည်း ကြိုးစားပါ။ ဒါမှသာ အခြေအနေကို သူတို့ ကောင်းကောင်းနားလည် သဘောပေါက်ကြမှာပါ။ နည်းစနစ်အပိုင်းအရတော့ ဥပဒေကို လေ့လာပါ။ အများကြီးလေ့လာဖို့လိုပါတယ်"[86]

***အမျိုးသမီးကိုယ်စားလှယ်များက ၎င်းတို့အတွက် အဓိကစိန်ခေါ်ချက်မှာ အမျိုးသားကိုယ်စားလှယ်များ သို့မဟုတ် အမျိုးသားမဲဆန္ဒရှင်များ ကြောင့်မဟုတ်ဘဲ နိုင်ငံရေးလောကမှ အမျိုးသမီးများအပေါ် ပံ့ပိုးမှုမရှိသော အမျိုးသမီး မဲဆန္ဒရှင်များဖြစ်သည်ဟုဆိုကြသည်။*** ယင်းသည် သုတေသနမှရရှိလာသည့် အံ့အားသင့် ဖွယ်တွေ့ရှိချက်များ ထဲက တစ်ချက်ဖြစ်သည်။ အမျိုးသမီးကိုယ်စားလှယ်များက စစ်တမ်းမေးခွန်းများကို ဖြေကြားရာမှ ရှင်းရှင်းလင်း လင်းထွက်ပေါ်လာသည့် အမြင်ဖြစ်ပြီး "အမျိုးသမီးမဲဆန္ဒရှင်များ၏ ပံ့ပိုးမှုမရှိခြင်း" သည် အမျိုးသမီးများ နိုင်ငံရေး လောကသို့ဝင်ရောက်ရန် ဟန့်တားထားသည့် ပထမဦးဆုံးသော အတားအဆီး ဖြစ်သည်ဟု အမျိုးသမီးကိုယ်စားလှယ် ၈၂% က ဆိုသည်။ ယင်းသည် အမြစ်တွယ်နေသည့် ယဉ်ကျေးမှုစံများ (၅၈%) နှင့် အမျိုးသားမဲဆန္ဒရှင်များ (၅၁%) ၏ အတားအဆီးထက် ပိုမိုမြင့်မား သည်ကို တွေ့ရှိရသည်။ ယင်းကိစ္စကို အမျိုးသမီးကိုယ်စားလှယ်များက အတွင်းကျကျတွေ့ဆုံ မေးမြန်းမှုများ သို့မဟုတ် အခြားဖိုရမ်များတွင် များစွာ ဆွေးနွေးပြောဆိုခြင်းမရှိပါ။ သို့သော် ၎င်းတို့သည် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုများပြုလုပ်စဉ် အမျိုးသမီးများသည် နိုင်ငံရေးတွင်ပါဝင်ရန် မသင့်တော်ဟု အမြင်ရှိသည့် အမျိုးသမီးမဲဆန္ဒရှင်များ၏ ထောက်ခံခြင်းမရှိမှုအပေါ်တွင် စိတ်မသက်မသာခံစားရသည်ဟုဆိုကြသည်။ ဖောင်ဒေးရှင်းကပြုလုပ်သည့် သုတေသနများနှင့် အခြားသုသေတနတွေ့ရှိချက်များအရ နိုင်ငံရေးတွင် အမျိုးသားအချိုးအစားများနေခြင်း၊ လူ့အသိုင်းအဝိုင်းတွင် အမျိုးသမီးဦးဆောင်မှုကို နေရာမပေးခြင်းတို့သည် အထူးကြီးမားသည့် ကျားမဆိုင်ရာ အခက်အခဲဖြစ်သည်ကို သိရှိနိုင်သည်။ အမျိုးသားမှမဟုတ်ပဲ အမျိုးသမီးများ၏ ဝန်းရံပံ့ပိုးမှုမရရှိခြင်းသည်လည်း နိုင်ငံရေးတွင် ပါဝင်နေသည့်အမျိုးသမီးများကို အထီးကျန် ဖြစ်စေသည့် အချက်ဖြစ်ပြီး အရိုးစွဲနေသည့်ထုံးတမ်းများကို မလိုက်နာနိုင်သဖြင့် အပြစ်မကင်းဟုခံစားရခြင်း၊ မိမိကိုယ်ကို ယုံကြည်မှု မရှိခြင်းတို့ကလည်း ထပ်တိုးဖိစီးသည့် အချက်များဖြစ်သည်။ အမျိုးသမီးများကို လုပ်ပိုင်ခွင့်တိုး၍ပေးအပ်နိုင်ရန် ရည်ရွယ်သည့် လုပ်ငန်းများ အတွက် မှန်ကန်သည့် မဟာဗျူဟာများချမှတ်နိုင်ရန် အမျိုးသမီးများအကြား ဗဟုသုတနှင့်အသိအမြင်ပွင့်လင်းမှု ကွာဟချက်များရှိနေခြင်းကို ထည့်သွင်းစဉ်းစားရန်လိုသည်။ အမြင်ကွာဟမှုသည် ကျားမ တန်းတူညီမျှရေးဦးတည်သည့် ဥပဒေပြုရေး၊ မူဝါဒရေးရာနှင့် လက်တွေ့ လုပ်ဆောင်မှုများအပေါ် အတားအဆီးဖြစ်စေသည်။

***မိမိကိုယ်ကို ယုံကြည်မှုသည် အမျိုးသမီးကိုယ်စားလှယ်များ၏ လုပ်ဆောင်ချက်များတွင် အရေးပါသည်။*** မိမိကိုယ်ကို ယုံကြည်မှုကိစ္စ သို့မဟုတ် မိမိကိုယ်ကို ယုံကြည်မှုမရှိခြင်းသည် စစ်တမ်းအချက်အလက်များကို သုံးသပ်ရာတွင် အမြဲတမ်းပါဝင်သော အကြောင်းအရာဖြစ်သည်။ ဥပမာ အားဖြင့် ကောက်ယူရရှိသည့် အချက်အလက်များအရ အမျိုးသမီးကိုယ်စားလှယ်များသည် အတန်းပညာပိုတတ်ကြပြီး တခါတရံတွင် အမျိုးသားကိုယ်စားလှယ်များနည်းတူ တက်ကြွစွာ အလုပ်လုပ်ကြသော်လည်း အမျိုးသားကိုယ်စားလှယ်များလောက် ဗဟုသုတနှင့် ကျွမ်းကျင်မှု မရှိ၊ မိမိကိုယ်ကို ယုံကြည်မှုနှင့် တက်ကြွမှုနည်းသောသူများအဖြစ် ၎င်းတို့ကိုယ်ကို ရှုမြင်ထားကြသည်။ ထိုသို့သော အမြင်ကပင် အမျိုးသမီး ကိုယ်စားလှယ်များအား သူတို့၏ ကိုယ်ပိုင်သဘောထားများနှင့် ဆန်းစစ်ချက်များကို တင်ပြဖော်ထုတ်ရာတွင် သက်တောင့်သက်သာမရှိပဲ တက်ကြွမှုနည်းစေသည်။ အချက်အလက်များက ယင်းနှင့်ဆန့်ကျင်ဘက်ကို ဖော်ပြနေသည့်တိုင်အောင် အခြားသူများက ၎င်းတို့ထက် ပိုသိ သည်ဟု ယုံကြည်နေကြသည်။ အမျိုးသမီးများ နိုင်ငံရေးလောကသို့ ဝင်ရောက်မှုအပေါ် အဟန့်အတားသဖွယ်ဖြစ်နေသော အတားအဆီး များအကြောင်း မေးကြည့်သည့်အခါ "မိမိကိုယ်ကို ယုံကြည်မှုမရှိခြင်း" သည် ဒုတိယအကြီးမားဆုံးသော အတားအဆီးဖြစ်ကြောင်းကို အမျိုး သမီးကိုယ်စားလှယ် ၈၀% က ထောက်ပြကြသည်။

အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များက နောက်မျိုးဆက်အတွက် ပေးသောအကြံဉာဏ်များကို လေ့လာခြင်းအားဖြင့် ၎င်းတို့သည် မိမိကိုယ် ကိုယုံ ကြည်မှုရှိသည့်စိတ်၊ အရိုးစွဲနေသော ယဉ်ကျေးမှုနှင့် လူမှုဆိုင်ရာဓလေ့များ ကိုကောင်းစွာ နားလည်ကြပြီး ၎င်းတို့၏ တိုးတက်မှုနှင့် အလုပ် အပေါ်သက်ရောက်မှုရှိနေသည်ကို ကောင်းစွာ သိရှိကြောင်း ပြသနေသည်။ ထို့ကြောင့် နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်မှုကို အားပေးရန် ရည်ရွယ်သော မည်သည့်အစီအစဉ်တွင်မဆို ယင်းကိစ္စကို အကြေအလည် ထည့်သွင်းစဉ်းစားသင့်သည်။

[86] အမျိုးသမီးကိုယ်စားလှယ် ၄ ဦးမြောက်နှင့် တွေ့ဆုံမေးမြန်းမှု

"ဘယ်သူမှ မွေးကတည်းက တတ်လာကြတာမဟုတ်ပါဘူး။ ပတ်ဝန်းကျင်ကပြုစုပျိုးထောင်ရင်း၊ လူတွေနဲ့ စကားပြောရင်းနဲ့ကနေ ဗဟုသုတ တွေပြည့်ဝလာတာပါ။ စွမ်းဆောင်ရည်တွေမြင့်မားလာခဲ့ကြတာပါ။ ကိုယ့်ကိုကိုယ် အထင်မသေးပါနဲ့။ သင့်မိသားစုထဲမှာ သင့်ရဲ့ စွမ်းဆောင်နိုင်ရည်ဟာ အပြင်လောကမှာ သင်စွမ်းဆောင်နိုင်ရည်နဲ့အတူတူပါပဲ။ ယုံကြည်ချက် မြင့်မြင့်မားမားရှိနေဖို့က အရေး အကြီးဆုံးပါ။ သင့်ရဲ့စိတ်က အခရာပါ။ သင်ရဲ့မိသားစု၊ ပတ်ဝန်းကျင်နဲ့ နိုင်ငံအတွက် ပိုကောင်းလာဖို့အတွက် အလုပ်လုပ်မယ်လို့ ရည်ရွယ်ထားတယ်ဆိုရင် သင်အောင်မြင် လာပါလိမ့်မယ်။ သင်တစ်ယောက် တည်းမလုပ်နိုင်ရင် အခြားသူများနဲ့ လက်တွဲအလုပ်လုပ်နိုင် ပါတယ်။ အဲ့ဒီအရာက သင့်ကို အောင်မြင်မှုရအောင် ဆောင်ကြဉ်း ပေးသွားပါလိမ့်မယ်"[87]

"အလုပ်လုပ်လိုတဲ့ဆန္ဒနဲ့ သံမဏိဌာန်ခိုင်မာရမယ်။ သင့်ရဲ့အရည်အချင်းကို မြှင့်တင်မှသာလျှင် သင်အရည်အချင်းတွေ ပြည့်ဝလာလိမ့်မယ်။ ကိုယ့်ကိုကိုယ်ယုံကြည်မှုရှိပါ။ ဖိအားတွေအပေါ် ခံနိုင်ရည်ရှိပါ။ နောက်ပြီး လိုအပ်ရင် အနစ်နာခံပါ။ ကိုယ်က ဘာတွေရနိုင်သလဲ ဆိုတာ ထက် ဘာတွေပေးနိုင်မလဲဆိုတာ စဉ်းစားပါ။ ဘယ်လိုအောင်မြင်မှုရရှိအောင် ဆောင်ရွက်မလဲလို့ အမြဲတမ်းစဉ်းစားနေရမှာပါ။ အမြဲတမ်းကိုယ့်ကိုကိုယ် အားပေးပါ။"[88]

"မကြောက်ပါနဲ့။ နိုင်ငံရေးကို ကြောက်လန့်နေဖို့ မလိုပါဘူး။ နိုင်ငံရေးရဲ့ သဘောသဘာဝတွေအကြောင်း လေ့လာပါလို့ ပြောချင် ပါတယ်"[89]

***အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်တွင် ပိုမိုဝင်ဆန့်နိုင်ရန်အတွက် နည်းစနစ်ပိုင်းဆိုင်ရာ (ဥပဒေရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း)၊ အများပြည်သူကို ဟောပြောခြင်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းဆိုင်ရာများတွင် သင်တန်းများနှင့် ကျွမ်းကျင်မှုများပိုမို လိုအပ်သည်။*** လွှတ်တော်များမှ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအား သုတေသနပြုခြင်း၊ ဥပဒေကြမ်းရေးဆွဲခြင်း၊ စီမံကိန်း ရေးဆွဲခြင်းနှင့် ဘဏ္ဍာရေးအစရှိသော ကိစ္စရပ်များတွင် နည်းပညာကျွမ်းကျင်မှုအခြေခံသော စွမ်းရည်ဖွံ့ဖြိုးရေးကို လေ့ကျင့်ပေးခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ်များနှင့်မဲဆန္ဒနယ်ထိတွေ့ဆက်ဆံရာ၌နိုင်ငံရေးပါတီများကအဓိကကဏ္ဍမှပါဝင်သည်။အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (INGOs) ကလည်း အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များအတွက် ကျားမ ပါဝင်ရေးမူဝါဒရေးဆွဲခြင်းအစီ အစဉ်များ (gender-inclusive policy development programs) အပေါ် ပိုမိုအာရုံစိုက်ဆောင်ရွက်ပေးခဲ့သည်။ စွမ်းရည်မြင့်တင်ခြင်း နှင့်ပတ်သက်၍ အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့၏ လွှတ်တော်ကိုယ်စားလှယ်တာဝန်နှင့်သက်ဆိုင်သ ည်များတွင် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နိုင်ရန် အထောက်အကူဖြစ်စေမည့် ဥပဒေကြမ်းရေးဆွဲခြင်း၊ ဘတ်ဂျက် ဆန်းစစ်ခြင်းနှင့် ကြီးကြပ်ခြင်း နည်းစနစ်ပိုင်းများကို အဓိကထားသည့် သင်တန်းများ ပိုမိုလိုအပ်သည်ဟု ခိုင်ခိုင်မာမာယူဆကြသည်။ ထို့အပြင် ဒုတိယအနေနှင့် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များက ကိုယ်စားလှယ်လောင်းအဖြစ် မဲဆွယ်စည်းရုံးစဉ်နှင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် လူထုနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် မိမိကိုယ်ကို ယုံကြည်မှုတိုးစေရန်နှင့် ပိုမိုထိရောက်မှုရှိစေရန်အတွက် ဆက်သွယ် ဆောင်ရွက်ခြင်းနှင့် လူထုဟော ပြောခြင်း ကျွမ်းကျင်မှုစွမ်းရည်များ တိုးတက်စေရန် လိုအပ်သည်ဟုလည်း ခိုင်ခိုင်မာမာ ယူဆကြသည်။

"ဗဟုသုတတွေရဖို့ စာများများဖတ်ပါ။ ပြီးတော့ ယုံကြည်မှုအပြည့်နဲ့ အလုပ်လုပ်ပါ။ သက်ဆိုင်ရာပညာရှင်များရဲ့ အကူအညီရအောင် သူတို့ကို ချဉ်းကပ်ပါ။ လွှတ်တော်တွင် သင်လုပ်ဖို့လိုတဲ့ အလုပ်တွေကို ပိုင်နိုင်ကျွမ်းကျင်လာ အောင်ကြိုးစားပါ။"[90]

"ဥပဒေနဲ့ နိုင်ငံရေးအကြောင်းအရာတွေကို သေသေချာချာ နားလည်သဘောပေါက်အောင်လုပ်ပါ။ (ဂျာနယ်များများဖတ်ပါ။) အသေးစိတ် အချက်အလက်တွေကို သိသင့်ပါတယ်။ နိုင်ငံရေးပါတီကြီးတွေ ဘယ်လိုအလုပ်လုပ်လည်းဆိုတာ ကြည့်ပါ။"[91]

"သတင်းအချက်အလက်တွေ ဘယ်လိုရှာဖွေရမလဲဆိုတာ သိဖို့လိုအပ်တယ်။ နောက်ထပ်အရေးကြီးတဲ့အရာတစ်ခုက စကားပြော စွမ်းရည်နဲ့ တခြားလူတွေနဲ့ လက်တွဲအလုပ်လုပ်တတ်တဲ့ အကျင့်ဖြစ်တယ်။ တခြားလူတွေ နေရာကနေ ဝင်ခံစားကြည့်ဖို့လိုအပ်တယ်။ အဲ့ဒါမှ သူတို့ရဲ့ သဘောထားအမြင်တွေကို နားလည်မှာပါ။ ကိုယ့်ကို ကိုယ်တိုးတက်အောင် အမြဲတမ်းကြိုးစားပါ။ စာအုပ်တွေဖတ်ပါ။ အထူးသဖြင့် ဥပဒေတွေကို လေ့လာပါ။ သတင်း အချက်အလက်သစ်များကို သိရှိအောင် လုပ်ထားပါ၊"[92]

[87] အမျိုးသမီးကိုယ်စားလှယ် ၁၀ ဦးမြောက်က မေးခွန်းအမှတ် ၄၁ ကိုဖြေကြားချက်
[88] အမျိုးသမီးကိုယ်စားလှယ် ၃၉ ဦးမြောက်က မေးခွန်းအမှတ် ၄၁ ကိုဖြေကြားချက်
[89] အမျိုးသမီးကိုယ်စားလှယ် ၈ ဦးမြောက်နှင့် တွေ့ဆုံမေးမြန်းမှု
[90] အမျိုးသမီးကိုယ်စားလှယ် ၁၀ ဦးမြောက်က မေးခွန်းအမှတ် ၄၁ ကိုဖြေကြားချက်
[91] အမျိုးသမီးကိုယ်စားလှယ် ၁၄ ဦးမြောက်က မေးခွန်းအမှတ် ၄၁ ကိုဖြေကြားချက်
[92] အမျိုးသမီးကိုယ်စားလှယ် ၈ ဦးမြောက်နှင့် တွေ့ဆုံမေးမြန်းမှု

"အခက်အခဲများကို မျှော်လင့်သင့်တယ်။ ဘတ်ဂျက်၊ စကားပြောစွမ်းရည်နဲ့ ဥပဒေတွေကို ကြိုတင်ပြီး လေ့လာထားဖို့လိုတယ်။ မမောက်မာပါနဲ့။ တသတ်မတ်တည်းရှိပါ။"[93]

***အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် ခွဲခြားဆက်ဆံခံရမှု ဖြစ်ရပ်ပုံစံအမျိုးမျိုးကို ရင်ဆိုင်ရသော်လည်း ယင်းကဲ့သို့ အပြုအမူနှင့် ဖြစ်ရပ်များကို ကျားမနှင့်ဆိုင်သောကိစ္စအဖြစ် ဘောင်ခတ်ရန် များသောအားဖြင့် မလိုလားကြပေ။*** စစ်တမ်းတွင်ပါဝင်သော အမျိုးသမီး ကိုယ်စားလှယ် သုံးပုံတစ်ပုံ (၃၃ %) က ၎င်းတို့၏ နိုင်ငံရေး သက်တမ်းအတွင်း ကျားမဆိုင်ရာခွဲခြားဆက်ဆံခြင်းကို ကြုံတွေ့ခဲ့ရသည်ဟု ပြောကြားခဲ့ကြပြီး အမျိုးသားကိုယ် စားလှယ်များကြုံတွေ့ရခြင်းမရှိဟု ၎င်းတို့ယူဆကြသော မလေးမစားဆက်ဆံမှု၊ မချေမငံ ပြောဆိုမှု ဖြစ်ရပ်များကို တင်ပြခဲ့ကြရာ အထူးသဖြင့် အစိုးရဝန်ထမ်းများအပြင် ပါတီခေါင်းဆောင်များနှင့် လွှတ်တော်မှ လုပ်ဖော်ကိုင်ဖက် အမျိုးသားများထံမှ ဖြစ်ကြောင်းသိရှိရသည်။ သို့ရာတွင် စစ်တမ်းမေးခွန်းတွင် ခွဲခြားဆက်ဆံရမှုအတွေ့အကြုံကို ဖော်ပြခြင်းမရှိသည့် အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များစွာကလည်း တွေ့ဆုံမေးမြန်းမှုများတွင်မူ အမျိုးသားကိုယ်စားလှယ်များကြီးစိုးသည့် မူဝါဒရေးရာဆွေးနွေးပွဲများ၊ စားသောက်ဆိုင်များနှင့် စားဝိုင်းသောက်ဝိုင်းများ၊ အမျိုးသားကိုယ်စားလှယ်များ၏ အလွတ်သဘောဆွေးနွေးမှုများတွင် ဘေးဖယ်ထားခံရခြင်း၊ လေ့လာရေးခရီးကဲ့သို့ သင်ယူရေးအခွင့်အလမ်းများတွင် ဘေးဖယ်ခံရခြင်း၊ ပါတီအစည်းအဝေးများနှင့် လွှတ်တော်ခန်းမ များတွင် အပေါ်စီးမှ မောက်မာစွာဆက်ဆံခံရခြင်းစသည်တို့ကို ပြန်လည်ပြောပြခဲ့ကြသည်။ အမျိုးသမီးကိုယ်စား လှယ်အရေအတွက်နည်းပါးခြင်း၊ အမျိုးသမီးအရေးအတွက် နိုင်ငံရေးလှုပ်ရှားခြင်းနှင့် အမျိုးသမီး အသိုင်းအဝိုင်းထံမှ သဘောမတူကြသည်တို့ကို ခံစားရမှုတို့ကြောင့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့ရင်ဆိုင်ရသော စိန်ခေါ်မှုအချို့ကို ကျားမဆိုင်ရာကိစ္စဟု သတ်မှတ်လိုခြင်းမရှိကြပေ။ သို့ဖြစ်ရာ အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များအကြားတွင် ၎င်းတို့အလုပ်ကို ကျားမဆိုင်ရာရှုဒေါင့်မှကြည့်ခြင်းနှင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဆောင်ရွက်နိုင်သည့် ထိရောက်သောအဖြေ သတ်မှတ်ခြင်းတို့အပေါ် အမြင်တူညီမှုအနည်းငယ်သာရှိသည်။

***မြန်မာနိုင်ငံတွင် အမျိုးသမီးကိုယ်စားလှယ်များအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များကို အရေးကြီးသော ကူညီပံ့ပိုးမှုပေးရာတွင် နိုင်ငံရေးပါတီများသည် အဓိကဖြစ်သော်လည်း ပါတီများ၏ အထွေထွေကိစ္စရပ်များတွင် ကျားမဆိုင်ရာမူဝါဒများ အားနည်းမှုသည် ကျားမတန်းတူညီမျှရေးအတွက် ဥပဒေပြုမှုလုပ်ငန်းစဉ်တိုးတက်မှု အလားအလာကို အဟန့်အတားဖြစ်စေသည်။*** ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးမှုနှင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် လှုပ် ရှားမှုများကို ကူညီပံ့ပိုးရာတွင် နိုင်ငံရေးပါတီများက အဓိကဖြစ်သည်ကို သုတေသနလေ့လာမှုက ပြသနေသည်။ လွှတ်တော်ကိုယ်စားလှယ်များအနေနှင့် နိုင်ငံရေးလုပ်သက်တစ်လျှောက် ၎င်းတို့၏ နိုင်ငံရေးပါတီထံမှသာ အမြဲတမ်းပံ့ပိုးကူညီမှုများရရှိနေခြင်းဖြစ်သည်။ နိုင်ငံရေးပါတီများသည် စစ်အုပ်ချုပ် ရေးကာလနှစ်ပေါင်းများစွာအတွင်း ဖိနှိပ်ခံထားရပြီး မကြာသေးမီနှစ်များမှသာ ပွင့်လင်းစွာ လှုပ်ရှားခွင့်ရလာသောကြောင့် ကိုယ်စားလှယ်လောင်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များအား ပံ့ပိုးကူညီမှုသည် မဆိုစလောက်သာ ရှိသည်ဖြစ်သော်လည်း အရေးပါသည်။ နိုင်ငံရေးပါတီများ ပေါ်ပေါက်လာသည်မှာလည်း မကြာသေးသည်ဖြစ်သောကြောင့် နိုင်ငံရေးပါတီများကကျားမဆိုင်ရာရှုဒေါင့်ကို များသောအားဖြင့်ထည့်သွင်းစဉ်းစားခြင်းမပြုကြသကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များကလည်း သက်ဆိုင်ရာပါတီများ၏ မူဝါဒများကိုသာ လိုက်နာကြရသည်။ ထို့ကြောင့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ ကျားမကိစ္စ အပေါ် သံန္နိဋ္ဌာန်ရှိမှုအပါအဝင် ၎င်းတို့လွတ်လွတ်လပ်လပ်ရှိမှုသဘောနှင့် ပါတီ၏မူဝါဒများအတိုင်း လိုက်နာဆောင်ရွက်ရမှုတို့အကြားတွင် တင်းမာမှုရှိနေသည်ကို အထင်အရှားတွေ့ရသည်။ စစ်တမ်းတွင် ဖြေဆိုသော အမျိုးသမီးကိုယ်စားလှယ် ၉၁ % က အမျိုးသမီးများ၏ အကျိုးစီးပွားကို ကိုယ်စားပြုရမည်ဟု ခိုင်ခိုင်မာမာ ယူဆထားကြပြီး၊ ၇၁ % က ပါတီများ၏ ထောက်ခံမှုမပါပဲ ၎င်းတို့နှင့်ဆိုင်သော ကိစ္စများကို ဆောင်ရွက်ရန် လွတ်လပ်ခွင့်ရှိသည်ဟု ယူဆကြသည်။ အမျိုးသမီးကိုယ်စားလှယ် ၃၆ % က ပါတီမူဝါဒအရ ထောက်ခံအားပေးမှုမရှိပါက သီးသန့် ကိစ္စရပ်တစ်ခုခုကို ၎င်းတို့လုပ်ဆောင်နိုင်ခြင်းမရှိဟု ယူဆကြသည်။ မြန်မာနိုင်ငံတွင် ကျားမတန်းတူညီမျှရေး၊ အမျိုးသမီးများကို အခွင့်အာဏာအပ်နှင်းရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ အထူးသဖြင့် အမျိုးသမီးကိုယ် စားလှယ်များကို ပံ့ပိုးပေးမည့် မူဝါဒများကို ကူညီရေးဆွဲပေးရန်၊ ပါတီများတွင် ကျားမမျှတရေးအတွက်ရှိသင့်သည့် လမ်းစဉ်များရှိလာရေးအတွက် နိုင်ငံရေးပါတီများနှင့် လက်တွဲလုပ်ဆောင်ဖို့ အထူးလိုအပ်နေသည်။

***အမျိုးသမီးကိုယ်စားလှယ်များသည် အချင်းချင်းအကြားပုံမှန်ပူးပေါင်းဆောင်ရွက်လေ့မရှိပါ။*** လွှတ်တော် တွင် အမျိုးသမီးအချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်မှုသည် ပါတီချင်းတူသည့် အမျိုးသမီးကိုယ်စားလှယ်များတွင်သာ အများဆုံးဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ဖြေကြားသူအမျိုးသမီးများက တစ်ပါတီတည်းရှိ အမျိုးသမီးကိုယ်စားလှယ်များသည် ဥပဒေပြုရေးတွင် စည်းရုံးမှုများပြုလုပ်ရန် အများဆုံး ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်ဟုဆိုသည်။ အမျိုးသမီးကိုယ်စားလှယ် ၅၁% က သူတို့နှင့် တစ်ပါတီတည်းရှိ အခြားသော အမျိုးသမီးကိုယ်စားလှယ်များနှင့် "အကြိမ်များစွာ" သို့မဟုတ် "တော်သင့်ရုံပမာဏ" ပူးပေါင်းဆောင်ရွက်ခဲ့ရသည်ဟုဆိုသည်။ ၄၇% က အခြားပါတီများ၏ အမျိုးသမီးကိုယ်စားလှယ်များနှင့်လည်း ရေးရာကော်မတီသုတေသနလုပ်ငန်းများတွင် လက်တွဲအလုပ်လုပ်ခဲ့ သည်ဟုဆိုသည်။ ၄၂% မှာမူ ဥပဒေပြုရေးအပိုင်းတွင် လိုအပ်သည့် သုတေသနပြုလုပ်ရန် ပူးတွဲဆောင်ရွက်ခဲ့ကြသည်ဟုဆိုသည်။ ရေးရာကော်မတီ၏ လုပ်ငန်းတာဝန်ချထားပေးမှုသည် မတူညီသည့်

[93] အမျိုးသမီးကိုယ်စားလှယ် ၁၄ ဦးမြောက်က မေးခွန်းအမှတ် ၄၁ ကိုဖြေကြားချက်

ပါတီနှစ်ခုရှိအမျိုးသမီးကိုယ်စားလှယ်များအကြားပူးပေါင်းဆောင်ရွက်နိုင်သည့်အခွင့်အလမ်းကိုဖြစ်ပေါ် စေခဲ့သည်။ကော်မတီပြင်ပကိစ္စများတွင် မတူ သောပါတီများကြား ပူးပေါင်းဆောင်ရွက်မှုအနည်းအကျဉ်းသာရှိသည်။ ယင်းကဲ့သို့အခြေအနေမျိုးတွင် မတူညီသည့် ပါတီများမှ အမျိုးသမီး ကိုယ်စားလှယ်အကြား လက်တွဲအလုပ်လုပ်နိုင်သည့် အခွင့်အလမ်းများ၊ အထူးသဖြင့် ပါတီများကြားပူးပေါင်းလုပ်ဆောင်မှုများပြား လာခြင်းသည် ပညာရပ်ဆိုင်ရာ ပံ့ပိုးမှုကွန်ရက်ဖွံ့ဖြိုးလာစေရန်နှင့် ဘုံအကျိုးစီးပွားများကို ဖော်ဆောင်နိုင်မည့် စုပေါင်းစွမ်းအား ဖြစ်ထွန်းလာ စေရန် အတွက်လည်း အထောက်အကူဖြစ်စေပါသည်။

> "အမျိုးသမီးများသည် တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်ရမည်။ ဆုံးဖြတ်ချက်ချမှတ်သောလုပ်ငန်းစဉ်တွင် အမျိုးသမီးများ ပါဝင် သင့်တယ်။ ငါတို့လုပ်နိုင်သည်ဟု ယုံကြည်ဖို့လိုသည်။"[94]

[94] အမျိုးသမီးကိုယ်စားလှယ် ၁၄ ဦးမြောက်နှင့် တွေ့ဆုံမေးမြန်းမှု

## နောက်ဆက်တွဲ ၁။ ပြည်ထောင်စုအဆင့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ ကော်မတီ အဖွဲ့ဝင်ဖြစ်မှု (၂၀၁၁-၂၀၁၆)

### အမျိုးသားလွှတ်တော်

| စဉ် | နာမည် | ပါတီ | ကော်မတီ | ရာထူး |
|---|---|---|---|---|
| ၁ | ဒေါ်ခင်ဝိုင်းကြည် | NDF | ပညာရေး၊ကျန်းမာရေး၊အမျိုးသမီးနှင့်ကလေးသူငယ် ဆိုင်ရာကော်မတီ | ဥက္ကဌ |
| ၂ | ဒေါ်နန်းနီနီအေး | USDP | လွှတ်တော်အခွင့်အရေးကော်မတီ | အတွင်းရေးမှူး |
| ၃ | ဒေါ်ရီရီမြင့် | USDP | ၁။ ပြည်သူ့ငွေစာရင်းကော်မတီ<br>၂။ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာ ကော်မတီ | အတွင်းရေးမှူး<br>အတွင်းရေးမှူး |
| ၄ | ဒေါ်နော်မေးရီယံ | USDP | အစိုးရ၏အာမခံချက်များ၊ကတိကဝတ်များနှင့် တာဝန်ခံ ချက်များ စိစစ်ရေးကော်မတီ | အဖွဲ့ဝင် |

အရင်းအမြစ်။ အမျိုးသားလွှတ်တော်ရုံး(ဇန်နဝါရီလ ၂၀၁၇ ခုနှစ်)

### ပြည်သူ့လွှတ်တော်

| စဉ် | နာမည် | ပါတီ | ကော်မတီ | ရာထူး |
|---|---|---|---|---|
| ၁ | ဒေါ်အောင်ဆန်းစုကြည် | NLD | တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ | ဥက္ကဌ |
| ၂ | ဒေါ်တင်တင်ရီ | NLD | တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ | အဖွဲ့ဝင် |
| ၃ | ဒေါ်စန္ဒာမင်း | NLD | ၁။ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုး တိုးတက်ရေး ကော်မတီ<br>၂။ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ | အဖွဲ့ဝင်<br>အဖွဲ့ဝင် |
| ၄ | ဒေါ်ခင်စောဝေ | RNDP | ၁။ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်း ရေးကော်မတီ<br>၂။အစိုးရ၏အာမခံချက်များ၊ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ | အဖွဲ့ဝင်<br>အဖွဲ့ဝင် |
| ၅ | ဒေါ်ဒွဲဘူ | UDPKS | ၁။ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ် အေးချမ်းရေး ကော်မတီ<br>၂။ တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှု ဘဝမြှင့်တင်ရေးနှင့် ပြည်တွင်း ငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီ | အဖွဲ့ဝင်<br>အတွင်းရေးမှူး |
| ၆ | ဒေါ်မိယဉ်ချမ်း | USDP | ၁။ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ် အေးချမ်းရေး ကော်မတီ<br>၂။ ပြည်သူ့ငွေစာရင်းကော်မတီ | အဖွဲ့ဝင်<br>အဖွဲ့ဝင် |
| ၇ | ဒေါ်လှဲ့လှဲ့ဝင်းဆွေ | USDP | ၁။ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ<br>၂။ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ | အဖွဲ့ဝင်<br>အဖွဲ့ဝင် |
| ၈ | ဒေါ်ဇာတလဲမ်း | CNP | လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ | အဖွဲ့ဝင် |
| ၉ | ဒေါ်ခင်သန်းမြင့် | USDP | လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ | အဖွဲ့ဝင် |
| ၁၀ | ဒေါ်နန်းစေးအွာ | PSDP | လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ | အဖွဲ့ဝင် |
| ၁၁ | ဒေါက်တာမေဝင်းမြင့် | NLD | လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ | အဖွဲ့ဝင် |
| ၁၂ | ဒေါက်တာဒေါ်အေးမြင့် | USDP | လူဦးရေနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ | အဖွဲ့ဝင် |
| ၁၃ | ဒေါ်ခင်ငွေးကြွယ် | NLD | ဥပဒေကြမ်းကော်မတီ | အဖွဲ့ဝင် |
| ၁၄ | ဒေါ်နန်းဝါန | SNDP | ၁။ ဥပဒေကြမ်းကော်မတီ<br>၂။ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် | အဖွဲ့ဝင်<br>အဖွဲ့ဝင် |

| | | | | |
|---|---|---|---|---|
| ၁၅ | ဒေါ်မိမြင့်သန်း | All Mon Regios Democracy Party | ၁။ လွှတ်တော်အခွင့်အရေးကော်မတီ<br>၂။ တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှု ဘဝမြှင့်တင်ရေးနှင့် ပြည်တွင်း ငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီ | အဖွဲ့ဝင်<br>အဖွဲ့ဝင် |
| ၁၆ | ဒေါ်နန်းနွံ | USDP | လွှတ်တော်အခွင့်အရေးကော်မတီ | အဖွဲ့ဝင် |
| ၁၇ | ဒေါ်တင်နွယ်ဦး | NDF | ပြည်သူ့ငွေစာရင်းကော်မတီ | အဖွဲ့ဝင် |
| ၁၈ | ဒေါ်စုစုလွင် | NLD | နိုင်ငံတကာဆက်ဆံရေးကော်မတီ | အဖွဲ့ဝင် |
| ၁၉ | ဒေါ်ခင်သန္တာ | NLD | အစိုးရ၏အာမခံချက်များ၊ကတိများနှင့် တာ ဝန်ခံချက်များ စိစစ်ရေးကော်မတီ | အဖွဲ့ဝင် |
| ၂၀ | ဒေါ်ခင်မွှေးလွင် | NLD | အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်ကောက်ဆိုင်ရာ စိစစ်ညှိနှိုင်းရေးကော်မတီ | အဖွဲ့ဝင် |
| ၂၁ | ဒေါ်ဖြူဖြူသင်း | NLD | ၁။ အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်ကောက်ဆိုင်ရာ စိစစ်ညှိနှိုင်းရေးကော်မတီ ဘဏ္ဍာငွေဖွံ့ဖြိုးတိုးတက်ရေးကော်မတီ<br>၂။ ပြုပြင်ပြောင်းလဲရေးနှင့်ခေတ်မီဖွံ့ဖြိုးတိုးတက်မှုစိစစ် ရေးကော်မတီ | အဖွဲ့ဝင်<br>အဖွဲ့ဝင် |
| ၂၂ | ဒေါ်ခင်စန်းလှိုင် | NLD | ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ | အဖွဲ့ဝင် |
| ၂၃ | ဒေါ်မြင့်မြင့်စန်း | NLD | တောင်သူလယ်သမား၊အလုပ်သမားနှင့် လူငယ်ရေးရာ ကော်မတီ | အဖွဲ့ဝင် |
| ၂၄ | ဒေါက်တာဒေါ်သန်းငွေ | NLD | ကျန်းမာရေးမြှင့်တင်မှုကော်မတီ | အဖွဲ့ဝင် |

အရင်းအမြစ်။ ပြည်သူ့လွှတ်တော်ရုံး (ဇန်နဝါရီလ၊ ၂၀၁၇ ခုနှစ်)

## နောက်ဆက်တွဲ ၂။ ပြည်ထောင်စုအဆင့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ ကော်မတီအဖွဲ့ဝင်ဖြစ်မှု (၂၀၁၆-၂၀၂၁)

### အမျိုးသားလွှတ်တော်

| စဉ် | အမည် | ပါတီ | ကော်မတီ | ရာထူး |
|---|---|---|---|---|
| ၁ | ဒေါ်ရှီလာနန်တောင် (ခေါ်)<br>အမ်နန်တောင် | NLD | တိုင်းရင်းသားရေးရာကော်မတီ | ဥက္ကဋ္ဌ |
| ၂ | ဒေါ်နော်မြစေး | NLD | ပညာရေးမြှင့်တင်မှုကော်မတီ | ဥက္ကဋ္ဌ |
| ၃ | ဒေါ်နော်လှလှစိုး | NLD | ၁။အမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ<br>၂။ ပြည်သူ့ငွေစာရင်းကော်မတီ | အတွင်းရေးမှူး<br>အဖွဲ့ဝင် |
| ၄ | ဒေါ်ထုမေ | Arakan National Party | ၁။နိုင်ငံတကာဆက်ဆံရေး၊လွှတ်တော်ချင်းချစ်ကြည်<br>ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ<br>၂။ ပြည်သူ့ငွေစာရင်းကော်မတီ | အတွင်းရေးမှူး<br>အဖွဲ့ဝင် |
| ၅ | ဒေါ်နန်းနီနီအေး | USDP | ၁.ဥပဒေကြမ်းကော်မတီ<br>၂.ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ | အဖွဲ့ဝင်<br>အဖွဲ့ဝင် |
| ၆ | ဒေါ်ကျိန်ငိုက်မန် | Zomi Congress for Democracy | ဥပဒေကြမ်းကော်မတီ | အဖွဲ့ဝင် |
| ၇ | ဒေါ်နွယ်နွယ်အောင် | NLD | ဥပဒေကြမ်းကော်မတီ | အဖွဲ့ဝင် |
| ၈ | ဒေါ်လှဌေး (ခေါ်)<br>ဒေါ်အုန်းကြည် | NLD | ဥပဒေကြမ်းကော်မတီ | အဖွဲ့ဝင် |
